# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ ကဆုန်လကွယ် ၊ ကြာသပတေးနေ့ ၊ (6-6-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၃၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး၊ အရင်း ပေးဆပ်ရန် ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာ

စာမျက်နှာ - ၁၈

မေလအတွင်း ပြောင်းတင်ပို့မှု လျာထားချက်ထက် ပြည့်မီကျော်လွန်

စာမျက်နှာ - ၁၈

မန္တလေးတိုင်း ဒေသကြီးတွင် အသေးစား စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ၁၀ ကြိမ် ဖွင့်လှစ်ပေးထား

စာမျက်နှာ - ၂

### ထူးခြားသည့် နေ့အပူချိန်များ

(၅-၆-၂၀၂၄)

| | |
|---|---|
| ပခုက္ကူ | ၄၀ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၉ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၉ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၉ ဒသမ ၂ ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၇ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ် |

## ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဇွန် ၅**

၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁ သို့




ရတနာပုံ
၂၀၂၄ ခုနှစ် ဇွန် ၆ ရက်
အယ်ဒီတာ့အာဘော်

# ကျောင်းနေအရွယ်ကလေးများ အဆင်ပြေချောမွေ့စွာပညာသင်ယူနိုင်ရေး

နိုင်ငံတစ်နိုင်ငံ၏အနာဂတ်သည် မျိုးဆက်သစ်များ၏ ပညာတတ်မြောက်မှုအဆင့်အတန်းပေါ်တွင် များစွာတည်မှီနေပေသည်။ ထို့ကြောင့် မိမိတို့နိုင်ငံသည်လည်း မျိုးဆက်သစ်များ၊ ပညာရည်မြင့်မားရေးအတွက် ရေတိုရေရှည်စီမံကိန်းများချမှတ်ကာ အမျိုးသားရေးအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ်ကလေးများ အဆင်ပြေချောမွေ့စွာပညာသင်ယူနိုင်ရေး အနည်းဆုံးအလယ်တန်း(KG+9)ပြီးမြောက်သည်အထိ အခမဲ့ပညာရေးအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံမှုနှုန်းသိသာစွာမြင့်တက်လာခဲ့သည်။ ကျောင်းနေမှုနှုန်းမြင့်တက်လာသည်နှင့်အမျှ စာတတ်မြောက်မှုနှုန်းလည်း သိသာထင်ရှားစွာမြင့်တက်လာမည်ဖြစ်ပေသည်။ နိုင်ငံတစ်ဝန်း၌ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့်ကိုယ်ပိုင်ကျောင်းများတွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံသူကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၅၃၆၇၁၃ ဦး လာရောက်အပ်နှံကာ အေးချမ်းစွာပညာသင်ကြားလျက်ရှိသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေးအစီစဉ်တွင် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးအပါအဝင် မည်သည့်အခကြေးငွေကိုမျှ ကောက်ခံသွားမည်မဟုတ်ပေ။ ထို့ပြင် သူငယ်တန်း(KG)သင်ရိုးသစ်တန်းကိုလည်း ပြဋ္ဌာန်းချက်စာအုပ်၊ သင်္ချာအခြေခံ၊ ပုံဆွဲခြင်းနှင့်ဆေးခြယ်ခြင်း၊ သင်ယူမှုမှတ်တမ်း၊ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးလေ့ကျင့်ကြမည့် စာအုပ်၊ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံများကို နိုင်ငံတော်ကပံ့ပိုးပေးခဲ့သည်။

ထို့ပြင် ပထမတန်း(Grade 1)သင်ရိုးသစ်တန်းမှ ပဉ္စမတန်း(Grade 5)သင်ရိုးသစ်တန်းထိ လိုအပ်သော ပြဋ္ဌာန်းချက်စာအုပ်များနှင့်ခဲတံများ၊ ဗလာစာအုပ်ဖြင့် ကျောင်းဝတ်စုံတစ်စုံစီ အခမဲ့ပံ့ပိုးပေးသွားမည်ဖြစ်ပြီး ဆဋ္ဌမတန်း(Grade 6)သင်ရိုးသစ်တန်းမှ ဒွါဒသမတန်း(Grade 12)သင်ရိုးသစ်တန်းကိုလည်း ပြဋ္ဌာန်းချက်စာအုပ်များနှင့် ဗလာစာအုပ်၊ ဘောပင်၊ ခဲတံများကို နိုင်ငံတော်က ပံ့ပိုးပေးခဲ့သည်။

ကျောင်းသား၊ ကျောင်းသူလူငယ်များကို အရည်အချင်းပြည့်ဝသူများဖြစ်စေရန် ပညာသင်ကြားပေးရန်မှာ ဆရာ၊ ဆရာမများ၏ တာဝန်ပင်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့်လည်း ကိုယ်စီတာဝန်ကျေပွန်ကြရမည်ဖြစ်သည်။ သားသမီးများပညာတတ်မြောက်စေရန် မိဘများက အချိန်၊ ငွေကြေးများရင်းနှီးမြှုပ်နှံထားကြရသည်။ သားသမီးများကလည်း တစ်နှစ်တစ်တန်းပညာသင်ယူပြီးမြောက်ရန် ကြိုးစားကြရမည်ဖြစ်သည်။ ပညာတတ်လျှင် ဘဝတစ်ခုအဆင့်မြင့်မားရေးအတွက် အထောက်အပံ့ကောင်းတစ်ခုဖြစ်ပေမည်။ မိမိနှင့် မိမိမိသားစုဘဝ၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံတော်အတွက် အကျိုးပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာရပ်များမှသည် အဆင့်မြင့်ပညာရပ်များထိ ပညာသင်ယူခွင့်မဆုံးရှုံးစေရေး နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ မိဘဆရာများအနေဖြင့်လည်း ကျောင်းနေအရွယ်ကလေးများကို အဆင်ပြေချောမွေ့စွာပညာသင်ယူနိုင်ရေး ဝိုင်းဝန်းအားပေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးတွင် အသေးစားစီးပွားရေးလုပ်ငန်းများထူထောင်နိုင်ရန် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ၁၀ ကြိမ်ဖွင့်လှစ်ပေးထား



**မန္တလေး ဇွန် ၅**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများထူထောင်နိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ၁၀ ကြိမ် ဖွင့်လှစ်သင်ကြားပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

အဆိုပါ သင်တန်းများဖွင့်လှစ်သင်ကြားပေးရခြင်းသည် ကျေးလက်နေပြည်သူများ၊ လူငယ်၊ လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးကို ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ အဆိုပါသင်တန်းများကို ယခုဘဏ္ဍာနှစ်တွင် ၃၄ ကြိမ်ဖွင့်လှစ်ရန်လျာထားပြီး ဧပြီလမှစ၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေရာ ယနေ့ထိ သင်တန်းပေါင်း ၁၀ ကြိမ် ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

"သင်တန်းတွေကိုတော့ ဌာနကနေပေးတဲ့ သင်တန်းရှိသလို မိတ်ဖက်ဌာနတွေနဲ့လဲ ဖွင့်လှစ်တာရှိတယ်။ လက်ရှိမှာတော့ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း ၁၀ ကြိမ်ဖွင့်လှစ်ပေးထားပါတယ်။ သင်တန်းဖွင့်လှစ်ပေးတဲ့ အမျိုးအစားအလိုက် သင်တန်းကာလတွေကတော့ မတူကြပါဘူး။ သင်တန်းဆင်းသွားသူတွေက မိမိတို့ဒေသမှာ တစ်နိုင်တစ်ပိုင်လုပ်ငန်းတွေ ဆက်လက်လုပ်ဆောင်နေကြတာကို တွေ့ရပါတယ်။ သင်တန်းတွေကို မြို့ပေါ်နဲ့ ကျေးလက်နေပြည်သူတွေအတွက် သင်ကြားပေးနေတာပါ။ အဲဒီလို သင်ကြားပေးတဲ့အတွက် ကျေးလက်နေပြည်သူတွေလဲ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိစေပြီး ထုတ်ကုန်တွေ ထုတ်လုပ်ရောင်းချနိုင်တာကြောင့် ဝင်ငွေတွေလဲ တိုးတက်လာနေပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြသည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ သင်ကြားပေးရာတွင် လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်နည်းသင်တန်း၊ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်း၊ လျှပ်စစ်သံဂဟေဆက်သင်တန်း၊ အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း၊ လျှပ်စစ်စက်ချုပ်သင်တန်း၊ အခြေခံစက်ချုပ်သင်တန်း စသည့်သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချပေးထားကြောင်း သိရသည်။ (၁၈၅)

# မတ္တရာမြို့နယ်တွင် ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် စိန်ပန်းကုန်းကျေးရွာသို့ ပြည်တွင်းခရီးသွားဝင်ရောက်လည်ပတ်မှုများပြားလျက်ရှိ

**မန္တလေး ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်တွင် ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ စိန်ပန်းကုန်းကျေးရွာသို့ ပြည်တွင်းခရီးသွားဝင်ရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ ခရီးသွားများစိတ်ဝင်စားမှုရှိသည့်ကျေးရွာထဲတွင် စိန်ပန်းကုန်း ကျေးရွာလည်းပါဝင်ကြောင်း၊ အဆိုပါကျေးရွာ၌ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်း၊ ဆေးပေါ့လိပ်လုပ်ငန်းနှင့်ဖိနပ်လုပ်ငန်းများအပါအဝင် မြန်မာ့လက်မှုပညာဖြင့် ဖန်တီးပုံဖော်ထားသော ပစ္စည်းများကို ခရီးသွားများစိတ်ဝင်စားမှုများရှိကြောင်း သိရသည်။

"ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ဖို့အတွက် ၂၀၁၄ ခုနှစ်ကနေစပြီးတော့ သားငှက်ထိန်းသိမ်းရေးအဖွဲ့(WCS)နဲ့ ငါးလုပ်ငန်းဦးစီးဌာန၊ ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ လုပ်ငန်းဖော်ဆောင်ထားတဲ့ ကျေးရွာတွေကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာ ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေစွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဥ့်ကူးမြို့နယ်အတွင်းမှာ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာနဲ့ ရှိမ်းမကားကျေးရွာပဲဖြစ်ပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

အဆိုပါ ကျေးရွာများထဲတွင် စိန်ပန်းကုန်းကျေးရွာသို့ဝင်ရောက်လည်ပတ်သည့်ပြည်တွင်းခရီးသွားများအနေဖြင့် မေလနောက်ဆုံးပတ်က တစ်ရက်လျှင် ခရီးသွားဦးရေ ၁၅၀ ကျော်သာ လာရောက်လည်ပတ်ခဲ့ကြသော်လည်း ယခု ဇွန်လ ပထမပတ်မှစ၍ ပြည်တွင်းခရီးသွားဦးရေ ၃၀၀ ကျော်ထိလာရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်အတွင်း နောင်ချိုဘက်မှထွက်ရှိသည့် အာလူးများ အရောင်းအဝယ်ကောင်းလာ

**မန္တလေး ဇွန် ၅**

မန္တလေး ဈေးကွက်အတွင်း နောင်ချိုဘက်မှ ထွက်ရှိလာသည့် အာလူးများ အရောင်းအဝယ်ကောင်းမွန်လာကြောင်း အောင်ကြက်သွန်နှင့်အာလူးပွဲရုံ ပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း ပခုက္ကူ၊ ရေဦးနှင့်နောင်ချိုဘက်မှ ထွက်ရှိသည့် အာလူးများဝင်ရောက်လာပြီး နောင်ချိုဘက်မှထွက်ရှိသည့်အာလူးများ အရောင်းအဝယ် ကောင်းမွန်လာကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်အတွင်း ပခုက္ကူနဲ့ ရေဦးဘက်ကထွက်တဲ့ အာလူးတွေ လက်ကျန်တော်တော်လေးများနေပြီး နောင်ချိုဘက်က ထွက်တဲ့အာလူးတွေ လက်ကျန်ရှားလာတာကြောင့် အခုလတ်တလော အာလူးဈေးကွက်က အရောင်းအဝယ် ကောင်းလာပါတယ်။ ပြည်တွင်းကထွက်ရှိတဲ့အာလူးတွေ ဒီထက်အရောင်းအဝယ်ပိုကောင်းမွန်လာနိုင်ပါတယ်"ဟု အောင်ကြက်သွန်နှင့်အာလူးပွဲရုံ ပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း နောင်ချိုဘက်မှထွက်ရှိသည့် အာလူးဈေးနှုန်းများမှာ ယနေ့ပေါက်ဈေးအရ အာလူးတစ်ပိဿာလျှင် ငွေကျပ် ၃,၂၀၀ ခန့်ထိ ဈေးရှိကြောင်း ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့.-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မြင်းခြံမြို့နယ် ကံသာအေးကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**မြင်းခြံ ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း မူလရန်ပုံငွေဖြင့် သဲဖြူဝကျေးရွာအုပ်စု ကံသာအေးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဝင်း၊ မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်သက်သက်နွယ်နှင့် ဝန်ထမ်းများက သဲဖြူဝကျေးရွာအုပ်စု ကံသာအေးကျေးရွာ၌ အရှည်ပေ ၃၂၀၀ ရှိ ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ရေမီတာတပ်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမျိုးဝင်းက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကံသာအေးကျေးရွာတွင် ရေရရှိရေးလုပ်ငန်းများကို ပြည်ထောင်စုငွေလုံးငွေရင်း မူလရန်ပုံငွေကျပ် ၁၆ ဒသမ ၁၃၅ သန်းဖြင့် မြင်းခြံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုနှစ်မေလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကံသာအေးကျေးရွာရှိ အိမ်ခြေ ၆၀၊ လူဦးရေ ၃၁၀ အတွက် သောက်သုံးရေများ ဖူလုံစွာရရှိနိုင်မည်ဖြစ်ကြောင်း မြင်းခြံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဝင်းထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**




မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ နန်းရှေ့ ၆၃ လမ်း၊ ၁၇ လမ်းနှင့် ၁၈ လမ်းကြားနေ ဦးဇော်ဇော်အောင်-ဒေါ်ဝေဝေလွင်၊ မောင်ဟိန်းခန့်ဇော်၊ မောင်ပြည့်ဘုန်းထက် မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၃၈၅၁၀ စိုက်ပျိုးမည်



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၃၈၅၁၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၃ ခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက ကသာမြို့နယ်တွင် မိုးစပါး ၃၈၄၉၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကသာမြို့နယ်တွင် မိုးစပါးဧက ၃၈၅၁၀ စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ကသာမြို့နယ်အတွင်း မိုးစပါးဧက ၃၈၅၁၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ စပါးဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာ၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးတာ၊ သီးနှံတွေပျက်စီးဆုံးရှုံးမှု မရှိစေဖို့ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီ ရောက်ရှိဖို့ အသိပညာပေးတာတွေ ဆောင်ရွက်သွားမယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးများ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကသာမြို့နယ်တွင် မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လ ဒုတိယပတ်မှ စက်တင်ဘာလထိစိုက်ပျိုးသွားမည်ဖြစ်ပြီး မိုးစပါးစိုက်ပျိုးရာတွင် ဆင်းဧကရီ (၃)၊ ရောမင်း၊ လုံးသွယ်မွှေးနှင့်ဒေသမျိုးများကို စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် မိုးစပါးစိုက်မည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် ပညာပေးခြင်း၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပညာပေးခြင်း၊ သီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားဖြစ်မျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ဝါတွင်းကာလဓမ္မရံသီမိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်းများ ဖွင့်လှစ်မည်

**မန္တလေး ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စာတိုးကျေးရွာရှိ ဓမ္မရံသီမိုးကုတ်ရိပ်သာကျောင်းတိုက်၌ ယခုနှစ် ဝါတွင်းကာလ ဓမ္မရံသီမိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းများကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဓမ္မရံသီ မိုးကုတ်ရိပ်သာကျောင်းတိုက် နာယကဆရာတော်အရှင်တိက္ခထံမှ သိရသည်။

ဓမ္မရံသီမိုးကုတ်ဝိပဿနာ ၁၀ ရက်တရားစခန်းများတွင် ၉၄ ကြိမ်မြောက်အဖြစ် ဇွန် ၁၇ ရက်မှ ဇွန် ၂၆ ရက်ထိလည်းကောင်း၊ ၉၅ ကြိမ်မြောက်အဖြစ် ဇူလိုင် ၁၆ ရက်မှ ဇူလိုင် ၂၅ ရက်ထိလည်းကောင်း၊ ၉၆ ကြိမ်မြောက်အဖြစ် ဩဂုတ်၁၅ ရက်မှ ဩဂုတ် ၂၄ ရက်ထိလည်းကောင်း၊ ၉၇ ကြိမ်မြောက်အဖြစ် စက်တင်ဘာ ၁၃ ရက်မှစက်တင်ဘာ ၂၂ ရက်ထိ လည်းကောင်း၊ ၉၈ ကြိမ်မြောက်အဖြစ် အောက်တိုဘာ ၁၃ ရက်မှ အောက်တိုဘာ ၂၂ ရက်ထိလည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဦးပဥ္စင်းတို့ နှစ်စဉ်ဝါတွင်းကာလမှာ ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ဒီနှစ်မှာလဲ ၉၄ ကြိမ်မြောက်အဖြစ် ကနေစပြီး ဖွင့်မှာပါ။ ရဟန်း၊ သံဃာ၊ သီလရှင်နဲ့ လူပုဂ္ဂိုလ် ဘယ်သူမဆို တရားစခန်း ဝင်ရောက်နိုင်ပါတယ်။ တရားစခန်းမဖွင့်ခင် တစ်ပတ်အလိုမှာ စာရင်းပေးသွင်းနိုင်ပြီး တရားစခန်းမဖွင့်ခင် တစ်ရက်အလို အရောက်လာရပါမယ်"ဟုဆရာတော်အရှင်တိက္ခက မြွက်ကြားသည်။

အဆိုပါတရားစခန်း ဝင်ရောက်လိုသူများအနေဖြင့် စာတိုးကျေးရွာ ဓမ္မရံသီ မိုးကုတ်ရိပ်သာကျောင်းတိုက်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း ၀၉-၇၉၃၀၃၀၄၄၄၊ ၀၉-၄၃၀၅၈၈၃၅ သို့ဖြစ်စေ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (၁၅၂)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ယုဝေက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်းက မိကျောင်းကွမ်းဖတ် ပိဿာချိန် ၆၆၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သော မေ ၁ ရက်မှ ၃၁ ရက်ထိ မိကျောင်းကွမ်းဖတ် ပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မိကျောင်းကွမ်းဖတ်တွေကို ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ မေလအတွင်း မိကျောင်းကွမ်းဖတ် ပိဿာချိန် ၈၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ကနေ တစ်ဆင့် ပြည်ပဈေးကွက်ကို တင်ပို့ရောင်းချတာလို့သိရတယ်။ တင်ပို့အား တက်လာတော့ စိုက်တဲ့သူတွေလဲ အဆင်ပြေနေပါတယ်။ ပြည်ပဈေးကွက်ဝယ်ယူမှုကောင်းလာတာကြောင့် တင်ပို့ရောင်းချအားပါ တက်လာတာပါ။ မိကျောင်းကွမ်းဖတ်လုပ်ငန်းက ဘိုကလေးဘက်မှာ အရင်ကထက်လုပ်ကိုင်သူတွေ ပိုများလာပါတယ်"ဟု ဘိုကလေးမြို့နယ်မှ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ယုဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် မိကျောင်းကွမ်းဖတ်များကို ပင်လယ်ကမ်းစပ်နှင့်နီးသည့် ကျေးရွာများ၌ အများဆုံးစိုက်ပျိုးကြပြီး မိကျောင်းကွမ်းဖတ်သည် စိုက်ပျိုးပြီးချိန်မှစတင်၍ လိုအပ်သောပိုးသတ်ဆေး၊ မှိုသတ်ဆေးများဖျန်းပေးရကာ လိုအပ်ပါက ရေတင်ပေးရကြောင်း၊ အဆိုပါ မိကျောင်းကွမ်းဖတ် တစ်ဧကလျှင် ပျမ်းမျှ အထွက်နှုန်း ၁၇ တင်းမှ ၂၄ တင်းထိ ထွက်ရှိကြောင်း ဘိုကလေးမြို့နယ်မှ လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်ယုဝေက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဝက်မစွတ်နဝဒေး၏စာပေများ(၅)

**ပိုလ်ရှိတ်(ရတနာပူရ)**

**ရခိုင်နိုင်မော်ကွန်း**

ရခိုင်နိုင်မော်ကွန်းသည် ဘကြီးတော်စစ်ကိုင်းမင်း လက်ထက်၌ ရေးသားခဲ့သောမော်ကွန်းဖြစ်သည်။ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်တွင် ပထမဆုံးရေးခဲ့သော မော်ကွန်းလည်းဖြစ်သည်။ ရခိုင်နိုင်မော်ကွန်းသည် "ပွင့်လောပြည်ဦး"ဟူသော စကားဖြင့်အစချီထားသည်။ စာကိုယ်ပိုဒ်ရေ ၃၇ ပိုဒ်ရှိပြီး နိဂုံးမှာ သုံးပိုဒ်ပါရှိသည်။

ရခိုင်နိုင်မော်ကွန်းကို သက္ကရာဇ် ၁၁၈၃ ခုနှစ်တွင် ရေးသားစပ်ဆိုပြီးစီးခဲ့သည်ဟုသိရသည်။ မော်ကွန်း၌ ရခိုင်နိုင်မော်ကွန်း ရေးသားစပ်ဆိုပြီးစီးသည့်နှစ်ကို တိုက်ရိုက်ဖော်ပြမထားပေ။ ရခိုင်နိုင်မော်ကွန်းနိဂုံးပိုဒ်ရေ တစ်၌-

"မင်္ဂလာမဏ္ဍိုင်၊ ရွှေရိပ်မြိုင်ထက်
ရန်နိုင်ငါးဆင့်၊ ဘုရားပွင့်သား
ရှင်ပင့်ရာရိုက်၊ မဇ္ဈေတိုက်သို့
ကျိုက်ကျိုက်ဝှန်နန့်၊ မိန့်တော်ခန့်မှ
ပတ်ဖြန့်ထိန့်ဆူ၊ စေတော်မူရှင့်
အလျှုတော်နှစ်၊ ရှစ်ဆဲ့သုံးခု
ရတုပြာသို၊ နှယ်ညိုညွှန့်လန်း
ဖုသျှဆန်းတွင်၊ ရှိပန်းပုံ့ကြိုင်
လျှောက်ပြီးပိုင်သည်၊ ရခိုင်လေးမြို့အောင်ပွဲတည်း"
ဟူ၍ စပ်ဆိုထားသည်ကိုတွေ့ရသည်။

မော်ကွန်း၏ဆိုလိုရင်းမှာ ဘကြီးတော်စစ်ကိုင်းမင်း နန်းတက်ပြီး နှစ်နှစ်ခန့်အကြာ သက္ကရာဇ် ၁၁၈၃ ခုနှစ်တွင် မဇ္ဈိမဒေသမဟာဗောဓိသို့ အလှူတော်အတင် စေလွှတ်ခဲ့သည်။ မဇ္ဈိမဒေသသို့သွားရသူတို့မှာ ပုဏ္ဏားပုရောဟိတ်မဟာရာဇိန္ဒအဂ္ဂမဟာဓမ္မရာဇဂုရု၊ မြေနန့်ဝန်မဟာမင်းလှသာဂသူ၊ အဆောင်တော်မြဲစုရေးစုကိုင်တို့နှင့် သူရဲငါးရာကျော်တို့ဖြစ်သည်။ မဇ္ဈိမဒေသသို့သွားသည့်လမှာ နတ်တော်လဖြစ်သည်။ ထိုအဖွဲ့ မဇ္ဈိမဒေသသို့သွားပြီး ပြာသိုလတွင် ရခိုင်နိုင်မော်ကွန်းကို ရေးသားစပ်ဆိုပြီးသည်ဟု ဆိုလိုရင်းဖြစ်သည်။ ထို့ကြောင့် ရခိုင်နိုင်မော်ကွန်းရေးသားသည့်နှစ်မှာ သက္ကရာဇ် ၁၁၈၃ ခုနှစ် ပြာသိုလဟုသိရသည်။

ဤတွင် သတိပြုရမည့်အချက်မှာ နဝဒေးသည် ဤမော်ကွန်းကို ရခိုင်ကိုနိုင်ပြီးစအချိန်တွင် ရေးဖွဲ့ခဲ့ခြင်းမဟုတ်ကြောင်းပင်ဖြစ်သည်။ မော်ကွန်းတွင်ရေးဖွဲ့ထားသည့်အကြောင်းအရာသည် ဘိုးတော်ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၄၆ ခုနှစ် ပြာသိုလတွင် သားတော်အိမ်ရှေ့မင်းက ရခိုင်ကိုသွားရောက်သိမ်းပိုက်ခဲ့သည်။ ရခိုင်ကိုနိုင်ခဲ့သည်မှာ သက္ကရာဇ် ၁၁၄၆ ခုနှစ်ကတည်းကဖြစ်သည်။ ရခိုင်နိုင်မော်ကွန်းရေးဖွဲ့ချိန်သည် သက္ကရာဇ် ၁၁၈၃ ခုနှစ်ဖြစ်သည်။ ရခိုင်ကိုနိုင်ပြီး ၃၇ နှစ်ကြာမှ မော်ကွန်းကိုရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။

**မော်ကွန်းရေးဖွဲ့ရသည့်အကြောင်း**

သက္ကရာဇ် ၁၁၄၆ ခုနှစ်က ရခိုင်ကိုနိုင်ခဲ့သည့်အကြောင်းကို သက္ကရာဇ် ၁၁၈၃ ခုနှစ်မှ ရေးဖွဲ့ခဲ့ရခြင်းမှာ အကြောင်းရှိသည်။ ထိုအကြောင်းမှာ ဘကြီးတော်စစ်ကိုင်းမင်းက ရေးဖွဲ့ခိုင်းခြင်းကြောင့်ဖြစ်သည်။ ရခိုင်ကိုသွားရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့သူ ရခိုင်နိုင်အိမ်ရှေ့မင်းကြီးသည် ဘကြီးတော်စစ်ကိုင်းမင်း၏ ခမည်းတော်ဖြစ်သည်။ ဘကြီးတော်စစ်ကိုင်းမင်းသည် ခမည်းတော်၏အောင်ပွဲအကြောင်းကို အကောင်းဆုံးဖြစ်အောင် မော်ကွန်းတင်လိုခြင်းဖြစ်သည်။ သို့ဖြစ်သောကြောင့် နဝဒေးဘွဲ့ရစာဆိုတော်ကြီးဦးနုအား ရခိုင်နိုင်မော်ကွန်းကို ခွံ့ခွံ့ညားညားထည်ထည်ဝါဝါဖြစ်အောင် ရေးခိုင်းခဲ့ခြင်းဖြစ်သည်။ ဝက်မစွတ်နဝဒေး အရင်က ရခိုင်နိုင်သည့်အကြောင်းကိုရေးဖွဲ့ထားသော မော်ကွန်းတစ်စောင်ရှိခဲ့သည်။ ထိုမော်ကွန်းသည် ဘိုးတော်ဗဒုံမင်းလက်ထက်က ရေးဖွဲ့ထားဟန်ရှိသည်။ ဘကြီးတော်စစ်ကိုင်းမင်းကား ထိုရခိုင်နိုင်မော်ကွန်းကို အားရဟန်မတူပေ။ ထို့ကြောင့် သူ၏စာဆိုကျော် ဝက်မစွတ်နဝဒေးကို ရခိုင်နိုင်မော်ကွန်းတစ်စောင် ထပ်၍ရေးခိုင်းခြင်းဖြစ်သည်။ နဂိုရှိရင်း ရခိုင်နိုင်မော်ကွန်းထက်သာလွန်အောင်၊ မိုးမောက်အောင်ဆိုဘိဟု နဝဒေးကိုအမိန့်ပေးခဲ့သည်။ ထိုအကြောင်းကို ဝက်မစွတ်နဝဒေးက နိဂုံးပိုဒ်ရေသုံး၌-

"ရခိုင်ပြည်ကြီး၊ အောင်ပြီးသည့်နောက်
မလျှောက်မဖွဲ့၊ လွန်လေခဲ့သည်
သုံးဆဲ့ခုနစ်၊ သက္ကရာဇ်သချာ
သို့စင်ကြာအောင်၊ မဟာသမ်ယာ
မဟာသီရိ၊ ပါဠိနှစ်ရပ်
စည်သူထပ်သား၊ စက်လျှပ်စိန်ပွင့်
ဆိုချိန်လင့်သော်၊ ရှင်ပင့်မိန့်စံ
ရွှေခွန်းသံကား၊ စာခံစာဆို
ပသာချိုက၊ နာလိုမဲ့ဆုံး
တိုက်တိုက်ဖုံးသည်၊ လလုံးဘိတ်လက်
မှိတ်၍ထွက်သို့၊ မသက်သာအောင်
ရှေးစာစောင်ကို၊ မိုးအောင်မောက်မြင့်
ဆိုဘိလင့်ဟု၊ ကိုးဆင့်ထက်ကြပ်
ရွှေသက်အပ်သော်"ဟူ၍ ရေးဖွဲ့ထားသည်။

❖ သက္ကရာဇ် ၁၁၄၆ ခုနှစ်က ရခိုင်ကိုနိုင်ခဲ့သည့်အကြောင်းကို သက္ကရာဇ် ၁၁၈၃ ခုနှစ်မှ ရေးဖွဲ့ခဲ့ရခြင်းမှာ အကြောင်းရှိသည်။ ထိုအကြောင်းမှာ ဘကြီးတော်စစ်ကိုင်းမင်းက ရေးဖွဲ့ခိုင်းခြင်းကြောင့် ဖြစ်သည်။ ရခိုင်ကိုသွားရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့သူ ရခိုင်နိုင်အိမ်ရှေ့မင်းကြီးသည် ဘကြီးတော်စစ်ကိုင်းမင်း၏ ခမည်းတော်ဖြစ်သည်။ ဘကြီးတော်စစ်ကိုင်းမင်းသည် ခမည်းတော်၏အောင်ပွဲအကြောင်းကို အကောင်းဆုံးဖြစ်အောင် မော်ကွန်းတင်လိုခြင်းဖြစ်သည်။ သို့ဖြစ်သောကြောင့် နဝဒေးဘွဲ့ရစာဆိုတော်ကြီးဦးနုအား ရခိုင်နိုင်မော်ကွန်းကို ခွံ့ခွံ့ညားညားထည်ထည်ဝါဝါဖြစ်အောင်ရေးခိုင်းခဲ့ခြင်းဖြစ်သည်။ ❖

စာဆိုနဝဒေးအရင်ရေးခဲ့သည့် ရခိုင်နိုင်မော်ကွန်းမှာ ယခုအခါ ရှာဖွေ၍မတွေ့သေးပါ။ တိမ်မြုပ်လျက်သာရှိနေသည်။

**အာသံနိုင်မော်ကွန်း**

အာသံနိုင်မော်ကွန်းသည် သိသူများသည်။ ကျောင်းသုံးအဖြစ်ပြဌာန်းခဲ့သောကြောင့် သိသူများသလို အကြိမ်ကြိမ်ပုံနှိပ်ခဲ့ရသော မော်ကွန်းဖြစ်သည်။ ထို့အတူ ပုံနှိပ်တိုက်ကြီးများက အကြိမ်ကြိမ်ပုံနှိပ်ခဲ့သဖြင့် ဝယ်ယူဖတ်ရှုရလွယ်ကူသည်။ အာသံနိုင်မော်ကွန်းသည် "ပွင့်လော့လွှံ့နိုင်း"ဟူသောစကားဖြင့် အစချီထားပြီး ပိုဒ်ရေ ၃၅ ပိုဒ်ပါရှိသည်။

အာသံနိုင်မော်ကွန်းသည် ဘကြီးတော်စစ်ကိုင်းမင်း လက်ထက်တွင် ပေါ်ထွန်းခဲ့သော အာသံပြည်ကို အောင်နိုင်ခဲ့သည့်အကြောင်းကို ရေးဖွဲ့ထားသော မော်ကွန်းဖြစ်သည်။ ထို့ကြောင့် အာသံနိုင်မော်ကွန်း ဖြစ်ပေါ်လာရခြင်း၏ နောက်ခံသမိုင်းကို ပြန်ကြည့်ရန်လိုသည်။ အာသံပြည်သည် ဘိုးတော်ဗဒုံမင်းလက်ထက် သက္ကရာဇ် ၁၁၇၅ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ လက်အောက်ခံဖြစ်သည်။ ဘိုးတော်ဗဒုံမင်း လက်ထက်တွင် အာသံပြည်သည် အေးအေးငြိမ်းငြိမ်း သာနေခဲ့သည်။ သို့သော် ဘိုးတော်ဗဒုံမင်းနတ်ရွာစံပြီး မြေးတော်စစ်ကိုင်းမင်းနန်းတက်လာသည့်အခါ အာသံမှ ခန္ဒရဂန္ဒရှိန်က ဘကြီးတော်စစ်ကိုင်းမင်း၏ ဩဇာအာဏာကိုမခံဘဲ ပုန်ကန်ကြသည်။ ပုန်ကန်ရာတွင် ဘင်္ဂလားတွင်ရှိသော အင်္ဂလိပ်တို့၏အကူအညီဖြင့် ပုန်ကန်ခြင်းဖြစ်သည်။

ထိုကဲ့သို့ဖြစ်ပေါ်လာသော အာသံပြည်၏အရေးအခင်းကို ဘကြီးတော်စစ်ကိုင်းမင်းသည် သွားရောက်နှိမ်နင်းခိုင်းသည်။ သက္ကရာဇ် ၁၁၈၃ ခုနှစ် တပို့တွဲလတွင် အလုံမြို့ဝန်မင်းကြီး မဟာဗန္ဓုလသည် အာသံသို့ သွားရောက်နှိမ်နင်းရသည်။ သက္ကရာဇ် ၁၁၈၄ ခုနှစ်တွင် အာသံပြည်ကိုနှိမ်နင်းအောင်မြင်ပြီး ပြန်လာခဲ့သည်။ ဘကြီးတော်စစ်ကိုင်းမင်းက အမှုတော်ကို ကုန်စင်အောင် ထမ်းရွက်ခဲ့သဖြင့် စစ်သူကြီးမဟာဗန္ဓုလကို မင်းကြီးမဟာမင်းခေါင်၊ မင်းကြီးမဟာသက်တော်ရှည်၊ မင်းကြီးမင်းမဟာ၊ မဟာသေနာပတိ အစရှိသောဘွဲ့များဖြင့်တွဲ၍ သက္ကရာဇ် ၁၁၈၄ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်တွင် အဂ္ဂမဟာသေနာပတိ ဝန်ကြီးခန့်ခဲ့သည်။ အာသံနိုင်မော်ကွန်းသည် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်တွင် စစ်သူကြီး မဟာဗန္ဓုလ အာသံပြည်ကိုနိုင်သည့်အကြောင်း ရေးဖွဲ့ထားသောမော်ကွန်းဖြစ်သည်။ အာသံပြည်သို့ စစ်သူကြီးမဟာဗန္ဓုလသားတိုက်သည့်အကြောင်းကို ဆရာကြီးနတ်မောက်ဘုန်းကျော်၏ အင်္ဂလိပ်-မြန်မာ စစ်သမိုင်းစာအုပ်တွင် အကျယ်တဝင့်ကြည့်ရှုနိုင်သည်။

အာသံနိုင်မော်ကွန်းရေးဖွဲ့ခဲ့သည့်ခုနှစ်ကို တိတိကျကျမသိရပေ။ မော်ကွန်းစာကိုယ်အတွင်း၌လည်း ရေးဖွဲ့မထားပေ။ သို့သော် ခန့်မှန်း၍ရသော အထောက်အထားတစ်ရပ်ကို မော်ကွန်းပိုဒ်ရေ ၃၅ ၌ တွေ့ရှိရသည်။ မော်ကွန်းပိုဒ်ရေ ၃၅ ၌ သက္ကရာဇ် ၁၁၈၄ ခုနှစ်တွင် စစ်သူကြီးမဟာဗန္ဓုလကို အဂ္ဂမဟာသေနာပတိဝန်ကြီးခန့်သည့်အကြောင်း ထည့်သွင်းရေးဖွဲ့ထားသည်။ ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး၌ စစ်သူကြီးမဟာဗန္ဓုလကို မဂ္ဂမဟာသေနာပတိဝန်ကြီးရာထူးကို သက္ကရာဇ် ၁၁၈၄ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်တွင် ခန့်အပ်ကြောင်း ဖော်ပြထားသည်။ အာသံနိုင်မော်ကွန်း၌ ထိုဝန်ကြီးခန့်သည့်အကြောင်းကို ထည့်သွင်းရေးဖွဲ့ထားသဖြင့် အာသံနိုင်မော်ကွန်းကို သက္ကရာဇ် ၁၁၈၄ ခုနှစ်နောက်ပိုင်း သက္ကရာဇ် ၁၁၈၅ ခုနှစ်အတွင်းရေးဖွဲ့ထားသည်ဟု ခန့်မှန်းရသည်။ ထိုအကြောင်းကို အာသံနိုင်မော်ကွန်း ပိုဒ်ရေ ၃၅ ၌-

"ယင်းသည် အမရ၊ ပြည်ရွှေဝဟု
နှစ်ဌာနတိုက်၊ အရိုက်စိုးနေ
မိုးမြေလုံးစုံ၊ သဲမှုံကမ္ဘာ
ထိုရောခါကား၊ ဂေါဇာဂေါဝိန်
ထောင်ချိန်စိုးရ၊ မင်းရိုးစ၍
စန္ဒရတိုင်း၊ ရှစ်ဆိုင်ဖြူရွက်
ဆယ်ဆူဆက်ကို၊ ရွှေလက်တင်ထိမ်း
ကုန်စေငြိမ်းမှ၊ ယူသိမ်းခွန်ရန်
ဗိုလ်ပွဲပြန်တွင်၊ အောင်ဘန်ပွားစီး
များလေပြီးသား၊ မင်းကြီးမဟာဗန္ဓုလ
သေနကကို၊ နေကျသီးသန့်
ဝန်ကြီးခန့်၏"ဟူ၍ ရေးဖွဲ့ထားသည်။


ထို့ကြောင့် အာသံနိုင်မော်ကွန်းကို သက္ကရာဇ် ၁၁၈၄ ခုနှစ် သို့မဟုတ် သက္ကရာဇ် ၁၁၈၅ ခုနှစ် အတွင်း ရေးဖွဲ့ခဲ့မည်ဟုယူဆရသည်။

**တရုတ်သံရောက်မော်ကွန်း**

တရုတ်သံရောက်မော်ကွန်းသည် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်တွင် တရုတ်သံများရောက်သည့် အကြောင်းကိုရေးဖွဲ့ထားသော မော်ကွန်းဖြစ်သည်။ မော်ကွန်းသည် "မင်္ဂလာဇေယျ"ဟူသော စကားဖြင့် အစချီထားသည်။ ပိုဒ်ရေ ၆၂ ပိုဒ်ရှိသည်။ တရုတ်ပြည်၊ ဂန္ဓလရာဇ်တိုင်းတောက်ကွန်ဥတည်မင်းသည် သက္ကရာဇ် ၁၁၈၄ ခုနှစ် ပြာသိုလဆန်း ၆ ရက်တွင် လက်ဆောင်တော်အများနှင့် တရုတ်သံတို့ကို ဘကြီးတော်စစ်ကိုင်းမင်းထံစေလွှတ်ခဲ့သည်။ သက္ကရာဇ် ၁၁၈၅ ခုနှစ်တွင်ရောက်သည်။ ထို့အတူ တရုတ်သံများပြန်သည့်အခါ မြန်မာသံများကို တရုတ်သံအမတ်များနှင့်အတူ တရုတ်ပြည်သို့စေလွှတ်ခဲ့သည်။ တရုတ်သံရောက်မော်ကွန်းသည် ဘကြီးတော်စစ်ကိုင်းမင်း လက်ထက် တရုတ်-မြန်မာ ချစ်ကြည်ရေးခရီး အောင်မြင်ပုံ၊ နှစ်ပြည့်တစ်ပြည်ရွှေလမ်းငွေလမ်းခင်းပုံတို့ကို ရေးဖွဲ့မှတ်တမ်းတင်ထားသော မော်ကွန်းဖြစ်သည်။ တရုတ်သံရောက်မော်ကွန်းရေးဖွဲ့သည့်ခုနှစ်ကို တိတိကျကျမသိရပါ။ မော်ကွန်းအတွင်း၌လည်း ရေးဖွဲ့ထားသည်ကိုမတွေ့ရပေ။ ခန့်မှန်းရလျှင် တရုတ်သံများရောက်သည့် သက္ကရာဇ် ၁၁၈၄-၁၁၈၅ ခုနှစ်အတွင်း ရေးဖွဲ့ခဲ့သည်ဟုခန့်မှန်းရသည်။

စစ်နိုင်မော်ကွန်းများကို ရေးဖွဲ့ခဲ့သောကြောင့် နဝဒေးကို စစ်ရေးစစ်ရာတွင် ကျွမ်းကျင်သူအဖြစ် ခန့်မှန်းကြသည်။ တရုတ်သံရောက်မော်ကွန်းကိုရေးဖွဲ့သောအခါတွင် နဝဒေးသည် စစ်ရေးသာမက နိုင်ငံရေးတွင်လည်း ကျွမ်းကျင်သောပညာရှင်တစ်ဦးအဖြစ် သုံးသပ်ကြသည်။ ဆရာတော်ရွှေကိုင်းသားက နဝဒေးကို "ရခိုင်နိုင်မော်ကွန်း၊ အာသံနိုင်မော်ကွန်းများရေးခဲ့စဉ်က ဒုတိယနဝဒေးကို စစ်ရေးစစ်ရာ၌ တကယ်ကျွမ်းကျင်သော စစ်ပါရဂူကြီးတစ်ဦးအနေဖြင့် မြင်ခဲ့ကြရသည်။ ယခု တရုပ်သံရောက်မော်ကွန်း ရေးသားပြုစုသော အခါ၌မူကား နိုင်ငံရေးပါမောက္ခကြီးတစ်ဦးအနေဖြင့် တွေ့မြင်ရပြန်လေသည်။ စစ်နိုင်မော်ကွန်းများ၌ စစ်ရေးကျွမ်းကျင်မှုတို့ကို ဖော်ထုတ်တင်ပြသကဲ့သို့ ယခုတရုပ်သံရောက်မော်ကွန်းတွင် နှစ်ပြည့်တစ်ပြည်နိုင်ငံရေးအရ ဆက်သွယ်မှုတို့ကို ဒုတိယနဝဒေးသည် နိုင်ငံရေးအမြင်သန်သန်ဖြင့် ကျွမ်းကျင်လိမ္မာစွာတင်ပြထားသည်ကို တွေ့ရလေသည်"ဟူ၍ သုံးသပ်ထားပါသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲ ၁၂၉၂၃ ဧက ရိတ်သိမ်းပြီးစီး



**ပုသိမ် ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲ ၁၂၉၂၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ဗိုလ်ကိတ်ပဲ ၁၂၉၂၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲစိုက်ခင်းများကို မတ်လဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ဗိုလ်ကိတ်ပဲ တစ်ဧကလျှင် ၁၅ ဒသမ ၂၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"သာပေါင်းမြို့နယ်မှာ ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီက ဗိုလ်ကိတ်ပဲ ၁၂၉၂၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးခဲ့တဲ့ ဗိုလ်ကိတ်ပဲတွေကိုရိတ်သိမ်းခဲ့ရာ ဒီနေ့မှာ ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ပါတယ်။ ဗိုလ်ကိတ်ပဲတွေ အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးလဲ ကောင်းပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် ဗိုလ်ကိတ်ပဲများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်မဲမြို့နယ် နမ့်ပျဉ်ကျေးရွာတွင် ဘက်စုံသုံးခန်းမတည်ဆောက်နေမှု စစ်ဆေး

**ကျောက်မဲ ဇွန် ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျောက်မဲမြို့နယ် ပန်လော့ကျေးရွာအုပ်စု နမ့်ပျဉ်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းဖြူဖြူအောင်နှင့်တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၂၅ သန်းဖြင့်ဆောင်ရွက်သည့် ပန်လော့ကျေးရွာအုပ်စု နမ့်ပျဉ်ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး ကျေးရွာမှတာဝန်ရှိသူများကို မှာကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျောက်မဲခရိုင် ကျောက်မဲမြို့နယ် ပန်လော့ကျေးရွာအုပ်စု နမ့်ပျဉ်ကျေးရွာတွင် အလျား ၄၈ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၂၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဧပြီ ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်း၏ ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ကျေးရွာရှိ အိမ်ထောင်စု ၁၂၅ စု၊ လူဦးရေ ၄၆၉ ဦးတို့၏လူမှုရေးဆိုင်ရာအခမ်းအနားများဆောင်ရွက်ရာတွင် အဆင်ပြေစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းဖြူဖြူအောင်ထံမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

## မိုးဦးသစ်ချိန်

- မိုးဦးသစ်စ
  ဝသန္တ
  မိုးကရွာခဲ့ပြီ။

- ထစ်ချုန်းမိုးသံ
  ထက်နဘံ
  ဆူညံပွက်ခဲ့ပြီ။

- ဝဲယာအနှံ့
  မြေသင်းနံ့
  သင်းပျံ့လှိုင်ခဲ့ပြီ။

- ပုလဲမိုးသေး
  မြက်သားမွေး
  မြသွေးဆင်ခဲ့ပြီ။

- မိုးဆွေငှက်များ
  တိမ်ယံကြား
  ပျံသွားမြင်ရပြီ။

- မိုးဦးစံပယ်
  ရနံ့ကြွယ်
  လေဝယ်ဖြန့်ခဲ့ပြီ။

- ထွန်ရေးထယ်ရေး
  အလေးပေး
  မနှေးဆောင်ရွက်ပြီ။

- တေးတကြော်ကြော်
  လယ်ယာပျော်
  မိုးမျှော်ကျိုးနပ်ပြီ။

- မိုးဦးသစ်မှာ
  တို့ရပ်ရွာ
  ဝေဖြာမဆုံးပြီ။ ။

**မန်းတင့်မော်**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် ဆလိုဗေးနီးယားနိုင်ငံ အသိအမှတ်ပြု

**ဂျူ့ဂျားနား ဇွန် ၅**

ပါလက်စတိုင်း ဒေသကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုလိုက်သည့် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများထဲတွင် ဆလိုဗေးနီးယားနိုင်ငံလည်း ပါဝင်လာပြီဖြစ်ကြောင်း ဇွန် ၄ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပါလက်စတိုင်းအား လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုရေးအဆိုပြုချက်ကို ဇွန် ၄ ရက်တွင် ဆလိုဗေးနီးယားလွှတ်တော်က မဲခွဲခဲ့ရာ ထောက်ခံမဲအများစုဖြင့် အဆိုပြုချက်ကို အတည်ပြုနိုင်ခဲ့သည်။

ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုရေးကို လူထုဆန္ဒခံယူပွဲဖြင့် အဆုံးအဖြတ်ယူရန် အတိုက်အခံများက တောင်းဆိုထားသော်လည်း ဆလိုဗေးနီးယားလွှတ်တော်ကမဲခွဲ အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

ဆလိုဗေးနီးယားနိုင်ငံကဲ့သို့ပင် စပိန်၊ အိုင်ယာလန်နှင့် နော်ဝေနိုင်ငံတို့ကလည်း ပါလက်စတိုင်းနိုင်ငံကို အသိအမှတ်ပြုထားပြီးဖြစ်သည်။

ဂါဇာစစ်ပွဲရပ်တန့်ရေးအတွက် အစ္စရေးနိုင်ငံကို ဖိအားပေးသည့်အနေဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက ပါလက်စတိုင်းကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုလာကြခြင်းဖြစ်သည်။

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံ ၂၇ နိုင်ငံအနက်ဆွီဒင်၊ ဆိုက်ပရပ်စ်၊ ဟန်ဂေရီ၊ ချက်သမ္မတနိုင်ငံ၊ ပိုလန်၊ ဆလိုဗက်ကီးယား၊ ရိုမေးနီးယားနှင့် ဘူလ်ဂေးရီးယားနိုင်ငံတို့က ရှေးယခင်ကပင် ပါလက်စတိုင်းနိုင်ငံကို လွတ်လပ်သည့်နိုင်ငံအဖြစ် အသိအမှတ်ပြုထားပြီးဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဘရစ်အုပ်စု၌ပါဝင်ရန် တူကီယဲနိုင်ငံ ဆန္ဒရှိနေမှုကို ရုရှားနိုင်ငံကြိုဆို

**မော်စကို ဇွန် ၅**

စီးပွားရေးအင်အားကြီး နိုင်ငံသစ်များဖြင့် ဖွဲ့စည်းထားသော ဘရစ်အုပ်စု(ဘီအာရ်အိုင်စီအက်စ်) ပါဝင်နိုင်ရေးအတွက် တူကီယဲနိုင်ငံကဆန္ဒရှိနေမှုကို မိမိတို့ကြိုဆိုကြောင်း ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့ဗ်က ဇွန် ၄ ရက်တွင် ပြောကြားခဲ့သည်။

တူကီယဲနိုင်ငံအနေဖြင့် ဘရစ်အုပ်စု၌ပါဝင်ရန် စိတ်ဝင်စားကြောင်း တူကီယဲ နိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖိုင်ဒန်က တရုတ်ခရီးစဉ်အတွင်း ပြောကြားခဲ့ပြီးနောက် ရုရှားအစိုးရ၏တုံ့ပြန်မှု ပေါ်ထွက်လာခြင်းဖြစ်သည်။

ဘရစ်အုပ်စုသည် ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိက၊ အီသီယိုးပီးယား၊ အီရန်၊ အီဂျစ်နှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)တို့ပါဝင်သော နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည်။

ဘရစ်အုပ်စု၌ ပါဝင်ရေးအတွက် အခြားနိုင်ငံများကလည်း စိတ်ဝင်စားကြောင်း၊ သို့ဖြစ်ရာ ဘရစ်အုပ်စု၌ပါဝင်ရန် တူကီယဲက ဆန္ဒရှိမှုကိုလည်း မိမိတို့ကြိုဆိုကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ပက်စကော့ဗ်က ပြောကြားခဲ့သည်။

တူကီယဲ နိုင်ငံခြားရေးဝန်ကြီးသည် ဇွန် ၃ ရက်တွင် တရုတ်နိုင်ငံခရီးစဉ်ကိုစတင်ခဲ့ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိအပါအဝင် တရုတ်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တူကီယဲ နိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖိုင်ဒန်၏ အဆိုပါခရီးစဉ်သည် ၂၀၁၂ ခုနှစ် နောက်ပိုင်း တူကီယဲအစိုးရ ထိပ်တန်းသံတမန်တစ်ဦး၏ ပထမဆုံးတရုတ်ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**




# ဒီဒေးနော်မန်ဒီကမ်းတက်တိုက်ပွဲ နှစ် ၈၀ ပြည့်အခမ်းအနားတက်ရန် အမေရိကန်သမ္မတဂျိုးဘိုင်ဒင် ပြင်သစ်နိုင်ငံသို့ရောက်ရှိ



**ပဲရစ် ဇွန် ၅**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ဒီဒေးနော်မန်ဒီကမ်းတက်တိုက်ပွဲ နှစ် ၈၀ ပြည့်နှစ်ပတ်လည် အခမ်းအနားများသို့ တက်ရောက်ရန် ယနေ့တွင် ပြင်သစ်နိုင်ငံသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

သမ္မတဂျိုးဘိုင်ဒင်၏ အဆိုပါခရီးစဉ်သည် ဥရောပမဟာမိတ်များအတွက် ပေးထားသည့် ကတိကဝတ်များ ခိုင်မာမှုကို ထပ်လောင်း အတည်ပြုပေးလိုက်သည့် ခရီးစဉ်ဖြစ်ကြောင်း အမေရိကန်အစိုးရတာဝန်ရှိသူများကပြောကြားခဲ့သည်။

ငါးရက်ကြာ ပြင်သစ်ခရီးစဉ်အတွင်း သမ္မတဂျိုးဘိုင်ဒင်သည် နော်မန်ဒီကမ်းခြေ၌ ကျင်းပမည့် ဒီဒေးနှစ် ၈၀ ပြည့် အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

ထို့ပြင် သမ္မတဂျိုးဘိုင်ဒင်သည် ပြင်သစ်သမ္မတ မက်ခရွန်နှင့်လည်း တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။

ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျာမနီနာဇီတပ်များလက်အောက်မှ ပြင်သစ်နိုင်ငံ လွတ်မြောက်ရေးအတွက် အမေရိကန်နိုင်ငံနှင့်မဟာမိတ်များက ၁၉၄၄ ခုနှစ် ဇွန် ၆ ရက်တွင် ဒီဒေးစစ်ဆင်ရေးကိုစတင်၍ နော်မန်ဒီကမ်းခြေ၌ ကမ်းတက်တိုက်ပွဲဆင်နွှဲခဲ့သည်။

ယင်းတိုက်ပွဲတွင် မဟာမိတ်တပ်ဖွဲ့ဝင် ဦးရေ ၁၅၆၀၀၀တို့သည် ဇွန် ၆ ရက်မှာပင် နော်မန်ဒီကမ်းခြေသို့ စတင်တက်ရောက်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# အိန္ဒိယဝန်ကြီးချုပ် မိုဒီ ဇွန် ၈ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုဖွယ်ရှိ

**ဒေလီ ဇွန် ၅**

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ဇွန် ၈ ရက်တွင် ဝန်ကြီးချုပ်ရာထူး တတိယသက်တမ်းအတွက် ကျမ်းသစ္စာ ကျိန်ဆိုနိုင်ဖွယ်ရှိကြောင်း အိန္ဒိယမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။



ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းရေးအတွက် အဓိကမဟာမိတ်ပါတီများထံမှ ခိုင်မာသောကတိကဝတ်များ ရရှိခဲ့ပြီးနောက် ဇွန် ၈ ရက်တွင် ဝန်ကြီးချုပ်ရာထူးတတိယသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုရန် စီစဉ်ထားခြင်းဖြစ်သည်။

ယခုနှစ် အိန္ဒိယအထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် မိုဒီ၏ ဘရာတိယာဂျနေတာပါတီ (ဘီဂျေပီ)နှင့် မဟာမိတ်များက အမတ်နေရာအများစု ရရှိခဲ့သော်လည်း ပြိုင်ဘက်အုပ်စုကို အပြတ်အသတ် အနိုင်ယူနိုင်မှုမရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘရာတိယာဂျနေတာပါတီမှာလည်း ယခုနှစ်အထွေထွေရွေးကောက်ပွဲတွင် ၁၀ နှစ်တာအတွင်း ပထမဆုံးအကြိမ်အဖြစ် ပါတီတစ်ပါတီ တည်းအားဖြင့် အမတ်နေရာအများစု ရယူထားနိုင်မှုကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

ဘီဂျေပီပါတီသည် ၂၀၁၄ခုနှစ်နှင့် ၂၀၁၉ ခုနှစ် အထွေထွေရွေးကောက်ပွဲများတွင်ပါတီတစ်ခုတည်းအားဖြင့် အမတ်နေရာအများစုရယူနိုင်ခဲ့သည်။

လက်ရှိအချိန်တွင် အိန္ဒိယဝန်ကြီးချုပ်မိုဒီသည် ညွန့်ပေါင်းအစိုးရသစ် ဖွဲ့စည်းရေးအတွက် မဟာမိတ်ပါတီများကို အားပြုရတော့မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# အစ္စရေးစစ်ဘက် အကျဉ်းစခန်း၌ ထိန်းသိမ်းထားသော ပါလက်စတိုင်းအကျဉ်းသားများကို ရွှေ့ပြောင်းမည်

**ဂျေရုဆလင် ဇွန် ၅**

ဂါဇာစစ်ပွဲ ကာလအတွင်း ဖမ်းဆီးရမိသည့် ပါလက်စတိုင်း လူမျိုးများအား ထိန်းသိမ်းရေးအတွက် အစ္စရေးစစ်ဘက်ကဖွင့်ထားသည့် အကျဉ်းစခန်းတစ်ခုအသုံးချမှုကို တစ်ဆင့်ချင်းအဆုံးသတ်ပေးမည်ဖြစ်ကြောင်း အစ္စရေးအစိုးရတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

အစ္စရေးစစ်ဘက်၏ အကျဉ်းစခန်းများ၌ ပါလက်စတိုင်းအကျဉ်းသားများ ညှဉ်းပန်းနှိပ်စက်ခံနေရကြောင်း လူ့အခွင့်အရေးအုပ်စုများက စွပ်စွဲထားသည်။

ဆာဒီတိုင်မင်အမည်ရှိအစ္စရေးစစ်ဘက်အကျဉ်းစခန်း၌ ပါလက်စတိုင်းအကျဉ်းသားများထားရှိမှုကို တစ်ဆင့်ချင်းအဆုံးသတ်ပေးမည်ဖြစ်ကြောင်း အစ္စရေးတရားရေးဌာနတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားထားသည်။

ဆာဒီတိုင်မင် အကျဉ်းစခန်းသည် အစ္စရေးတောင်ပိုင်းမြို့များကို ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးစစ်ဘက်က ဖွင့်လှစ်ခဲ့သော အကျဉ်းစခန်းဖြစ်သည်။

ဆာဒီတိုင်မင် အကျဉ်းစခန်းမှ ပါလက်စတိုင်းအကျဉ်းသားများကို ¤င်းတို့အား အတည်တကျထားရှိမည့် အခြားအကျဉ်းထောင်များ၌ လွှဲပြောင်းနေရာချထားရန် အစ္စရေးအစိုးရက စီစဉ်ထားသည်။

လက်ရှိအချိန်တွင် ဆာဒီတိုင်မင်အကျဉ်းထောင်မှ ပါလက်စတိုင်းအကျဉ်းသားများ နေရာပြောင်းရွှေ့မှုကို အစ္စရေးတာဝန်ရှိသူများ စတင်နေပြီဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအစင်း ၂၀ ကို Space-X အာကာသနည်းပညာကုမ္ပဏီ ထပ်မံလွှတ်တင်




**ဝါရှင်တန် ဇွန် ၅**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ဇွန် ၄ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုအစင်း ၂၀ ကို ထပ်မံလွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စတားလင့်ခ်ဂြိုဟ်တုများကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ် သမုဒ္ဒရာအတွင်း အသင့်စောင့်နေသည့် မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။

လွှတ်တင်ပြီး ၆၅ မိနစ်ခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်သွားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သက်ဆိုင်ရာပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီက ဇွန် ၄ ရက်တွင် လွှတ်တင်ခဲ့သည့် စတားလင့်ခ်ဂြိုဟ်တုအစင်း ၂၀ အနက် ၁၃ စင်းမှာ စမတ်ဖုန်းများဆီသို့ အင်တာနက်ဝန်ဆောင်မှု တိုက်ရိုက်ပေးနိုင်သော ဂြိုဟ်တုများဖြစ်ကြသည်။

ဇွန် ၄ ရက် စတားလင့်ခ်မစ်ရှင်သည် Space-X အာကာသနည်းပညာကုမ္ပဏီအတွက် ယခုနှစ်၏ ၅၇ ခုမြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## Ozempic နှင့် Wegovy ဆေးများက အဝလွန်ပြီး ပုံစံ-၂ ဆီးချိုပါရှိသော လူနာများ၌ ပန်ကရိယရောင်ရမ်းနိုင်ခြေကို လျှော့ချနိုင်ဖွယ်ရှိ

**နယူးယောက် ဇွန် ၅**

Ozempic နှင့် Wegovy ကိုယ်အလေးချိန် လျှော့ချရေးဆေးများသည် အဝလွန်နေသည့်အပြင် ပုံစံ-၂ ဆီးချိုရောဂါပါရှိနေသော လူနာများ၌ ပန်ကရိယရောင်ရမ်းနိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ဇွန် ၄ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်ထိ နိုင်ငံတကာဆေးပညာရှင်များသည် ပန်ကရိယရောင်ရမ်းမှုပြဿနာရှိသည့်လူနာများတွင် ရောဂါအခြေအနေပိုဆိုးလာမည့်အရေး စိုးရိမ်ရသည့်အတွက် Ozempic နှင့် Wegovy ဆေးများပေးရာတွင် အထူးသတိထားသင့်ကြောင်း သိရသည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ ကိုယ်အလေးချိန် လျှော့ချရေးဆေးများသည် ပုံစံ-၂ ဆီးချိုရှိနေသည့် အဝလွန်လူနာများ၏ ပန်ကရိယရောင်ရမ်းမှုဖြစ်နိုင်ခြေကိုလျှော့ချရာတွင် အထောက်အကူပြုနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ပန်ကရိယရောင်ရမ်းမှုပြဿနာရှိခဲ့ဖူးသူလူနာ ၆၃၈၀၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Ozempic နှင့် Wegovy ဆေး သုံးစွဲသူလူနာများ၌ ၁၅ နှစ်တာ ကာလအတွင်း ပန်ကရိယ ရောင်ရမ်းနိုင်ခြေမှာ အခြား ဆီးချိုဆေးသုံးစွဲသူများထက် ပို၍နည်းပါးသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**
**Trs : KKO`**

## ဂျူရက်ဆစ်ဘူမိခေတ်အတွင်း ရှင်သန်ခဲ့ကြသော တာရိုဆောရပ်စ်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ဗြိတိန်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**လန်ဒန် ဇွန် ၅**

ဂျူရက်ဆစ်ဘူမိခေတ်အတွင်း ရှင်သန်ခဲ့ကြသော တာရိုဆောရပ်စ်ခေါ် ပျံသန်းနိုင်သည့် ကမ္ဘာဦးသက်ရှိတစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းကို ဗြိတိန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇွန် ၄ ရက် သတင်းများအရ သိရသည်။

အဆိုပါ တာရိုဆောရပ်စ်မျိုးစိတ်သစ်သည် ဂျူရက်ဆစ်ဘူမိခေတ် တာရိုဆောရပ်စ်များအနက် အရွယ်အစားအကြီးမားဆုံးဖြစ်နိုင်ကြောင်း ဗြိတိန်သိပ္ပံပညာရှင်များက ပြောကြားသည်။

သိပ္ပံပညာရှင်များ၏ အဆိုအရ ၎င်းတာရိုဆောရပ်စ်၏အရွယ်အစားမှာ တောင်ပံနှစ်ဖက် အလျား ၃ ဒသမ ၇၅ မီတာထိ ရှိကြောင်း သိရသည်။



အဆိုပါ တာရိုဆောရပ်စ်များသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀၁ သန်းကျော်နှင့် ၁၄၅ သန်းကြား ကာလအတွင်း ရှင်သန်ခဲ့သော တာရိုဆောရပ်စ်များ ဖြစ်သည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

ဂျူရက်ဆစ်ဘူမိခေတ် တာရိုဆောရပ်စ်များ၏ တောင်ပံနှစ်ဖက်အလျားမှာ ပုံမှန်အားဖြင့် ၁ ဒသမ ၅ မီတာနှင့် နှစ်မီတာကြားတွင် ရှိတတ်သည်။

၎င်းတာရိုဆောရပ်စ်၏ ကျောက်ဖြစ်ရုပ်ကြွင်းကို အင်္ဂလန်နိုင်ငံ အောက်စဖို့ရှိုင်းယားဒေသ ကျောက်ကျင်းတစ်ခု၌ ၂၀၂၂ ခုနှစ် ဇွန်လတွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO`**

## ခုခံအားစနစ်ဆေးတစ်မျိုးက အူမကြီးကင်ဆာ လူနာများ၏ အသက်ရှင်နိုင်မှုနှုန်းကို မြှင့်တင်ပေးနိုင်

**လန်ဒန် ဇွန် ၅**

ခုခံအားစနစ်ဆေးဝါးတစ်မျိုးသည် ကြောက်မက်ဖွယ်အူမကြီးကင်ဆာရောဂါ ခံစားနေကြရသူများ၏ အသက်ရှင်နိုင်မှုနှုန်းကို မြှင့်တင်ပေးနိုင်ကြောင်း ဇွန် ၄ ရက်သတင်းများအရ သိရသည်။

အူမကြီးကင်ဆာလူနာများကို ခွဲစိတ်ကုသမှုမပြုလုပ်မီ Pembrolizumab အမည်ရှိ ခုခံအားစနစ်ဆေးတစ်မျိုးပေးခဲ့ပါက လူနာများ ရောဂါလက္ခဏာမရှိဘဲ အသက်ရှင်နိုင်ချိန်မှာ ပုံမှန်ထက်မြင့်တက်လာကြောင်း ဗြိတိန်သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

ဗြိတိန်သုတေသနပညာရှင်များသည် အူမကြီးကင်ဆာအဆင့်-၁ နှင့်အဆင့်-၂ လူနာ ၃၂ ဦးကိုခွဲစိတ်မှုမပြုလုပ်မီ Pembrolizumab ဆေးဖြင့် စမ်းသပ်ကုသခဲ့ကြကြောင်း သိရသည်။

စမ်းသပ်မှုရလဒ်များအရ Pembrolizumab ဆေးကို မခွဲစိတ်မီ ရယူခဲ့သော အူမကြီးကင်ဆာလူနာ ၁၀ ဦးလျှင် ခြောက်ဦးသည် ရောဂါလက္ခဏာမရှိဘဲ အသက်ရှင်နိုင်ခြေမှာPembrolizumab ဆေးမသုံးခဲ့သူ လူနာများထက် ၁၀ ဆ ပိုများကြောင်း သိရသည်။

ထို့ပြင် Pembrolizumab ဆေး သုံးစွဲပြီးနောက် ခွဲစိတ်မှုခံယူထားသူလူနာများ၏ရောဂါ လက္ခဏာမရှိသည့် ပျမ်းမျှအချိန်ကာလမှာ ငါးလ နှင့် ၁၉ လကြားရှိကြောင်း သိရသည်။

Pembrolizumab ဆေးသည် လက်ရှိတွင်လည်း ရင်သားကင်ဆာ၊ အဆုတ်ကင်ဆာနှင့် သားအိမ်ကင်ဆာရောဂါများအတွက် အသုံးပြုနေသောဆေးလည်းဖြစ်သည်။

**Ref : Russia Today**
**Trs : KKO**



## နက်ပကျွန်းဂြိုဟ်၏နေပတ်လမ်းအလွန် ကွိုက်ပါခါးပတ်ကွင်းနယ်မြေအတွင်းရှိ အာကာသဒြပ်ထုတစ်ခုပေါ်တွင် သကြားဓာတ်အပါအဝင် ဇီဝမော်လီကျူးများတည်ရှိနေ

**ဝါရှင်တန် ဇွန် ၅**

နက်ပကျွန်းဂြိုဟ်၏ နေပတ်လမ်းအလွန် ကွိုက်ပါခါးပတ်ကွင်းနယ်မြေအတွင်းရှိ အာကာသဒြပ်ထုတစ်ခုပေါ်တွင် သကြားဓာတ်အပါအဝင် ဇီဝမော်လီကျူးများတည်ရှိနေကြောင်း ဇွန် ၄ ရက် သတင်းများအရ သိရသည်။

အာရိုကော့အမည်ရှိ အထက်ပါ ဂြိုဟ်သိမ်သည် ကမ္ဘာမြေနှင့် မိုင်ပေါင်း လေးဘီလီယံခန့်အကွာတွင် တည်ရှိနေကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အာရိုကော့ဂြိုဟ်သိမ်ပေါ်တွင် ရီးဘို့စ်နှင့် ဂလူးကို့စ်ကဲ့သို့ သကြားဓာတ် ဇီဝမော်လီကျူးများရှိနေသည်ကို တွေ့ရှိရကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အာရိုကော့ဂြိုဟ်သိမ်မျက်နှာပြင်၏ ထူးဆန်းသော အနီမှိုင်းမှိုင်းအရောင်သည် ၎င်းဂြိုဟ်သိမ်ပေါ်၌ ဇီဝမော်လီကျူးများတည်ရှိမှုကို သက်သေပြနေသည်ဟု သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

အာရိုကော့ဂြိုဟ်သိမ်ပေါ်ရှိ မီသနောရေခဲများသည် နေရောင်နှင့်ထိတွေ့မိချိန်တွင် သကြားအပါအဝင် ဇီဝဒြပ်ပေါင်းအမျိုးမျိုးကို ထုတ်ပေးနိုင်သည်ဟု အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် အာရိုကော့ဂြိုဟ်သိမ်ကို ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အနီးကပ်ဖြတ်ကျော်ပျံသန်းခဲ့သော New Horizon အာကာသယာဉ်မှရရှိသည့် အချက်အလက်များကိုအသုံးပြု၍ ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**




## လာဇီယိုကွင်းလယ်ကစားသမား ကာမာဒါကို ပဲလေ့စ်အသင်း အလွတ်ပြောင်းရွှေ့ခွင့်ဖြင့်ခေါ်ယူ

**လန်ဒန် ဇွန် ၅**

ပဲလေ့စ်အသင်းသည် လာဇီယိုအသင်းမှ အလွတ်ပြောင်းရွှေ့ခွင့်ဖြင့်ထွက်ခွာခဲ့သည့် ကွင်းလယ်ကစားသမား ကာမာဒါကို ခေါ်ယူခဲ့ပြီး နှစ်နှစ်စာချုပ်ချုပ်ဆိုရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

ဂျပန်ကစားသမား ကာမာဒါသည် ပြီးခဲ့သည့် နွေရာသီက ဖရန့်ဖတ်အသင်းမှ လာဇီယိုအသင်းသို့ အလွတ်ပြောင်းရွှေ့ခွင့်နှင့် ရောက်ရှိခဲ့ပြီး နည်းပြဆာရီလက်အောက်တွင် ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း နည်းပြသစ် တူဒေါလက်ထက်တွင် ခြေစွမ်းပိုင်း တိုးတက်လာခဲ့သူဖြစ်ပြီး စာချုပ်ကုန်ဆုံးချိန်တွင် လာဇီယိုအသင်းက သက်တမ်းတိုးရန် ကမ်းလှမ်းမှု မပြုလုပ်ခဲ့သောကြောင့် ပဲလေ့စ်အသင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အသက် ၂၇ နှစ်ရှိ ကာမာဒါသည် လာဇီယိုအသင်းမှ ထွက်ခွာခဲ့ပြီးနောက် ယခင် ဖရန့်ဖတ်နည်းပြဟောင်း ဂလက်စ်နာ တာဝန်ယူနေသည့် ပဲလေ့စ်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့ပြီး နှစ်ဖက်သဘောတူညီမှု ရရှိခဲ့သဖြင့် ရက်ပိုင်းအတွင်း ဆေးစစ်မှုများ ပြုလုပ်သွားမည်ဖြစ်ကာ ဆေးအောင်ပါက အပြီးသတ် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ကာမာဒါသည် ဂျန်ကလပ် ဆာဂန်တိုဂူအသင်းမှ ၂၀၁၇ ခုနှစ်တွင် ဥရောပကလပ် ဖရန့်ဖတ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၇၉ ပွဲ ပါဝင်ကစားခဲ့ရာတွင် သွင်းဂိုး ၄၀ ထိ သွင်းယူပေးနိုင်ခဲ့ကာ ဂျာမန်ပိုကယ်ဖလားနှင့် ယူရိုပါလိဂ် ချန်ပီယံဆုဖလား ရရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**



## စကော့တလန်တိုက်စစ်ကစားသမားနှစ်ဦး ဒဏ်ရာကြောင့် အသင်းလူစာရင်းမှ ထွက်ခွာခဲ့ရ



**အီဒင်ဘာ့ဂ် ဇွန် ၅**

စကော့တလန် လက်ရွေးစင်အသင်းသည် ယူရိုပြိုင်ပွဲယှဉ်ပြိုင်ရန်အတွက် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိရာ အသင်းမှ တိုက်စစ်ကစားသမားလင်ဒန်ဒိုက်စ်နှင့် ဘန်ဒုတ်ခ်တို့နှစ်ဦး ဒဏ်ရာပြဿနာကြောင့် ယူရိုပြိုင်ပွဲကစားမည့် အသင်းလူစာရင်းမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

တိုက်စစ်မှူး လင်ဒန်ဒိုက်စ်သည် ပြီးခဲ့သည့်ရက်ပိုင်းက လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သဖြင့် ၎င်း၏နေရာတွင် အင်္ဂလန် ချန်ပီယံရှစ်ကလပ် ဘရစ္စတိုးအသင်းမှ တိုက်စစ်မှူး တွန်မီနှင့် အစားထိုးခဲ့ရပြီး သုံးရက်အကြာတွင် တောင်ပံကစားသမား ဘန်ဒုတ်ခ်အနေဖြင့် ဒဏ်ရာပြဿနာ ထပ်မံကြုံတွေ့ခဲ့သဖြင့် ကစားသမားဖြည့်တင်းရန် ကြိုးပမ်းနေပြီး လာမည့် သောကြာနေ့မတိုင်မီ ကစားသမား ၂၆ ဦး စာရင်းအား အတည်ပြုထုတ်ပြန်ရမည်ဖြစ်သည်။

လက်ရှိတွင် နည်းပြကလာ့ကီက ကစားသမားနှစ်ဦး ဒဏ်ရာကြောင့် ထွက်ခွာခဲ့ရသဖြင့် အသင်းလူစာရင်း ထပ်မံဖြည့်တင်းရန်အတွက် ဘရန့်ဖို့ဒ်ကစားသမား ဟစ်စကီး၊ အဲဗာတန်ကစားသမား ပတ်တာဆန်နှင့် ဘိုလော့ဂ်နာ ကွင်းလယ်ကစားသမား ဖာဂူဆန်တို့ကို ထပ်မံခေါ်ယူရန် စီစဉ်နေပြီး ဖာဂူဆန်သည် ယခုနှစ်ဘောလုံးရာသီတွင် ဘိုလော့ဂ်နာအသင်းအား ပထမဆုံး ချန်ပီယံလိဂ်ဝင်ခွင့် ရရှိအောင် အဓိကနေရာမှပါဝင်၍ ခြေစွမ်းပြသနိုင်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

စကော့တလန် အသင်းသည် လာမည့် ယူရိုပြိုင်ပွဲတွင် အိမ်ရှင်ဂျာမနီအသင်း၊ ဟန်ဂေရီအသင်း၊ ဆွစ်ဇာလန်အသင်းတို့နှင့် ပွဲကျပ်ကစားရမည်ဖြစ်ပြီး အဖွင့်ပွဲစဉ်ကို လာမည့် ဇွန် ၁၄ ရက်တွင် ဂျာမနီအသင်းနှင့် စတင် ကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

## အသင်းမှ ကစားသမားရှစ်ဦးထိ ထွက်ခွာခဲ့ကြောင်း စပါးအသင်းထုတ်ပြန်

**လန်ဒန် ဇွန် ၅**

စပါးအသင်းသည် အသင်းမှ ခံစစ်ကစားသမား ဆက်စက်ဂနွန်နှင့် ပါရီဆစ်တို့အပါအဝင် စာချုပ်သက်တမ်းကုန်ဆုံးသွားမည့် ကစားသမားရှစ်ဦးကို ထွက်ခွာခွင့်ပြုခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

အသက် ၂၄ နှစ်ရှိ ဆက်စက်ဂနွန်သည် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ်က ဖူလ်ဟမ်အသင်းမှ စပါးအသင်းသို့ရောက်ရှိခဲ့ပြီးနောက် ကစားပုံတိုးတက်လာခဲ့သော်လည်း ဒဏ်ရာမကြာခဏ ရရှိနေသူဖြစ်ပြီး ယခုနှစ်ရာသီတွင်လည်း ပေါင်ကြွက်သားဒဏ်ရာကြောင့် အနားယူခဲ့ရသဖြင့် စာချုပ်ကုန်ဆုံးချိန်တွင် အသင်းက လက်လွှတ်ခဲ့သကဲ့သို့ ပါရီဆစ်သည်လည်း ဒဏ်ရာမကြာခဏ ရရှိနေသဖြင့် ပြီးခဲ့သည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလက ခရိုအေးရှားကလပ်သို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခွင့်ပြုခဲ့ပြီး စာချုပ်ကုန်ဆုံးချိန်တွင် အသင်းမှ ထွက်ခွာခွင့်ပြုခဲ့ကြောင်း သိရသည်။

ထို့ပြင် အသက် ၃၀ ရှိ ခံစစ်ကစားသမား ဒိုင်ယာသည် ဇန်နဝါရီလက ဘိုင်ယန်မြူးနစ်သို့ အငှားစေလွှတ်ခဲ့ပြီးနောက် လက်ရှိတွင် ဘိုင်ယန်မြူးနစ်နှင့် အပြီးသတ်လက်တွဲခဲ့ကာ အသက် ၂၄ နှစ်ရှိ တန်ဂန်ဂါသည်လည်း ဂျာမန်ကလပ် အော့စ်ဘတ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီး လူငယ်ကစားသမားများဖြစ်သည့် ဆာယာစ်၊ ဘီလီဟိပ်၊ မော်ဂန်နှင့် ဝဲလ်ဟော့ကင်းတို့ကိုလည်း စပါးအသင်းက ထွက်ခွာခွင့်ပြုခဲ့သည်။

နည်းပြ ပိုစတီကိုဂလူသည် စပါးအသင်းကို လာမည့်နွေရာသီ အပြောင်းအရွှေ့တွင် ကစားသမားသစ်များ ထပ်မံဖြည့်တင်း၍ ပြုပြင်ပြောင်းလဲမှုများ ထပ်မံပြုလုပ်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ဝက်စ်ဟမ်းအသင်း ကွင်းလယ်ကစားသမား ပါကွီတာသည် အက်ဖ်အေကချမှတ်ထားသည့် လောင်းကစားဥပဒေချိုးဖောက်ခဲ့ပြီး လက်စတာအသင်း၊ အေဗီလာအသင်း၊ လိဒ်အသင်းနှင့် ဘုန်းမောက်အသင်းတို့ပွဲစဉ်တွင် အဝါကတ်လောင်းကြေးကစားခဲ့ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသဖြင့် တစ်သက်တာပွဲပယ်ပြစ်ဒဏ် ကျခံရဖွယ်ရှိကြောင်း သိရသည်။
- မန်ယူအသင်းကွင်းလယ်ကစားသမား ကက်စမဲရိုးက စပိန်စတုတ္ထတန်းကလပ် မာဘယ်လာအသင်း၏ ရှယ်ယာအချို့ကို ဝယ်ယူခဲ့ပြီး အသင်းအားကစားဒါရိုက်တာရာထူးကို ရယူခဲ့ကြောင်း သိရသည်။
- အာဆင်နယ်အသင်းနည်းပြ အာတီတာက ဂျီရိုနာအသင်းနှင့် ခြေစွမ်းပြနေသည့် တိုက်စစ်ကစားသမား စီဂန်ကော့ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၂ သန်းဝန်းကျင်ဖြင့် ခေါ်ယူရန် ကြိုးပမ်းလျက်ရှိသည်။

**ML**

## အိုလံပစ်ရွှေတံဆိပ်ဆုအားကာကွယ်ရန် ပစ်မှတ်ထားနေကြောင်း ရှောင်ဖီလီပြောကြား

**ဝါရှင်တန် ဇွန် ၅**

အမေရိကန် ဂေါက်သီးရိုက်ကစားသမား ရှောင်ဖီလီသည် ၂၀၂၄ ပဲရစ်အိုလံပစ် အားကစားပွဲတော်တွင် အမေရိကန်ကိုယ်စားပြုအနေဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ ရွှေတံဆိပ်ကိုလည်း အမေရိကန်အသင်းအတွက် ထပ်မံဆွတ်ခူးပေးနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ယနေ့တွင် ပြောကြားခဲ့သည်။

ရှောင်ဖီလီသည် ၂၀၂၀ တိုကျိုအိုလံပစ် အားကစားပွဲတော်တွင် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ အမေရိကန် အသင်းအတွက် ရွှေတံဆိပ်ဆုကို ဆွတ်ခူးပေးထားပြီး အိုလံပစ်ရွှေတံဆိပ်ဆုအား နှစ်ကြိမ်ဆက် ဆွတ်ခူးနိုင်သော ကစားသမားဖြစ်နိုင်ရေးအတွက် ပစ်မှတ်ထားနေကြောင်းလည်း ပြောကြားခဲ့သည်။

ရှောင်ဖီလီသည် ဇွန် ၇ ရက်တွင် ကျင်းပသွားမည့် Memorial Tournament ဂေါက်သီးရိုက်ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ကမ္ဘာ့အဆင့်(၁)နေရာအား တက်ရောက်နိုင်ရေးအတွက် အောင်မြင်မှုများ ဆက်တိုက်ရယူသွားရန်လည်း ပစ်မှတ်ထားနေသည့် ကစားသမားဖြစ်သည်။

ရှောင်ဖီလီက ၎င်းအနေဖြင့် ကမ္ဘာ့အဆင့်(၁) နေရာတွင် ရပ်တည်နေသည့် အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာ၊ ကမ္ဘာ့အဆင့်(၃) နေရာတွင် ရပ်တည်နေသည့် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းတို့၏ စွမ်းဆောင်ရည် လယ်ဗယ်မျိုးကို မရောက်သေးကြောင်းလည်း ဝန်ခံပြောကြားခဲ့သည်။




ရှောင်ဖီလီက "တိုကျိုအိုလံပစ်မှာ အမေရိကန်အသင်းအတွက် ရွှေတံဆိပ်ဆု ဆွတ်ခူးရယူပေးနိုင်ခဲ့တဲ့အချိန်တွေကို သတိရနေဆဲပါ။ နောက်ထပ် အိုလံပစ်ရွှေတံဆိပ် ရယူချင်သေးတယ်။ ပဲရစ်အိုလံပစ် အားကစားပွဲတော်မှာ ရွှေတံဆိပ် ထပ်မံဆွတ်ခူးနိုင်ဖို့ အကောင်းဆုံး ကြိုးစားသွားမယ်။ မကြာခင် ကျင်းပတော့မဲ့ Memorial Tournament ဂေါက်သီးရိုက်ပြိုင်ပွဲမှာလဲ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပြီး ရလဒ်ကောင်းတစ်ခု ထွက်ပေါ်လာမယ်လို့ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : AZL**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၆)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



**ရန်ကုန် ဇွန် ၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက် ရှိနေသည့် မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ စလင်း အားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် YREO အသင်းတို့ကစားခဲ့ရာ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းသေချာခဲ့သည့် သစ္စာအားမာန်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး သစ္စာအားမာန်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် ဝေဖူးအိမ်၊ ပွဲချိန် ၃၉ မိနစ်တွင် ဇင်မာထွေးနှင့် ပွဲချိန် ၄၁ မိနစ်တွင် မြတ်နိုးခင်တို့က သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အလားတူ ညနေ ၄ နာရီတွင် YUSC အားကစားကွင်း၌ ရန်ကုန်ယူနိုက်တက် အသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ခြောက်မိနစ်တွင် ယွန်းဝတီလှိုင်၊ ပွဲချိန် ၁၁ မိနစ်တွင် ဇင်မိုးပြည့်၊ ပွဲချိန် ၆၂ မိနစ်တွင် ဝင်းသိင်္ဂီထွန်း၊ ပွဲချိန် ၆၅ မိနစ်တွင် ဆွေမာအောင်တို့က အသီးသီး သွင်းယူပေးနိုင်ခဲ့သည်။

**STA**

# အာရှယူ-၂၀ပြိုင်ပွဲ ခြေစစ်ပွဲအတွက် မဲအိုးသတ်မှတ်မှုတွင် မြန်မာယူ-၂၀အသင်း မဲအိုးနံပါတ်(၃)၌ ကျရောက်

**ရန်ကုန် ဇွန် ၅**

အာရှ ယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအတွက် အုပ်စုမဲခွဲရန် မဲအိုးသတ်မှတ်မှုတွင် မြန်မာ ယူ-၂၀ အသင်းသည် မဲအိုးနံပါတ်(၃)တွင် ကျရောက်လျက် ရှိနေကြောင်း သိရသည်။

အာရှ ယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုပွဲစဉ်များကို ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံ၊ ဆော်ဒီအာရေဗျနိုင်ငံ၊ ကာဂျစ်စတန်နိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်(တိုင်ပေ)နှင့် ကူဝိတ်နိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

အာရှ ယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲအတွက် အုပ်စုမဲခွဲရန် မဲအိုးနံပါတ်သတ်မှတ်မှုတွင် မဲအိုးနံပါတ်(၁)၌ ဥဇဘတ်ကစ္စတန်၊ အီရတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျ၊ အီရန်၊ ဂျော်ဒန်၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် တာဂျစ်ကစ္စတန်အသင်း၊ မဲအိုးနံပါတ်(၂)တွင် ဆော်ဒီအာရေဗျ၊ ဆီးရီးယား၊ ကာဂျစ်စတန်၊ အိုမန်၊ ကာတာ၊ ထိုင်း၊ လက်ဘနွန်၊ မွန်ဂိုလီးယား၊ ဘာရိန်းနှင့် တရုတ်(တိုင်ပေ) အသင်း၊ မဲအိုးနံပါတ်(၃)တွင် မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ပါလက်စတိုင်း၊ ယူအေအီး၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ မြန်မာ၊ တီမောလက်စ်တေ၊ စင်ကာပူနှင့် ကမ္ဘောဒီးယားအသင်းတို့ ကျရောက်ခဲ့သည်။

အလားတူ မဲအိုးနံပါတ်(၄)တွင် ကူဝိတ်၊ တာ့ခ်မင်နစ္စတန်၊ လာအို၊ ဘူတန်၊ ဟောင်ကောင်၊ သီရိလင်္ကာ၊ ဘရူနိုင်း၊ မော်ဒိုက်၊ နီပေါနှင့် ဂူအန်အသင်း၊ မဲအိုးနံပါတ်(၅)တွင် မြောက်မာရီနာကျွန်းစု၊ မြောက်ကိုရီးယားနှင့် မကာအိုအသင်းတို့ ကျရောက်လျက်ရှိသည်။

**STA**

# ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၅**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A)၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက် အတိုက်ပွဲစဉ်များ ကစားခဲ့ရာ အမျိုးသား(-၆၀) ကီလိုပြိုင်ပွဲတွင် နိုင်ဌေး(ရန်ကုန်တိုင်းဒေသကြီး)က ပထမ၊ နေဆန်း(တနင်္သာရီတိုင်းဒေသကြီး)က ဒုတိယ၊ ကျော်ဇက်(ရခိုင်ပြည်နယ်)က တတိယ၊ အောင်နိုင်မိုး(ကယားပြည်နယ်)က ပူးတွဲတတိယ၊ အမျိုးသား (-၆၆)ကီလိုပြိုင်ပွဲတွင် လှိုင်မင်းခန့်(စစ်ကိုင်းတိုင်းဒေသကြီး)က ပထမ၊ ဝေလင်းထွေး (ဧရာဝတီတိုင်းဒေသကြီး)က ဒုတိယ၊ သီဟသော်(ရန်ကုန်တိုင်းဒေသကြီး)က တတိယ၊ မျိုးမြင့်မြတ်(ရှမ်းပြည်နယ်)က ပူးတွဲတတိယ၊ အမျိုးသား (-၇၃)ကီလိုပြိုင်ပွဲတွင် အောင်သန့်ကျော် (ဧရာဝတီတိုင်းဒေသကြီး)က ပထမ၊ ဖြိုးကိုကို (ရန်ကုန်တိုင်းဒေသကြီး)က ဒုတိယ၊ မျိုးလတ်အောင် (ကချင်ပြည်နယ်)က တတိယ၊ လင်းထက်ဦး (နေပြည်တော်)က ပူးတွဲတတိယ ရရှိခဲ့သည်။

ဆက်လက်ပြီး အမျိုးသား (+၇၃)ကီလိုပြိုင်ပွဲတွင် ကျော်ခန့်စိုး (ရန်ကုန်တိုင်းဒေသကြီး)က ပထမ၊ စထက်ဝေဖြိုး (ဧရာဝတီတိုင်းဒေသကြီး)က ဒုတိယ၊ ဇော်လင်းဖြိုး (စစ်ကိုင်းတိုင်းဒေသကြီး)က တတိယ၊ ခန့်ထူးနိုင် (ပဲခူးတိုင်းဒေသကြီး)က ပူးတွဲတတိယ၊ အမျိုးသမီး(-၄၈) ကီလိုပြိုင်ပွဲတွင် တင်ဇာမြင့်(ကချင်ပြည်နယ်)က ပထမ၊ နှင်းဝတ်မှုံလွင် (ဧရာဝတီတိုင်းဒေသကြီး)က ဒုတိယ၊ နော်တေးဖာဖော(ကယားပြည်နယ်)က တတိယ၊ အေးချမ်းဖြိုး (မန္တလေးတိုင်းဒေသကြီး)က ပူးတွဲတတိယ၊ အမျိုးသမီး (-၅၂)ကီလိုပြိုင်ပွဲတွင် မေဇင်ဖြိုး (ကချင်ပြည်နယ်)က ပထမ၊ စန္ဒာဝင်း(ချင်းပြည်နယ်)က ဒုတိယ၊ နော်မြတ်နိုးရွှေစင် (မွန်ပြည်နယ်)က တတိယ၊ ဆန်မိုင်းရာ (ရှမ်းပြည်နယ်)က ပူးတွဲတတိယ၊ အမျိုးသမီး(-၆၃) ကီလိုပြိုင်ပွဲတွင် ထက်ထက်လင်း (မန္တလေးတိုင်းဒေသကြီး)က ပထမ၊ နှင်းမိုးပွင့်ဖြူ (ကရင်ပြည်နယ်)က ဒုတိယ၊ တွယ်တာမိုး(ကယားပြည်နယ်)က တတိယ၊ ဂျူးမြတ်ချယ် (ဧရာဝတီတိုင်းဒေသကြီး)က ပူးတွဲတတိယ၊ အမျိုးသမီး(+၆၃) ကီလိုပြိုင်ပွဲတွင် နန်းသဲနုနုစံ (ကရင်ပြည်နယ်)က ပထမ၊ ယွန်းဝတီစိုး (ရန်ကုန်တိုင်းဒေသကြီး)က ဒုတိယ၊ ဖရေးမြာသဲဦးဝေ (ကယားပြည်နယ်)က တတိယ၊ နန်းနုနုခေါင် (ရှမ်းပြည်နယ်)က ပူးတွဲတတိယဖြင့် အသီးသီးရရှိခဲ့ကြကြောင်း သိရသည်။

**STA**

# French Open တင်းနစ်ပြိုင်ပွဲမှ ဒူးဒဏ်ရာကြောင့် ဂျိုကိုဗစ်နုတ်ထွက်

**ပဲရစ် ဇွန် ၅**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် French Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် အာဂျင်တီးနား တင်းနစ်ကစားသမား စီရန်ဒိုလိုအား အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်နိုင်ခဲ့သည့် ဂျိုကိုဗစ်သည် စတုတ္ထအဆင့်တွင် ရရှိခဲ့သောဒဏ်ရာကြောင့် ကွာတားဖိုင်နယ်အဆင့်အား ဆက်လက်ယှဉ်ပြိုင် ကစားနိုင်တော့မည်မဟုတ်ဘဲ ပြိုင်ပွဲမှ နုတ်ထွက်လိုက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဂျိုကိုဗစ်သည် ကွာတားဖိုင်နယ်အဆင့်တွင် နော်ဝေတင်းနစ်ကစားသမား ကပ်စပါရုဒ်နှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သော်လည်း ဒူးဒဏ်ရာမှာ ပြင်းထန်သည့်အတွက်ကြောင့် ပြိုင်ပွဲမှနုတ်ထွက်သွားခဲ့ပြီး ကပ်စပါရုဒ်အနေဖြင့် ကွာတားဖိုင်နယ်အဆင့်အား ယှဉ်ပြိုင်ကစားရန်မလိုတော့ဘဲ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခွင့်ရခဲ့သည်။

ဂျိုကိုဗစ်သည် ကစားသမားဘဝသက်တမ်းတစ်လျှောက် ဂရန်းစလန်းဆုဖလား ၂၅ လုံးထိ ဆွတ်ခူးရရှိရေးအတွက် ပစ်မှတ်ထားခဲ့သော်လည်း ရည်မှန်းချက်ကို အကောင်အထည်ဖော်ခွင့်မရတော့သလို ကမ္ဘာ့အဆင့်(၁)နေရာကိုပါ လက်လွှတ်ရမည့် အရေးဖြင့် ရင်ဆိုင်နေရသည်။

ဂျိုကိုဗစ်သည် ဒူးဒဏ်ရာ အခြေအနေအား စကန်ဖတ်စစ်ဆေးခဲ့ရာတွင် ဒူးဆစ်ဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ပြီး ကာလရှည် အနားယူရဖွယ်ရှိနေကြောင်းလည်း သိရသည်။

**Ref : RT**

**Trs : AZL**



# WBA၊ WBC၊ WBO ကမ္ဘာ့လိုက်ဟဲဗီးဝိတ်တန်းချန်ပီယံ ဗာနက်ကာနှင့် ထိုးသတ်မည်ဖြစ်ကြောင်း ကလာရက်ဆာ အတည်ပြုထုတ်ပြန်

**ဒက်ထရွိုက် ဇွန် ၅**

အမျိုးသမီး မစ်ဒယ်ဝိတ်တန်း၏ ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်နေသည့် အမေရိကန်လက်ဝှေ့မယ် ကလာရက်ဆာသည် လာမည့် ဇူလိုင် ၂၇ ရက်တွင် WBA၊ WBC၊ WBO ကမ္ဘာ့လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံ ကနေဒါလက်ဝှေ့မယ် ဗာနက်ကာနှင့် အမေရိကန်နိုင်ငံ ဒက်ထရွိုက်ပြည်နယ်တွင် ထိုးသတ်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ကလာရက်ဆာသည် ဝိတ်တန်းနှစ်ခုမြင့်ကာ ဗာနက်ကာနှင့် ထိုးသတ်သွားမည်ဖြစ်ပြီး ၎င်းအတွက် စွန့်စားရသည့် ဆုံးဖြတ်ချက်ဖြစ်သော်လည်း အနိုင်ရရှိရန် ယုံကြည်ချက် အပြည့်ရှိကြောင်း ပြောကြားခဲ့သည်။

ကလာရက်ဆာသည် လက်ဝှေ့လောကတွင် ရှုံးပွဲမရှိသေးသည့် လက်ဝှေ့မယ်တစ်ဦးဖြစ်ပြီး ဗာနက်ကာက ရှုံးပွဲတစ်ပွဲသာရှိသေးသည့် လက်ဝှေ့မယ်တစ်ဦး ဖြစ်ကြောင်း သိရသည်။

ကလာရက်ဆာ အနေဖြင့် ဝိတ်တန်းနှစ်ခုထိ ချက်ချင်းမြှင့်တင်လိုက်ခြင်းမှာ စွန့်စားရာကျနေသော်လည်း စိန်ခေါ်မှုများကိုသာ လိုချင်သည့်အတွက်ကြောင့် ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# အချိန်ကို အကျိုးရှိစွာအသုံးပြုစေလို

**ထက်အောင်လူ(နံ့သာမြေ)**

အချိန်ရှိခိုက် လုံ့လစိုက်ဟု လူတိုင်းသိကြသော်လည်း လုံ့လမပါ ဖြုန်းတီးကာနှင့် ဗလာနေ့ရက်တိုင်း ဖြစ်နေတတ်သည်။ ဂျပန်လူမျိုးတို့၏အချိန်လေးစားမှုကို အလေးပြုမိကြပါသော်လည်း ကျွန်တော်တို့လူမျိုးတို့၏အကျင့်စရိုက်နှင့် နေထိုင်မှုတို့မှာ အားရကျေနပ်စရာမရှိသေးပါချေ။ ပတ်ဝန်းကျင်ရပ်ကွက်နှင့် ဘတ်စကားပေါ်တို့ကို ကြည့်မိရာ ဖုန်းကို ကိုယ်စီပွတ်နေကြပေ၏။ ထိုဖုန်းအတွင်းမှ မည်သည့်အရာများကြည့်ကြသည်ကို သေချာလေ့လာရန်ပင်မလိုပါဘဲ အချို့မှာ ဂိမ်းစွဲလျက် အကျိုးရှိစွာ အချိန်များကုန်ဆုံးနေ၏။ အချို့မှာမူ ဆိုရှယ်မီဒီယာ အသုံးပြုလျက် ဘဝလမ်း၏လမ်းကြောင်းလွဲမှားစွာ အချိန်ကုန်ဆုံးနေကြရပေသည်။ လူအများစုသည် အောင်မြင်၊ ထင်ပေါ်၊ ကျော်ကြားချင်ကြသော်လည်း ထိုအရာတို့၏လမ်းစ "တုစုပြု"ကို မျက်ကွယ်ပြုကြချေ၏။ မိမိဘဝ၌ အချိန်လွန်နောင်တ မဖြစ်ရရန် သတိပြုနေထိုင်သင့်ပါပေ၏။ "အောင်မြင်သူကဲ့သို့ ပြုမူပါ။ သင်အောင်မြင်ပါလိမ့်မည်" ဟူသောစကားကို မသိကျိုးကျွန်ပြုနေကြပေ၏။ အောင်မြင်သောဘဝ၊ တိုးတက်ငြိမ်းချမ်းသောဘဝကို တောင့်တကြသော်လည်း ရေလိုက်လွဲနေကြပေ၏။ "အချိန်နှင့်ဒီရေ လူကိုမစောင့်" ဟူသော စကားကို သိသာသိကြသော်လည်း လက်တွေ့လိုက်မလုပ်နိုင်ကြ၍ အကျိုးထူးကို မရရှိကြပါပေ။ အချိန်သည် ဘဝဆိုသည်ကို မေ့လျော့လျက် အချိန်၏အဖိုးတန်မှုကို ဂယနဏ မသုံးသပ်ကြပါပေ။ မိမိဘဝကို ဆရာဖြိုးသီဟ၏ "ကြီးပွားချင်ရင် ချမ်းသာချင်ရင် အမြန်ပင် ကိုယ့်အရင်းတည် လူမွဲပြောင်လို့ လူပြောင်မမွဲအောင် ဝီရိယဖွဲ့နဲ့ချီ" "အချိန်ကို မဖြုန်း ငွေကိုမဖြုန်း ကြုံးဝါးလို့ ငါဟဲ့မာန်ချီ" အစရှိသော သီချင်းစာသားများ အနီးအနားရှိပါသော်လည်း မိမိဘဝတက်လမ်းကို မေ့လျော့မနေသင့်ပါချေ။ "အချိန်က စိန်ရွှေငွေ ထိန်ဝေစေ လူ့ဘဝ" ဟူသောစာချိုးနှင့်အညီ အချိန်ကို အရင်းအနှီးပြုလျက် ဘဝခရီးကို အကောင်းဘက်သို့ မောင်းနှင်ကြရပေမည်။ ထို့ကြောင့် ဆရာကြီး ပီမိုးနင်းကမူ "အချိန်သည် အဖိုးတန်ဆုံးသောအရင်းနှီး" ဟု သုံးနှုန်းခဲ့ပေသည်။ မိမိဦးနှောက်ဖွံ့ဖြိုးမှုကို ရှေးရှုလုပ်ဆောင်လျက် တစ်ရက်ကြီး တစ်နည်းသာသောလူဖြစ်ရန် ကြိုးစားရပေမည်။

လူတချို့သည် မိမိဘဝ၏ပန်းတိုင်ဟူသော ရည်ရွယ်ချက်ပျောက်လျက် ဘဝကို ရေစုန်မျောနေကြပေ၏။ ထိုသူများအထဲ မိမိတို့မပါသင့်ပါပေ။ ငယ်စဉ်အခါက ပုံပြင်ထဲ၌ ပုရွက်ဆိတ်နှင့်နှံကောင်တို့ ဥပမာထားကာ နှံကောင်သို့မပြုကျင့်ပါဘဲ ပုရွက်ဆိတ်ပမာ အချိန်ရှိခိုက် လုံ့လစိုက်ကာ ဘဝအတွက် ရှာဖွေစုဆောင်းကြရပေမည်။ ဘဝဟူသည် တိုက်ပွဲဖြစ်၍ အခက်အခဲအကျပ်အတည်းတို့ကို ကျော်လွှားကာ လုံ့လဝီရိယနှင့် ပညာဉာဏ်လေးကို အသုံးချကာ လောကဓံဝဲဂယက်တိုက်ပွဲကို အနိုင်ယူ ကြရပေမည်။ သို့မှသာ နေပျော်သောဘဝ ပြုံးပျော်သောအနှစ်သာရနှင့်တန်ဖိုးအနဂ္ဂဖြစ်ပေလိမ့်မည်။ ဆရာကြီးတင်မိုးကမူ "လူ" ဟူသောကဗျာ၌ "ငှက်ကလေးတစ်ကောင် သူ့အတောင် သူအားကိုးနဲ့ မိုးထိပျံ၏၊ အတောင်မပါ ယောင်ချာချာ ဒီလူထူးမှာ စိတ်ကူးတွေအတောင်ပေါက် မိုးဖောက်နိုင်ဘိ" ဟု ဆိုထားသကဲ့သို့ မိမိတို့အလိုရှိရာကို လုံ့လပြုလျက် ရည်ရွယ်လျှောက်လှမ်းကြရပေမည်။

❖ အချိန်ကို အသုံးချလျက် မိမိသွားလိုသောပန်းတိုင်၊ ရောက်လိုသော အနေအထားသို့ ရည်ရွယ်ချက်ကြီးမားလျက်သွားပါမှ တော်ကာကျလိမ့်မည်။ အချိန်သည် အလွန်အရေးကြီးပေ၏ သူ့အရွယ်နှင့်သူ ပထမ၊ ဒုတိယ၊ တတိယအရွယ်တို့၌ ဘဝကိုလုပရေး ဟန်ချက်ညီညီရှင်သန်နေထိုင်ရပေမည်။ ဥပမာအားဖြင့် တောင်သူဖြစ်ပါလျှင်မူ နွေဖြစ်လျှင် နွေသီးနှံ၊ မိုးဖြစ်လျှင် မိုးသီးနှံတို့ကို ထွန်ထည်ကျေညက်လျက် ရာသီကျ အချိန်ကိုက်အချိန်မီအလုပ်လုပ်ကြရပေ၏။ သို့မှသာ အောင်မြင်ဖြစ်ထွန်းသော သီးနှံတို့နှင့် လုပ်သမျှ သုခဖြစ်ပေမည်။ အကယ်၍ နောက်ကျခဲ့ပါမူ ဖူးငုံ အကင်းနှင့် အသီးဖျင်းတတ်ပါပေ၏။ ❖

ကမ္ဘာပေါ်၌ လူမျိုး၊ ဘာသာ၊ နိုင်ငံ၊ နေရာ၊ ပညာ၊ ရာထူး၊ ဥစ္စာ၊ ဌာနနှင့် အသားအရောင် မခွဲခြားပါဘဲ လူတိုင်းအတွက် ၂၄ နာရီ အတူညီမျှရရှိပေသည်။ ထို့ကြောင့် အားငယ်စရာမလိုပါဘဲ အချိန်ရှိခိုက် လုံ့လစိုက်လျက် "တတ်ချင်လျှင် သင် တော်ချင်လျှင်လေ့ကျင့်" ဟူသော စကားနှင့်အညီ မိမိမတတ်မြောက်သေးသောအရာများကို သင်ယူလျက် ဘဝ၏ပန်းတိုင်သို့ရောက်ရန် လိုအပ်ချက်များကို ဖြည့်ဆည်းလျက် တော်ရေး၊ တတ်ရေး၊ ထူးချွန်ရေး ကြိုးကုတ်ကြရပေမည်။ အချိန်ရှိခိုက်တွင် မိမိ၏ဘဝ၌ ကုသိုလ်၊ ပညာ၊ ဥစ္စာတို့ကို ရရှိအောင်ဆောင်ရွက်ရပေမည်။ မိမိ၏အသက်ဆိုင်ဆုံးအရာမှာ လက်ရှိပစ္စုပ္ပန် အခြေအနေပင်ဖြစ်၍ ပစ္စုပ္ပန်၌ ကောင်းသောကံများကို ဖန်တီးရန် အသေအချာပိုင်ဆိုင်အားကိုးနိုင်သောအရာများမှာလည်း မိမိ၏ဆန္ဒ၊ ဉာဏ်၊ ဝီရိယတို့ပင် ဖြစ်သောကြောင့်တည်း" ဟု ဆရာနန္ဒာသိန်းဇံက ဆိုသည်။ "အချိန်သည် အကောင်းဆုံးသမားတော်" ဟူသော စကားနှင့်အညီ နေ့စဉ် အမြဲမပျက်ဖြည့်ကျင့်ပါက လိုအပ်မှုတို့ပြည့်ဝလျက် နေ့ရက်တိုင်း ကျန်းမာချမ်းသာစေလိမ့်မည်။

စာရေးသူတို့ကြားဖူးသော ကျီးငှက်တစ်ကောင်သည် ဘဝကို ရေစုန်မျောလျက် ဆင်သေ၏ ဝမ်းဗိုက်ပေါ်၌ လိုက်ပါနေရင်း သမုဒ္ဒရာအတွင်း ပြန်လမ်းမရှိ ပိတ်မိ၍ ဘဝဆုံးရလေသည်။ ထို့အတူ ကျွန်တော်တို့သည်လည်း ပျင်းရိခြင်းဟူသော ကျီးငှက်စိတ်ထားနှင့် ဘဝကို သက်သောင့်သက်သာ ဖြတ်သန်းရေစုန်မျောပါမူ လောကဓံဝဲဂယက်အတွင်း သက်ဆင်းရပေလိမ့်မည်။ ဘဝဟူသည် တိုက်ပွဲတစ်ခုဖြစ်၍ အချိန်ကို အသုံးချလျက် ရဲရဲရင့်ရင့် လှော်ခတ်ပန်းဝင်နိုင်ရမည်။ ဘဝကို အရှုံးမပေးသောစိတ်ဓာတ်နှင့် မှန်ကန်သော လမ်း လျှောက်လှမ်းနိုင်ရေးကိုမူ တစ်ပါးသူတို့၏ အတွေ့အကြုံများကို သင်ခန်းစာယူလျက် မိမိဘဝ အလှဆုံးဖြစ်အောင် ဖန်တီးတည်ဆောက်ကြရပေမည်။ အတွေ့အကြုံများနှင့် မှန်ကန်မှုရှိစေရန်မှာမူ စာအုပ်စာပေတို့ကို အမြဲမပြတ် ဖတ်မှတ်ရပေမည်။ "အလိမ္မာစာမှာရှိ"ဟူသော စကားနှင့်အညီ ဘဝကို လိမ္မာပါးနပ်စွာ ဖြတ်သန်းနိုင်ရေး စာပေနှင့် ထိန်းကျောင်းမောင်းနှင်ရပေမည်။ "လူတစ်ယောက်၏ အနာဂတ်ကိုသိလိုလျှင် အားလပ်ချိန်များ၌ မည်သည့်အရာလုပ်သနည်း" ဟူသောစကားနှင့်အညီ မိမိအားလပ်ချိန်များ၌ အချိန်များကို မဖြုန်းတီးပါဘဲ ကောင်းကျိုးများဖြစ်ထွန်းရေးအတွက် တွေးတောကြံဆ ပြုလုပ်နေရပေမည်။ လူတို့သည် လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်တို့၌ အချိန်ဖြုန်း ငြင်းခုံနေသည့်အထဲ မိမိမပါဝင်ရန် လိုအပ်ပေသည်။ ထိုထက်မက ယခုခေတ်အနေအထားအရ ဖုန်းများ၌ အွန်လိုင်းလောင်းကစားများ၊ ဂိမ်းများ၊ ဖျော်ဖြေရေးများ နောက်လိုက်၍ သူများယောင်၍လိုက်ယောင်ကြလျက် သတိမမူပါဘဲ လူအများအချိန်ကုန်မှန်းမသိကုန်သွားကြသော်လည်း မိမိသည် ထိုအဖြစ် ရှောင်ကြဉ်ရပေမည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံမှလူတို့သည် ပင် ကား၊ ဘတ်စကား၊ ရထားပေါ်တို့၌ပင် အချိန်ကိုအသုံးချကာ စာဖတ်ကြသကဲ့သို့ စာရေးသူတို့ အတုယူကြရပေမည်။

အချိန်ကို အသုံးချလျက် မိမိသွားလိုသော ပန်းတိုင်၊ ရောက်လိုသောအနေအထားသို့ ရည်ရွယ်ချက်ကြီးမားလျက်သွားပါမှ တော်ကာကျလိမ့်မည်။အချိန်သည်အလွန်အရေးကြီးပေ၏ သူ့အရွယ်နှင့်သူ ပထမ၊ ဒုတိယ၊ တတိယအရွယ်တို့၌ ဘဝကိုလုပရေးဟန်ချက်ညီညီရှင်သန်နေထိုင်ရပေမည်။ ဥပမာအားဖြင့် တောင်သူဖြစ်ပါလျှင်မူ နွေဖြစ်လျှင် နွေသီးနှံ၊ မိုးဖြစ်လျှင် မိုးသီးနှံတို့ကို ထွန်ထည်ကျေညက်လျက် ရာသီကျ အချိန်ကိုက်အချိန်မီအလုပ်လုပ်ကြရပေ၏။ သို့မှသာ အောင်မြင်ဖြစ်ထွန်းသောသီးနှံတို့နှင့် လုပ်သမျှ သုခဖြစ်ပေမည်။ အကယ်၍ နောက်ကျခဲ့ပါမူ ဖူးငုံ အကင်းနှင့် အသီးဖျင်းတတ်ပါပေ၏။

ဆရာကန်မြဲအေးကျော်ကမူ အချိန်ကာလ၏ အရေးကြီးပုံကို သတိပြုမိရန်"ပန်းရည်ဘဏ်တိုက် သီချင်း"နှင့် အလင်းပြခဲ့ပေသည်။ တစ်ပုဒ်လုံးကောင်းသော်လည်း ထိုအထဲမှ အနည်းငယ်ထုတ်ပြရပါလျှင် "မိုးလေသာခိုက် သယ်ယူလိုက်ပ့ါ ပန်းရည်ဘဏ်တိုက် ဆောက်ကြပါလေကုန်" ဟု စပ်ဆို မီးမောင်းထိုးပြခဲ့လေ၏။ ပညာ၊ လူမှု၊ စီးပွား၊ နိုင်ငံရေး အဘက်ဘက်မှ သုံးသပ်လျက် ယူဆောင်လိုက်နာသင့်ပါပေ၏။

ပျင်းရိခြင်းခြောက်ပါးဖြစ်သော အေးသည်၊ ပူသည်၊ စောသည်၊ မိုးချုပ်သည်၊ ဆာလောင်သည် ပြည့်အင့်သည်ဆိုသောအကြောင်းပြချက်အမျိုးမျိုးပေးတတ်သောအကျင့်ပျက်စီးခြင်းအစ ခြောက်ပါးကို ကင်းရှင်းရပေမည်။ "အချိန်ကိုအသုံးချ လုံ့လပြုပါလျှင် လောက၌ မဖြစ်နိုင်သောအရာမရှိပေ" ဟု မြတ်ဗုဒ္ဓဟောကြားခဲ့ဖူးပေသည်။ ထို့ကြောင့် အောင်စိတ်နှင့် နေ့ရက်တိုင်းကို အကျိုးရှိရှိ အသုံးချလျက် မိမိကိုယ်ကို "မနေ့က ငါထက် ယနေ့ ပိုတော်သောငါ" တိုးတက်အောင်လုံ့လပြုသော ကြိုးကုတ်သော "စိန်ပေဒါစိတ်ထား" သို့ ကျင့်ကြံကြရပေမည်။ ဘဝဟူသည် အချိုးညီညီဖျော်စပ်ထားသော ကော်ဖီတစ်ခွက်ပမာပင်ဖြစ်၍ အချိန်ရှိချိန်တွင် စီးပွား၊ လူမှု၊ ပညာဘက်ပေါင်းစုံကို အချိုးညီညီ စီမံခန့်ခွဲရပေ မည်။ ဘဝခရီးကို ကာယစိတ္တနှစ်ဝသုခဖြစ်ရေး ကြိုးပမ်းရပေမည်။ လောကီသာမက လောကုတ္တရာ သံသရာပါကြည့်လျက် "ကုသိုလ်ပညာဥစ္စာ"နှင့်ပြည့်စုံရေး ရှေးရှုလုပ်ဆောင်ကြရပေမည်။ အတ္တများနှင့် လောဘ၊ ဒေါသ၊ မာနတို့ဖုံးလွှမ်းနေပါမူ ဘဝတန်ဖိုးနှင့် အချိန်ကောင်းဟု မဆိုနိုင်ပါ၍ မိမိ၏ စိတ်နေသဘောထားဖြူဖွေးလွှကာ အတ္တပရမျှသူ၊ လောကကောင်းကျိုးစွမ်းသမျှသယ်ပိုးနေသူဖြစ်ရေးကိုလည်း ကြိုးစားလုပ်ဆောင်ရပေမည်။

အချုပ်ဆိုရပါသော် "ပစ်ပြီးသောလေး၊ ပြောပြီးသောစကား၊ ဆုံးသွားသောမိဘနှင့် ကုန်ဆုံးသွားသောအချိန်တို့သည် ပြန်လည်ပြုပြင်ပြောင်းလဲ၍မရတော့" ဟု အဆိုရှိပါ၍ အချိန်ကိုဖြုန်းတီးမှုသည် ဘဝကိုဖြုန်းတီးမှုဟု အသိတရားဝင်ကြရပေမည်။ မြတ်ဗုဒ္ဓဆုံးမတော်မူသော "အရင်စက္ကန့်ပိုင်းအတွင်း စီးနေသောမြစ်ရေနှင့် အရင်စက္ကန့်ပိုင်းအတွင်း ခန္ဓာအဖြစ်အပျက်တို့သည် ကုန်ဆုံးစီးမျောနေကြောင်း" သိရှိသတိမူကြရပေမည်။

အချိန်တစ်စက္ကန့်အတွင်း ကုဋေပေါင်းတစ်သိန်းဖြစ်ပျက်နေသောကြောင့် ပြောင်းလဲမှုသည် အလွန်မြန်ဆန်ပါပေ၏။ ထို့ကြောင့် မိမိဘဝတက်လမ်းနှင့် ငြိမ်းချမ်းသောလမ်းတို့ကို ရည်မျှော်လျက် အချိန်ကို အသုံးချ အပြုံးလှုရရှိအောင် ဖော်ဆောင်တည်ဆောက်ရပေမည်။ မြတ်ဗုဒ္ဓ၏ "အပ္ပမာဒေန သမ္ပာဒေထ" "မမေ့မလျော့ မပေါ့ဆသောသတိနှင့် နေကြလော့" ဟု ဆုံးမမှုအတိုင်း အချိန်ကို တန်ဖိုးထား အမှန်တိုးပွားကြပါစေကြောင်းနှင့် အချိန်ကိုစီမံခန့်ခွဲလျက် မိမိအတွက် မိမိဝန်းကျင်အတွက်၊ မိမိမြို့နယ်၊ ရွာ၊ မိမိတိုင်း၊ နိုင်ငံထိ အများကောင်းကျိုးသယ်ပိုးနိုင်သောသူများဖြစ်ကြပါစေကြောင်း ရေးသားလိုက်ပါတော့သည်။ ॥

**ကိုးကား**

- **ဘဝအဓိပ္ပာယ်နှင့်ဘဝသစ္စာ(နန္ဒာသိန်းဇံ)**
- **"လူ"ကလေးကဗျာ(တင်မိုး)**
- **သူဌေးဝါဒ(ဖြိုးသီဟ)**
- **ပန်းရည်ဘဏ်တိုက်(ကန်မြဲအေးကျော်)**
- **ဟောပြောပွဲများ(အောင်သင်း)**
- **အဖိုးတန်ဆုံးသောအရင်းနှီး(ပီမိုးနင်း)**
- **ဓမ္မပဒ**
- **အခြေခံပညာရေးပါပုံပြင်များ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ရွှေလင်ပန်းနှင့် ဆက်မည့်လက်ဆောင်ပြဇာတ်ကို Channel K ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်




ရန်ကုန် ဇွန် ၅

မမေ့စေချင် ဇာတ်သဘင် သဘင်ပွဲတော် Season 2 မြန်မာဇာတ်သဘင် ဖျော်ဖြေမှု အစီအစဉ်တွင် ရွှေလင်ပန်းနှင့် ဆက်မည့်လက်ဆောင် ပြဇာတ်ကို Channel K ရုပ်သံလိုင်းမှ ဇွန် ၈ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါသဘင်ပွဲတော် Season 2 တွင် ပါဝင်ဖျော်ဖြေမည့် ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင်မှ ဇာတ်မင်းသားကြီး ဦးချမ်းသာက ပြောပြ၍ သိရသည်။

မမေ့စေချင် ဇာတ်သဘင် သဘင်ပွဲတော် Season 2 မြန်မာဇာတ်သဘင် ဖျော်ဖြေမှုအစီအစဉ်ကို Channel K ရုပ်သံလိုင်းအပြင် Channel K ၏ Official You Tube Channel အသစ်တစ်ခုဖြစ်သည့် Channel K Enter-tainment YouTube Channel များမှ တစ်ပြိုင်တည်း ထုတ်လွှင့်ပြသပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"မြန်မာ့ဇာတ်သဘင်ကို ချစ်မြတ်နိုးတဲ့ သဘင်ချစ်ပရိသတ်တွေအတွက် Channel K ရုပ်သံလိုင်းကနေ ထပ်မံစီစဉ်တင်ဆက်ပေးလိုက်တဲ့ မမေ့စေချင် ဇာတ်သဘင် သဘင်ပွဲတော်ရဲ့ Season 2 မှာ ဇွန် ၈ ရက် စနေနေ့ ည ၉ နာရီမှာ ရွှေလင်ပန်းနှင့် ဆက်မည့်လက်ဆောင် ပြဇာတ်ကိုထုတ်လွှင့်မှာဖြစ်ပါတယ်။ အားပေးကြည့်ရှုပေးကြပါအုံး"ဟု ဇာတ်မင်းသားကြီးဦးချမ်းသာက ပြောသည်။

မမေ့စေချင်ဇာတ်သဘင် သဘင်ပွဲတော်၏ Season 2 တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်တွင် ရွှေမန်းချမ်းသာကတဲ့ သစ္စာမေတ္တာ ရွှေမန်းသဘင်၊ မန်းပန်တျာချစ်စွမ်းသာ ဇာတ်သဘင်အဖွဲ့၊ မြို့ရွှေမန်းသားဖိုးချစ်ဇာတ်သဘင်အဖွဲ့၊ မန်းပန်တျာ ပိုင်ထက်ဝေ ဇာတ်သဘင်အဖွဲ့တို့က အော်ပရာများ၊ ပြဇာတ်များ၊ နှစ်ပါးသွားအကအလှများ၊ အခြားဇာတ်သဘင် အစီအစဉ်များစွာတို့နှင့်အတူ ဖျော်ဖြေသွားမည်ဖြစ်ကြောင်းသိရသည်။ ASH

# Project Hail Mary ဇာတ်ကား ရိုက်ကူးရေးလုပ်ငန်း စတင်နေပြီဖြစ်

နယူးယောက် ဇွန် ၅

Amazon MGM စတူဒီယိုက Project Hail Mary ဇာတ်ကား ရိုက်ကူးမှုလုပ်ငန်းကို စတင်နေပြီဖြစ်ကြောင်း ဇွန် ၄ ရက် သတင်းများအရ သိရသည်။

သိပ္ပံအက်ရှင် ဇာတ်ကားတစ်ကားဖြစ်သည့် Project Hail Mary ဇာတ်ကားကို ဒါရိုက်တာ ခရစ္စတိုဖာမီလာနှင့် ဖီးလော့တို့က ရိုက်ကူးပေးမည်ဖြစ်သည်။


Project Hail Mary ဇာတ်ကားသည် အမေရိကန်စာရေးဆရာ အင်ဒီဝီရာ၏ အမည်တူသိပ္ပံဝတ္ထုကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားတွင် မင်းသား ရိုင်ယန်ဂိုးစလင်းနှင့် မင်းသမီး စန်ဒရာဟော်လာတို့က အဓိကဇာတ်ကောင်များအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

Project Hail Mary ဇာတ်ကားသည် အာကာသယာဉ်လင်းပြင်အတွင်း တစ်ဦးတည်းရှိနေသည့် အာကာသယာဉ်မှူးတစ်ဦးက အာကာသအန္တရာယ်တစ်ခုမှ ကမ္ဘာကို ကယ်တင်ရန်ကြိုးပမ်းပုံကို ပုံဖော်ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ၂၀၂၆ ခုနှစ် မတ် ၂၀ ရက်တွင် ရုံတင်ပြသရန် Amazon MGM စတူဒီယိုက စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO




# မိုးခါးရေ ဇာတ်ကားကို ဇွန် ၈ ရက်တွင် SKYPREMIER HD မှ ထုတ်လွှင့်သွားမည်ဖြစ်

ရန်ကုန် ဇွန် ၅

မိုးခါးရေ ဇာတ်ကားကို ဇွန် ၈ ရက်တွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်ကားတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် အောင်ရဲလင်းက ပြောပြ၍ သိရသည်။

မိုးခါးရေ ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ကိုလွင်(စနိုးဗိုက်)က ရေးသားထားကာ ဒါရိုက်တာ မောင်မောင်ဦး(စနိုးဗိုက်)က စနိုးဗိုက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ ကိုယ်ဝန်သည်အမျိုးသမီးတစ်ယောက်ကို ကယ်တင်ခဲ့ပါတယ်။ အဲဒီအမျိုးသမီးနဲ့အတူ လင်မယားဟန်ဆောင်ပြီး သူ့အိမ်ကို လိုက်သွားပါတယ်။ အဲဒီအမျိုးသမီးမိသားစုနဲ့ အတူတူ ဟန်ဆောင်နေရာကနေ တစ်နေ့ မထင်မှတ်ထားတဲ့ ဖြစ်ရပ်တွေ ဖြစ်လာတော့ ဟန်ဆောင်ထားတွေ သိသွားတဲ့နောက် ဘာတွေဆက်ဖြစ်ကြမလဲဆိုတာ ဒီဇာတ်ကားလေးမှာ ဆက်လက်ရှုစားကြပါ"ဟု သရုပ်ဆောင် အောင်ရဲလင်းက ပြောသည်။




မိုးခါးရေ ဇာတ်ကားသည် ၂၀၁၆ ခုနှစ်က စနိုးဗိုက်ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်ထားသည့် မြန်မာဗီဒီယိုဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားကို တစ်ပိုင်းတည်းအပြီးအဖြစ် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

မိုးခါးရေဇာတ်ကားတွင် သရုပ်ဆောင် အောင်ရဲလင်း၊ လင်းနေ၊ ယမင်းမေဦး၊ ဇော်ဦး၊ ဝင်းမင်းသန်း၊ ဇင်မျိုးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါဇာတ်ကားကို ဇွန် ၈ ရက် စနေနေ့ ည ၉ နာရီတွင် SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Jurassic World ဇာတ်ကား၌ မင်းသမီး လူနာဘာလိုက် သရုပ်ဆောင်မည်

နယူးယောက် ဇွန် ၅

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ Jurassic World ဇာတ်ကားတွင် Minifest မင်းသမီး လူနာဘာလိုက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၄ ရက် သတင်းများအရ သိရသည်။

Jurassic World ဇာတ်ကားသစ်တွင် လူနာဘာလိုက်သည် မင်းသမီး စကားလက်ဂျိုဟန်ဆင်၊ မင်းသား မာဟာရှာလာအလီတို့နှင့်အတူ ပါဝင်သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Jurassic World ဇာတ်ကားသစ်ကို ဒါရိုက်တာ ဂါရက်အက်ဒ်ဝပ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Jurassic World ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကိုအက်က ရေးသားပေးမည်ဖြစ်သည်။


Jurassic World ဇာတ်ကားအတွက် မူလ Jurassic Park (1993)ကို ရိုက်ကူးခဲ့သည့် ဒါရိုက်တာ စတီဗင်စပီးဘာ့ဂ်က ထုတ်လုပ်သူအဖြစ် တာဝန်ယူမည်ဖြစ်သည်။

Jurassic World ဇာတ်ကားသစ်ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်က စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO






# ဥမကွဲသိုက်မပျက် ဇာတ်ကားကို Mommy Thet Funny YouTube Channel မှ ထုတ်လွှင့်ပြသမည်

ရန်ကုန် ဇွန် ၅

သရုပ်ဆောင် မာမီသက် ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးထားသည့် ဥမကွဲ သိုက်မပျက် ဇာတ်ကားကို ဇွန်လအတွင်း Mommy Thet Funny You Tube Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သရုပ်ဆောင် ဒါရိုက်တာ မာမီသက်က ပြောပြ၍ သိရသည်။

ဥမကွဲသိုက်မပျက် ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သရုပ်ဆောင် မာမီသက်က ရေးသားထားပြီး ဒါရိုက်တာအဖြစ် ရိုက်ကူးထားကြောင်း သိရသည်။

"အမှန်တော့ ကျွန်တော့်ရဲ့မူလ သရုပ်ဆောင်ပိုင်းဟာ ဒရာမာပိုင်းဖြစ်ပါတယ်။ ဒါပေမဲ့ မာမီသက်ဆိုပြီး ဟာသဇာတ်ရုပ်နဲ့ လူသိများလာတဲ့အတွက် အခြားဇာတ်ရုပ်တွေမှာ သရုပ်ဆောင်ပိုင်း မရှိသလောက် ဖြစ်သွားပါတယ်။ ဒီဇာတ်လမ်းကတော့ ကျွန်တော့်ရဲ့ မူလဇာတ်ရုပ်ကို မြင်ရမဲ့ဇာတ်ကားဖြစ်ပါတယ်။ တစ်ပိုင်းတည်းအပြီးပါပဲ။ ဖခင်တစ်ယောက်ရဲ့မေတ္တာတရားနဲ့ မိသားစုတစ်စုရဲ့ဘဝကို ဖော်ညွှန်းထားတဲ့ ဇာတ်ကားဖြစ်ပါတယ်"ဟု သရုပ်ဆောင် ဒါရိုက်တာ မာမီသက်က ပြောသည်။

ဥမကွဲသိုက်မပျက် ဇာတ်ကားတွင် သရုပ်ဆောင် မာမီသက်၊ စိုးစိုး၊ အေးချမ်း၊ ချစ်ကို၊ ရွယ်ပန်း၊ ကလေးသရုပ်ဆောင် မေမြတ်ကိုကိုနှင့် အခြားအနုပညာရှင်များ ပါဝင်ထားကြောင်း သိရသည်။ ASH

# Clarification by Maj-Gen Zaw Min Tun, Leader of the Information Committee of the State Administration Council, about the Fabricated News about the incident in Byaingphyu Village in Sittway Township Released by AA Terrorists




It is found that AA terrorists have released a concocted news report about the incident at Byaingphyu Village, Sittway Township. Kanpyin Old Village/Kanpyin New Village is located to the north of Byaingphyu Village. Byaingphyu Village is also located to the north of Sittway Township.

AA terrorists have taken refuge in these villages and have been attacking Sittway, dropping bombs from drones and shooting randomly over it with heavy weapons since before. Acting on a tip-off by the residents that AA terrorists were taking refuge in Byaingphyu Village and Kanpyin Old Village/Kanpyin New Village, Tatmadaw carried out regional security in Byaingphyu Village on 29 May. When Tatmadaw security forces entered the village, the situation was calm.

In the village, security forces interrogated suspicious-looking persons, non-villagers. It is certain that they were not the residents of the village. Three of the interrogated persons attempted to grab the rifle of a security force member and attack him. A security force member had to shoot three persons to death. About 20 persons were detained and interrogated.

It is mentioned in the AA's cunning and propagandistic news report that about 40 persons died and women were raped. Such incidents did not take place. There is a reason behind the AA's release of the fabricated news. AA committed the murder of Bengalis in Buthidaung Township and set fire to their houses. Regarding this, some social media and international organizations put pressure on it. Meanwhile, AA made this accusation, fabricating the news.

The worst incidents occurred in Buthidaung on 17 and 18 May. We received the information that AA terrorists entered Buthidaung at about 9:30 pm on 17 May. They torched the houses of Bengalis and ordered them to leave their places. They set fire to all Bengali villages – the villages near Buthidaung, such as Ohthi Village, and then all the villages to the east of Buthidaung. We also got a piece of information that they had committed massacres. We have sound evidence regarding this. They were trying to cover up their activities.

I have also mentioned it once before. AA is practising racial discrimination and doing extremist racial instigations. If I put it straight, the AA organization is creating hatred of Myanmars, and hatred of Bengalis. Moreover, it is creating hatred of small national races such as Mro, Khami, Thet, Dainet, etc. AA is an organization relying on narcotic drugs. In the past, we exposed some AA members and organizations supporting AA in connection with the trafficking and distribution of narcotic drugs.

I would like to mention an exposure as recent as 21 March. A duty-conscious person informed us that Thant Zin Oo, an absconder, an AA member in charge of supply, was transporting narcotic drugs from Yangon to Sittway and Buthidaung, linking with May Yu Tun, also an absconder, another AA member in charge of supply, who was living in Buthidaung. Then, we raided a place in Tamway Township, Yangon, and arrested culprit Tun Thein Aung and his two wives.

Based on their testimonials, we conducted a surprise check on a cargo vessel, MV Sein Pyae Min, that plied between Yangon and Sittway. The ship was moored at No 2 wharf at Bayintnaung Port in Mayangon Township, Yangon Region. We seized one million stimulant tablets, bearing the letters 'WY', kept in cardboard boxes, worth K1 billion at a prevailing value. The three arrested persons said they accepted an offer by absconder Thant Zin Oo, who was in Bauktheesu Ward in Sittway, to transport the stimulant tablets from Yangon to Sittway for a fee.

So they put the drugs on MV Sein Pyae Min. We made nine seizures of narcotic drugs in a period from 2016 to March this year that were connected with the AA insurgent organization. The seized drugs were valued at K294.82 billion.

On 29 May, we inspected a motorcar on its way from Yangon to Pyay, which was carrying bricks mixed with narcotic drugs, supposed to be sent to the AA group. Two people in the car were Tun Tun Win and Teza. We seized ten sacks, each containing 20 packages of WY tablets packed in brick-shaped packaging, and nine sacks, each containing ten packages of brick-shaped tablets — totalling 2,900,000 tablets, valued at K2,000 million.

As I have mentioned, it is found that AA terrorists are committing extremist racial instigations, massacres, and arsons in Rakhine State, and trafficking and distributing narcotic drugs that will cause the extinction of the entire nation. The national brethren and the people must be conscious of AA terrorists who are perpetrating extremist acts and engaged in drug trafficking that will cause the extinction of the Rakhine nationals. I would like to remind all the people of their activities that will harm the benefits of the Rakhine people in Rakhine State and the nationals of Myanmar and urge all to oppose them collectively.

Thank you, all.

## Biden signs executive order strictly limiting unlawful border crossings by immigrants

**Washington June 5**

U.S. President Joe Biden signed an executive order Tuesday that would immediately turn down requests for entry into the United States by asylum-seekers crossing the southern border illegally, in the event that officials deem the border is overwhelmed.

The long-awaited measure, which Biden has been contemplating for months, would kick in once the seven-day average for illegal crossings between ports of entry along the U.S.-Mexico border hits 2,500 per day, effectively shutting down the border, according to senior administration officials.

Given that the daily encounters are already above the threshold now, the order could take effect right after being signed, empowering border officers to repatriate migrants within "days, if not hours," the officials told reporters during a press call.

Prior to Tuesday's order, an illegal immigrant seeking asylum in the United States would typically be allowed to temporarily enter the country, where the individual will wait for court appearance to present a compelling case for the request.

Under the new guidance, the border will reopen to those seeking asylum in the United States two weeks after the daily crossings stay at or below 1,500 for seven consecutive days.

Xinhua

## Slovenia officially recognizes Palestinian state

**Ljubljana June 5**

The Slovenian Parliament on Tuesday voted to approve the proposal of recognizing the statehood of Palestine, a move the legislator body said would hopefully help stop the violence in Gaza.

Fifty-two parliamentary members out of 90 seats voted for the recognition, making Slovenia, currently a non-permanent member of the United Nations (UN) Security Council, the fourth European country after Spain, Norway and Ireland in recent weeks to make the decision.

"The Republic of Slovenia recognized Palestine as an independent sovereign state," Parliamentary Speaker Urska Klakocar Zupancic said after the vote.

"The recognition of a Palestine state enhances the reputation of Slovenia as a state that respects international law and the United Nations resolutions and at the same time exerts pressure on both sides: on Israel to stop attacks on Gaza and on Hamas to release hostages," Foreign Minister Tanja Fajon told Parliament before the vote.

"We are working towards peace and the solution of two states," she added.

Most members of the main opposition party, the center-right Slovenian Democratic Party (SDS), did not attend the parliamentary session but proposed a referendum to postpone the parliament vote by at least 30 days. Their proposal was rejected earlier on Tuesday by a majority in parliament. The SDS claims that the recognition of Palestine will not stop the war in Gaza but will only hurt Slovenian interests. Xinhua

# Energy Ministry to sell butane and propane to private enterprises via tender in June


Thanbayakan Refinery run by the Myanmar Petrochemical Enterprise.

**Nay Pyi Taw June 5**

According to news from the Ministry of Energy, it has been announced that butane and propane will be sold to private enterprises through a tender system this June.

The Myanmar Petrochemical Enterprise (Thanbayakan Refinery) under the Ministry of Energy will sell 150 tons of butane and propane gas during this month. Specifically, 100 tons of butane and 50 tons of propane will be sold on June 13.

These gas products will be sold to those holding licenses for oil and oil-related products (Type-A, B, C, D, F) issued by the Ministry of Energy. License holders can contact the Myanmar Petrochemical Enterprise Head Office at No. 44, Nay Pyi Taw, or the Production Department of the Myanmar Petrochemical Enterprise via phone numbers 067-3411194 and 067-3411082.

The Ministry of Energy is working to ensure the country's energy security and independence. During the 2024-2025 fiscal year, two new wells will be completed at Penek Sandstone. While old oil fields have allowed for oil and natural gas extraction, the history of oil production in Myanmar has not seen successful drilling to the hydrocarbon-rich deep sandstone layers.

Therefore, the two new wells to be completed in the 2024-2025 fiscal year are targeted to effectively reach these promising sandstone layers. The Myanmar Oil and Gas Enterprise will drill these wells with technical and experiential support from MPRL E&P Company. 336

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Katha Township farmers plant 62,008 acres of rain-fed sugarcane

**Katha June 5**

A total of 62,008 acres of sugarcane have been planted in Katha Township, Katha District, Sagaing Region this rainy season, according to statistics from the Department of Agriculture for Katha District.

During the 2024-2025 rain crops planting season, 61,356 acres of sugarcane were earmarked to be planted in Katha Township from May this year and currently, 62,008 acres of sugarcane have been planted.

“Sugarcane cultivation is going well, and more sugarcane is planted in the rainy season, said U Ko Lay, head of the Department of Agriculture for Katha Township.

During the 2023-2024 rain crops planting season, 61,920 acres of sugarcane were earmarked to be planted in Katha Township and 61,356 acres of sugarcane were planted from May to September 2023.

The sugarcane cultivation cost between 600,000 and 700,000 kyats per acre, and 30 tonnes of sugarcane is produced per acre.

Sugarcane is grown in Shwebo, Kanbalu and Katha districts in Sagaing Region and Kanbalu and Katha districts have the most sugarcane cultivation. 206


Land preparations being made for growing sugarcane.

# Monywa District to cultivate 9,595 acres of sunflowers during 2024-2025 monsoon season

**Monywa June 5**

According to records from the Monywa District Agriculture Department, 9,595 acres of sunflower crops will be cultivated during this year's monsoon season in Monywa District, Sagaing Region.

For the 2024-2025 monsoon season, the planned cultivation for Monywa District is distributed as follows: 924 acres in Monywa Township, 5,706 acres in Budalin Township, 2,737 acres in Ayadaw Township, and 228 acres in Chaung-U Township, totaling 9,595 acres.

“The district has allocated over 9,000 acres for sunflower cultivation this year, with planting to begin in the first week of this month. Sunflowers are primarily planted in the monsoon season rather than the dry season. Efforts will be made to cultivate high-yield varieties of sunflowers," said Daw San San Myint, the head of the Monywa District Agriculture Department.

In the 2023-2024 monsoon season, 9,466 acres were planned for sunflower cultivation, with planting occurring from June to September 2023. The areas planted were 944 acres in Monywa Township, 5,708 acres in Budalin Township, 2,630 acres in Ayadaw Township, and 248 acres in Chaung-U Township, totaling 9,530 acres.

To expand sunflower cultivation in Monywa District, the relevant township agriculture departments will intensify training programs, enhancing the skills of staff and farmers. Support will be provided for the supply of seeds, and fertilizers will be sold at affordable prices. Additionally, a system will be implemented to distribute new sunflower varieties from farmer to farmer. 206

# Dabayin Township farmers cultivate 12,330 acres of pre-rain green beans

**Dabayin June 5**

A total of 12,330 acres of rain-fed green beans have been planted in Dabayin Township, YeU District, Sagaing Region during the rain crops planting season, according to the Department of Agriculture for YeU District.

During the 2024-2025 rain crops planting season, 5,848 acres of rain-fed green beans were earmarked to be planted in Dabayin Township and 12,330 acres have been planted from May in this year.

“There are educations about the cultivation of green beans, and the use of good varieties for good yields,” said U Zaw Myint Tun, head of the Department of Agriculture for YeU District.

During the 2023-2024 rain crops planting season, 10,437 acres of pre-rain green beans were earmarked for planting in Dabayin Township. From May to September, 2023, 12,729 acres were planted.

During the 2023-2024 winter crop planting season, 2,504 acres of green beans were earmarked for planting in Dabayin Township, and 4,903 acres were planted from October to December, 2023. 206


A green bean plantation.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ၂၀၂၄ ခုနှစ်တွင် ယူကရိန်းနိုင်ငံ၏ ဧရိယာစတုရန်းကီလိုမီတာ ၈၈၀ ထိ သိမ်းယူနိုင်ခဲ့ကြောင်း ရုရှားပြောကြား



ရုရှားတပ်ဖွဲ့များသည် ယူကရိန်းနိုင်ငံရှိ ရှေ့တန်းစစ်မျက်နှာပေါင်းစုံသို့ ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိပြီး ယခုနှစ်အတွင်း ယူကရိန်း၏နယ်မြေဧရိယာ စတုရန်းကီလိုမီတာ ၈၈၀ ထိ သိမ်းယူနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Andrei Belousov က မေ ၃၁ ရက်တွင် ပြောကြားခဲ့သည်ဟု The Defense Post သတင်းဌာနက မေ ၃၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားနိုင်ငံသည် ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၀၂၄ ခုနှစ် အစောပိုင်းငါးလတာအတွင်း စစ်ဆင်ရေးအကျိုးအမြတ်များ ပိုမိုရရှိနေသည်ဟု ဆိုနိုင်မည်ဖြစ်သည်။ ၂၀၂၃ ခုနှစ် နွေရာသီတွင် ယူကရိန်းတို့ဘက်က အကြီးစားတန်ပြန်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သော်လည်း ရှေ့တန်းစစ်မျက်နှာများအားလုံးတွင် အပြောင်းအလဲမရှိ ပကတိတည်ငြိမ်နေသကဲ့သို့ ဖြစ်နေခဲ့သည်ကို တွေ့မြင်ခဲ့ကြရပြီးဖြစ်ကြောင်း သိရသည်။

"နည်းဗျူဟာမြောက် ဦးတည်ရာလမ်းကြောင်းတွေအတိုင်း ရှေ့တန်းစစ်မျက်နှာတိုင်းမှာ တပ်ဖွဲ့ဝင်တွေအနေနဲ့ ရှေ့ကို ဆက်လက်ချီတက်နေပါတယ်။ ဒီနှစ်အတွင်းမှာ ယေဘုယျအားဖြင့် နယ်မြေဧရိယာ စတုရန်းကီလိုမီတာ ၈၈၀ ထိ ရုရှားရဲ့ ထိန်းချုပ်မှုအောက်ကို ရောက်ရှိနေပါပြီ" ဟု ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီး Belousov က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ခါကိဗ်ဒေသတွင် ရှစ်ကီလိုမီတာမှ ကိုးကီလိုမီတာအတွင်း ယူကရိန်းတပ်ဖွဲ့များကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့ပြီး မေ ၁၀ ရက်တွင် ရုတ်ခြည်းဆောင်ရွက်ခဲ့သော မြေပြင်ထိုးစစ်ဆင်မှုများဖြင့် နယ်စပ်ဒေသများကိုဖြတ်ကျော်ဝင်ရောက်၍ ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်ဟု Belousov က ပြောကြားခဲ့သည်။

"ကျွန်ုပ်တို့စစ်သည်တွေရဲ့ ရဲစွမ်းသတ္တိနဲ့ တာဝန်ကျေပွန်စွာ ရေကုန်ရေခန်းထမ်းဆောင်ခဲ့မှုတွေကြောင့် ဒီလမှာ အခြေချနေထိုင်ရာ ကျေးရွာ၊ မြို့ ၂၈ ခုကို ဆက်လက်ထိန်းချုပ်နိုင်ခဲ့ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

ခါကိဗ်ဒေသ မြေပြင်ထိုးစစ်ဆင်မှုများကို ရုရှားတပ်မတော်ဘက်က ရုတ်တရက်စတင်တိုက်ခိုက်လာချိန်မှစ၍ ယူကရိန်းသည် ပြင်းထန်သော ဖိအားပေးမှုများအောက်တွင် ရောက်ရှိနေခဲ့ရပြီး အခြားရှေ့တန်းစစ်မျက်နှာများမှ တပ်ရင်း၊ တပ်ဖွဲ့များကိုပင်ဆွဲထုတ်၍ ခါကိဗ်ဒေသသို့အလျင်အမြန်စစ်ကူအင်အား ဖြည့်တင်းခဲ့ရသည်။

ယူကရိန်းသည် ၎င်း၏အကြီးမားဆုံးမဟာမိတ်ဖြစ်သော အမေရိကန်နိုင်ငံက ပြီးခဲ့သည့်လက အကူအညီအသစ်များထပ်မံပေးအပ်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၆၁ ဘီလီယံကို ခွင့်ပြုပေးနိုင်ခဲ့သော်လည်း လတ်တလောတွင် ရှေ့တန်းစစ်မျက်နှာများ၌ စစ်လက်နက်ပစ္စည်းကိရိယာများ၊ ခဲယမ်းပြတ်လပ်မှုများဖြင့် ရင်ဆိုင်နေရသည်။

**Russia says It Seized 880 Sq Km of Ukraine in 2024 ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆွီဒင်က ယူကရိန်းကို ASC 890 လေယာဉ် ပံ့ပိုးမည်

ယူကရိန်းအထူးစစ်ဆင်ရေးစတင်ပြီးနောက်ပိုင်း ဆွီဒင်အစိုးရက ယူကရိန်းအတွက် ၎င်း၏ ၁၆ ကြိမ်မြောက်နှင့် အကြီးမားဆုံး စစ်ရေးထောက်ပံ့မှုအစီအစဉ်ကို ၂၀၂၄ ခုနှစ် မေ ၂၉ ရက်တွင် ထုတ်ဖော်ပြသခဲ့သည်ဟု Army Recognition သတင်းဌာနက မေ ၃၀ ရက် တွင် ရေးသားဖော်ပြခဲ့သည်။

ယူရိုတစ်ဘီလီယံကျော်တန်ဖိုးရှိသော စစ်ဘက်အကူအညီများတွင် ASC 890 Airborne Surveillance and Control လေကြောင်းစောင့်ကြည့်ထောက်လှမ်းရေးနှင့် ထိန်းကျောင်းရေးလေယာဉ်၊ RB 99 (AMRAAM) ဒုံးကျည်များနှင့် ဆွီဒင်နိုင်ငံသုံး PBV 302 သံချပ်ကာလူသယ်ယာဉ်များအားလုံး ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ယခုကဲ့သို့ လေကြောင်းစောင့်ကြည့် ထောက်လှမ်းရေးလေယာဉ်မျိုးကို ပံ့ပိုးပေးအပ်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ပြီး နောက်ဆက်တွဲအကျိုးဆက်များမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။

ASC 890 သည် လေကြောင်းနှင့်ရေကြောင်းခြိမ်းခြောက်မှုများကို တုံ့ပြန်တိုက်ခိုက်နိုင်ရန်၊ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကိုအဆင့်မြှင့်တင်ရန် တီထွင်ထားသည့် အဆင့်မြင့်လေကြောင်းစောင့်ကြည့်ထောက်လှမ်းရေးနှင့် ထိန်းကျောင်းရေးလေယာဉ်ဖြစ်သည်။ ၂၀၀၀ ပြည့်နှစ်များအစောပိုင်းတွင် ဆွီဒင်လေတပ်သို့ တပ်တော်ဝင်နိုင်ခဲ့သည့်အဆိုပါလေယာဉ်တွင် နက်ရှိုင်းသောအခြေအနေဆိုင်ရာ ကြိုတင်သိရှိနိုင်မှုနှင့်တာဝေးမှ ပစ်မှတ်များကို ဖော်ထုတ်ပေးနိုင်သည့် ခေတ်မီဆန်းပြားသော ရေဒါနှင့်အာရုံခံစနစ်များတပ်ဆင်ထားသည်။

၎င်း၏စွမ်းဆောင်ရည်များတွင် အချိန်နှင့်တစ်ပြေးညီ အချက်အလက်စုဆောင်းခြင်း၊ တွက်ချက်လုပ်ဆောင်ခြင်းနှင့် လက်အောက်သို့ဖြန့်ဝေခြင်း၊ အမိန့်ပေးခြင်းနှင့် ထိန်းချုပ်ခြင်းတို့ကို အဆင်ပြေချောမောစွာ အနှောင့်အယှက်ကင်းကင်း တာဝန်ထမ်းဆောင်နိုင်စွမ်းတို့ပါဝင်သည်။ ASC 890 လေယာဉ်၏ အမြင့်ပျံသန်းနိုင်မှုစွမ်းရည်သည် စောင့်ကြည့်ထောက်လှမ်းရမည့် ဧရိယာနယ်ပယ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံထားနိုင်ပြီး ယုံကြည်စိတ်ချရမှုမြင့်မားကာ ခေတ်မီလေကြောင်းရန်ကာကွယ်ရေး မဟာဗျူဟာများအတွက် မရှိမဖြစ်လိုအပ်သော လေကြောင်းစွမ်းအားတစ်ရပ်ပင်ဖြစ်သည်။

ယူကရိန်းတွင် စစ်လက်နက်ဖြည့်တင်းရန်လိုအပ်ချက်များ မြောက်မြားစွာရှိပြီး ၎င်းတို့၏ အားနည်းချက်များထဲမှ တစ်ခုမှာ ရုရှားထံမှခြိမ်းခြောက်မှုများကို မည်သည့်နေရာမှ မည်သို့လာမည်ကို မျှော်မှန်းတွက်ချက်နိုင်စွမ်းမရှိခြင်းပင်ဖြစ်သည်။ လက်ရှိတွင် တာဝေးရှာရေဒါ မရှိခြင်းကြောင့် ယူကရိန်း-ရုရှား နယ်စပ်တစ်လျှောက် ဝေဟင်မှထောက်လှမ်းမှု (Aerial Detection)ကို လုပ်ဆောင်လျက်ရှိသည်။ ရုရှားထိုးစစ်စတင်ချိန်မှစ၍ ယူကရိန်းကို စစ်ဆင်ရေးများအတွက် လိုအပ်သောအဆိုပါလေကြောင်းထောက်လှမ်းမှုနှင့် အခြားထောက်လှမ်းရေးများ ပံ့ပိုးပေးနေသည်မှာ အမေရိကန်၊ အနောက်အုပ်စုနှင့် NATO အဖွဲ့ဝင်နိုင်ငံများဖြစ်သည်။ သို့သော်လည်း ထိုနည်းလမ်းများမှာ အချိန်ယူရလေ့ရှိသည်။ စစ်ဖြစ်ပွားလာပါက စစ်မြေပြင်တိုက်ပွဲများအတွင်း အချိန်သည် ယူကရိန်းအတွက်သာမက စစ်ပွဲတွင်ပါဝင်ပတ်သက်သူ တစ်ဦးချင်းစီတိုင်းအတွက် အဖိုးတန်လွန်းသည်။ ထို့ကြောင့် ထိုသို့သောလေယာဉ်ရှိခြင်းသည် ရန်သူ့လေယာဉ်နှင့်သင်္ဘောများကို ထောက်လှမ်းတွေ့ရှိနိုင်စေမည်ဖြစ်သည်။



အမြင့်မီတာ ၁၄၀၀၀ အထက်တွင် ပျံသန်းနိုင်သော ASC 890 လေယာဉ်သည် ခြိမ်းခြောက်မှုများကို တွေ့ရှိပြီးနောက် တန်ပြန်အစီအမံများကိုအချိန်နှင့်တစ်ပြေးညီ လုပ်ဆောင်နိုင်လောက်အောင် စွမ်းဆောင်ရည် မြင့်မားကောင်းမွန်သည်။ ထို့ပြင် လေယာဉ်တွင် တပ်ဆင်အသုံးပြုထားသောရေဒါသည် ခန့်မှန်းခြေအကွာအဝေးကီလိုမီတာ ၃၅၀ မှ ကီလိုမီတာ ၄၀၀ ထိ ထောက်လှမ်းနိုင်စွမ်းရှိပြီး ကြိုတင်သတိပေးရေးနှင့် နက်ရှိုင်းနယ်မြေများတွင် ထောက်လှမ်းရေး ရည်မှန်းချက်တာဝန်များတွင် လွန်စွာအသုံးဝင်လှသည်။ ထို့ပြင် ရေဒါဖြင့် ထောက်လှမ်းခြင်းသည် ဤလေယာဉ်၏ တစ်ခုတည်းသော လုပ်ဆောင်ချက်မဟုတ်ဘဲ Signal Intelligence ကိုလည်း လုပ်ဆောင်နိုင်သည်။ ၎င်းသည် မြေပြင်မှ ဝေဟင်ပစ်လေကြောင်းရန် ကာကွယ်ရေးလက်နက်စနစ်များ၏ Active ဖြစ်နေသည့် လုပ်ဆောင်မှုအားလုံးကိုထောက်လှမ်းနိုင်သည်။ ထို့အတူ ခြေလျင်နှင့်အမြောက်ပူးပေါင်းစစ်ဆင်ရေးများတွင် ရန်သူ့အမြောက် ပစ်ခတ်သည့်နေရာများကို တန်ပြန်ပစ်ခတ်ချေမှုန်းရန် ခြေလျင်၊ အမြောက်တပ်ရင်း၊ တပ်ဖွဲ့များနှင့် ပေါင်းစည်းလုပ်ဆောင်နိုင်မည်။ နောက်ဆုံးအချက်အနေဖြင့် အဆိုပါလေယာဉ်ကို ကြည်း၊ ရေ၊ လေ တပ်ရင်း၊ တပ်ဖွဲ့များကြားဆက်သွယ်ရေးကြားခံအဖြစ် သတ်မှတ်ဧရိယာအတွင်း အသုံးပြုနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**Overview of ASC 890 Airborne Surveillance and Control aircraft that Sweden to deliver to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ၂၂၂၆ ဧက ရိတ်သိမ်းပြီးစီး



**ကျုံပျော် ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ၂၂၂၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ၂၂၂၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သောသစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) စိုက်ခင်းများကို ယခုနှစ် မတ်လ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းခဲ့သောသစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) တစ်ဧကလျှင် ၇ ဒသမ ၀၇ တင်းထိ ထွက်ရှိခဲ့ကြောင်းသိရသည်။

"ရေကြည်မြို့နယ် တစ်ခုလုံး အနေနဲ့ ပိုက်ဆန်လျှော် မျိုးစေ့ထုတ် ဧက ၂၂၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာ ပိုက်ဆန်လျှော်ဧကအားလုံး ပြန်လည်ရိတ်သိမ်းထားနိုင်ပါပြီ။ ပိုက်ဆန်လျှော်အပါအဝင် ဆောင်းသီးနှံတွေအားလုံး အခက်အခဲမရှိ လျာထားချက်အတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်ရေးလုပ်ငန်းကို သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ စနစ်တကျပူးပေါင်းဆောင်ရွက် စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိရိတ်သိမ်းခဲ့တဲ့ ပိုက်ဆန်လျှော်တွေက ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မြေဩဇာအဖြစ် ပြန်လည် အသုံးပြုဖို့အတွက်ပါ"ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

အဆိုပါ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ကို စိုက်ပျိုးပြီး မြေဩဇာအစားအဖြစ် ပြန်လည်ထည့်သွင်း အသုံးပြုခြင်းကြောင့် ဓာတ်မြေဩဇာများ အသုံးပြုမှုကို လျှော့နည်းခြင်း၊ ဓာတုဓာတ်မြေဩဇာများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို သက်သာခြင်း၊ စပါးစိုက်ပျိုးသည့်အခါ ထည့်သွင်းစိုက်ပျိုးပါက စပါးများဖြစ်ထွန်းအောင်မြင်ခြင်း၊ စပါးအရည်အသွေးများကောင်းခြင်း၊ စားသုံးသီးနှံများ ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သောသီးနှံများစားသုံးလာနိုင်ခြင်း၊မျိုးကောင်းမျိုးသန့်များကို ဆင့်ပွားထုတ်လုပ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ များစွာရရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သရက်မြို့နယ် စခန်းကြီးကျေးရွာ၌ မြေသားရေကန်တူးဖော်နေမှု စစ်ဆေး

**သရက် ဇွန် ၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စခန်းကြီးကျေးရွာ၌ မြေသားရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် စခန်းကြီးကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် ကုဗပေ ၉၈၀၀၀ မြေသားရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားပြီး ကျေးရွာတင်ပြချက်များ အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



စခန်းကြီးကျေးရွာ၌ မြေသားရေကန်တိုးချဲ့တူးဖော်ခြင်းလုပ်ငန်းကို ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀ ဒသမ ၂၉ သန်းဖြင့် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်း၍ ယခုနှစ် မေလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ မြေသားရေကန်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၂၆ အိမ်၊ လူဦးရေ ၅၃၁ ဦးတို့ အပြင် ကျွဲ၊ နွား တိရစ္ဆာန်များအတွက်ပါ နွေကာလအတွင်း သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းထံမှ သိရသည်။

**ငြိမ်းသူ(စလင်း)**

# သာယာဝတီမြို့နယ် သူဌေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာယာဝတီ ဇွန် ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သူဌေးကုန်းကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၄ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၃၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သူဌေးကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၆ ဦးကို ရန်ပုံငွေကျပ် သိန်း ၅၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်စီးပွားဖွံ့ဖြိုးရေးအတွက်

အဖိုးတန်အရေးပါလှသော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၅-၆-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၁၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၅၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၄၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၆၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၄၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



**မန္တလေး ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီးကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ် (UNEP) အမှုဆောင်ညွှန်ကြားရေးမှူးတို့၏ သဝဏ်လွှာဖတ်ကြားသည့် Video Clip နှင့် သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး အသိပညာပေး Video Clip များကို ပြသခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကောင်းမွန်သော စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းဆုတို့တွင် ပထမ၊ ဒုတိယနှင့်တတိယဆုရရှိသည့် စက်ရုံများမှ တာဝန်ရှိသူများထံသို့လည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီးအဆင့် သန့်ရှင်း၍စိမ်းလန်းစိုပြည်သော ကျောင်းဆု၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်တို့တွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့် အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများထံသို့လည်းကောင်း၊တိုင်းဒေသကြီးအဆင့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှုကောင်းမွန်သော စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းဆုတွင် ဂုဏ်ပြုဆုရရှိသည့် စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းတို့မှ တာဝန်ရှိသူများထံသို့လည်းကောင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်ပြီးနောက် အလှူရှင်များအားဂုဏ်ပြုမှတ်တမ်းလွှာများနှင့် သက်ဆိုင်ရာကျောင်းအုပ်ကြီးများထံ သန့်ရှင်းရေးသုံးပစ္စည်းများပေးအပ်ခဲ့ကြောင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပိုစတာ၊ ဘုတ်များနှင့် အထိမ်းအမှတ်ပစ္စည်း ပြသထားမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မေလအတွင်း ပြောင်းတင်ပို့မှုလျာထားချက်ထက် ပြည့်မီကျော်လွန်



**နေပြည်တော် ဇွန် ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နိုင်ငံတော်၏ပို့ကုန်လျာထားချက်များ ပြည့်မီကျော်လွန်စေရေးအတွက် ပို့ကုန်ပစ္စည်းတစ်မယ်ချင်းကို ဘဏ္ဍာနှစ်အတွင်း လအလိုက်လျာထားသတ်မှတ်၍ ဆောင်ရွက်လျက်ရှိရာ ပြောင်းစေ့တင်ပို့ခြင်းကို ယခုဘဏ္ဍာနှစ်၏ ပထမသုံးလပတ်ဖြစ်သော ဧပြီ၊ မေ၊ ဇွန်လ လျာထားချက်မှာ တန်ချိန် ၃ ဒသမ ၈ သိန်းဖြစ်သည်။

၂၀၂၄ ခုနှစ် မေလကုန်ထိ စာရင်းများအရ ပြောင်းတန်ချိန် ၄ ဒသမ ၇၈ သိန်းအမှန်တင်ပို့နိုင်ခဲ့ပြီး လျာထားချက်ထက်ပြည့်မီကျော်လွန်အောင် တင်ပို့နိုင်ခဲ့သည်။

ထို့တူ ဇွန်လလျာထားချက်အပေါ် ပြည့်မီကျော်လွန်နိုင်ရေး အလေးပေးဆောင်ရွက်လျက်ရှိရာ ယနေ့စာရင်းများအရ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများတွင် ပြောင်းတင်ပို့မည့် သင်္ဘော ၁၄ စီးဆိုက်ကပ်လျက်ရှိပြီး အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (Alone International Port Terminal)မှ ပြောင်းတန်ချိန် ၃၂၀၅၈ တန်၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (Yangon International Gateway Terminal)မှ ပြောင်းတန်ချိန် ၉၅၀၀၊ မြန်မာ့စက်မှုဆိပ်ကမ်း (Myanmar Industrial Port)မှ ပြောင်းတန်ချိန် ၃၆၅၀၀၊ ဆူးလေဆိပ်ကမ်း (Sule Pagoda Wharves)မှ ပြောင်း တန်ချိန်၂၀၆၇၂ တန်၊ ယခင် ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal) မှ ပြောင်းတန်ချိန်၂၅၀၀၀၊သီလဝါ ဆိပ်ကမ်း (Myanmar International Terminal Thilawa)မှ ပြောင်းတန်ချိန် ၂၇၅၀၀၊ Myanmar Integrated Port Limited မှ ပြောင်းတန်ချိန် ၂၆၀၀၀၊ Wilmar (Wilmar International Port Terminal)မှ ပြောင်းတန်ချိန် ၁၁၀၀၀၊ သီလဝါဆိပ်ကမ်း (Thilawa Multipurpose International Terminal)မှ ပြောင်းတန်ချိန်၂၅၀၀၀၊ ရွှေမဲဆိပ်ကမ်း(Shwemae) မှ ပြောင်းတန်ချိန်၂၇၀၀နှင့် မင်းထက်မင်းဆိပ်ကမ်း(Min Htet Min)မှ ပြောင်းတန်ချိန် ၅၄၀၀ စုစုပေါင်း ပြောင်းတန်ချိန် ၂၂၁၃၃၀ တင်ပို့မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြောင်းတင်ပို့မှုကို ဖေဖော်ဝါရီလမှ သြဂုတ်လကုန်ထိ အိမ်နီးချင်းထိုင်းနိုင်ငံမှ အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားသဖြင့် ယခုနှစ်သြဂုတ်လကုန်ထိ ပြောင်းစေ့ပို့ကုန်များ အချိန်မီတင်ပို့နိုင်ရေး မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်းက တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး၊ အရင်း ပေးဆပ်ရန်ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာ

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများကို ချေးငွေသက်တမ်း တစ်နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်၍ ချေးငွေများထုတ်ချေးခဲ့ပါသည်။ ချေးငွေသက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီးနောက် ပထမအကြိမ် ခြောက်လ၊ ဒုတိယအကြိမ် ခြောက်လနှင့် တတိယအကြိမ် တစ်နှစ်နှင့် စုစုပေါင်း သုံးနှစ်ထိ ချေးငွေသက်တမ်းများ တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း သုံးနှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပြန်လည်ပေးဆပ်ရန်တာဝန် ကျန်ရှိနေသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် ချေးငွေ အတိုး၊အရင်းများကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက် မတိုင်မီ အမြန်ဆုံး အပြေအကျေပြန်လည်ပေးဆပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာခြင်း

**ရက်စွဲ၊ ၂၀၂၄ ခုနှစ် ဇွန်လ ၅ ရက်**

တနင်္သာရီတိုင်း ထားဝယ်မြို့ အိမ်ရှေ့ပြင်ရပ်ကွက် မူလတန်းကျောင်းတွင် ဇွန် ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲ ထမင်းစားချိန်တွင် အကြမ်းဖက်သောင်းကျန်းသူများက ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သောကြောင့် ကလေးငယ် တစ်ဦးသေဆုံးပြီး ကလေးငယ် ၂၅ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းသိရှိရပါသည်။ ထိုသို့ အေးချမ်းစွာ ပညာသင်ကြားနေသော လူမမည်ကျောင်းသားကလေးငယ်များကို လူမဆန်စွာ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်နှင့် အကြမ်းဖက်အဖွဲ့များအား ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)မှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ဗုဒ္ဓဘာသာကလျာဏယုဝအသင်းYMBA (ဗဟို)**

☆ **ကျောဖုံးမှအဆက်**

ကုန်သွယ်ရေးကဏ္ဍအတွက် ငွေကြေးထောက်ပံ့ခြင်း၊ MSMEs လုပ်ငန်းများကို ငွေကြေးထောက်ပံ့ခြင်း၊ နိုင်ငံတကာဘဏ်များနှင့် ငွေပေးချေမှုများဆောင်ရွက်ခြင်း စသည့် ဘဏ်ဝန်ဆောင်မှုများစွာ ပံ့ပိုးပေးလျက်ရှိကြောင်းကို ပြည်သူများစိုးရိမ်မှုမရှိစေရန် မကြာခဏထုတ်ပြန်ပေးနေပါသည်။

ယခုအခါ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မလိုလားသော အဖျက်သမားမီဒီယာများနှင့် အဖျက်သမားအုပ်စုသည် Facebook Page များဖြစ်သော Yan PaingSoe၊ Dean Kyne၊ YouTube Channel များဖြစ်သောYebaw Shan Lay၊ Big Boss၊ Rc David၊ KhitThit Media တို့သည်လည်း မဟုတ်မမှန်သတင်းများထုတ်လွှင့်ပြီး နိုင်ငံ့စီးပွားရေးနှင့် ငွေကြေးတည်ငြိမ်မှုပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် သွေးထိုးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိနေကြောင်း တွေ့ရှိရပါသည်။ ထိုသို့ အဖျက်သမားများက အစိုးရနှင့်အများပြည်သူအကျိုးစီးပွားထိခိုက်စေရန် ရည်ရွယ်၍ မကြာခဏရေးသားဖြန့်ဝေနေသော လူမှုကွန်ရက်စာမျက်နှာများကို လက်ခံယုံကြည်ခြင်းမရှိရန်နှင့် စိုးရိမ်ပူပန်စရာမလိုကြောင်း ပြည်သူလူထုအနေဖြင့်လည်း အဖျက်သမားမီဒီယာများ၊ အဖျက်သမားအုပ်စုများကို ဝိုင်းဝန်းတိုက်ဖျက်ရန် ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

သို့ပါ၍ ပြည်သူများအနေဖြင့် အဖျက်သမားများ၏ လှုံ့ဆော်ရေးသားမှု၊ ပြောကြားမှုများကို စိုးရိမ်စရာမလိုဘဲ ဘဏ်များအပေါ်ယုံကြည်စိတ်ချစွာဖြင့် ဘဏ်ဝန်ဆောင်မှုများပုံမှန်ရယူသုံးစွဲနိုင်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်သူများ၏ အပ်နှံငွေများကို အပြည့်အဝအကာအကွယ်ပေးထားပါကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**(၅-၆-၂၀၂၄)**

# ပြင်ဦးလွင်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကို လက်နက်တပ်ဆင်အပ်နှင်းခြင်းနှင့် ထောက်ပံ့ပစ္စည်းပေးအပ်




**အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကို လက်နက်များ တပ်ဆင်အပ်နှင်းပေးစဉ်။**

**နေပြည်တော် ဇွန် ၅**

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ပြင်ဦးလွင်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များကို လက်နက်တပ်ဆင်အပ်နှင်းခြင်းနှင့် ထောက်ပံ့ပစ္စည်းပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့နယ်မြေခံသင်တန်းကျောင်းရှိ မင်းရဲကျော်စွာ အားကစားခန်းမ၌ ပြုလုပ်ရာ ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်နယ်မှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တပ်နယ်မှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များအတွက် လက်နက်များတပ်ဆင် အပ်နှင်းပေးပြီး ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များကိုယ်စား အဖွဲ့ခေါင်းဆောင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တပ်နယ်မှူးနှင့် တာဝန်ရှိသူများသည် တက်ရောက်လာကြသည့် ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ကျောင်းများကို ဇွန်လ ၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံမှုလက်ခံခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နှံရန်ကျန်ရှိနေသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆက်လက်ကျောင်းအပ်နှံနိုင်ရေး အသိပေးနှိုးဆော်အပ်ပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

**နေပြည်တော် ဇွန် ၅**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇- ၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

## အကြောင်းအမျိုးမျိုးကြောင့် UID နံပါတ်ရယူလိုသူပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ လုံခြုံရေးနှင့် လူမှုဘဝ မြှင့်တင်ရေးတို့အတွက် အီလက်ထရောနစ်နည်းပညာအသုံးပြု၍ နိုင်ငံအတွင်းနေထိုင်သူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူကာ UID နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ UID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးများနှင့် Mobile Team များ ကွင်းဆင်းဆောင်ရွက်မှုများတွင် အခမဲ့ဆောင်ရွက်ပေးလျက်ရှိသော်လည်း ပြည်သူများအနေဖြင့် UID နံပါတ်ရရှိရေးအတွက် ကြားပွဲစားများဖြင့် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး (Passport)ရုံးများနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ရေဆိပ်၊ နယ်စပ်ဂိတ်များတွင် တရားဝင်ထုတ်ပေးထားခြင်း မရှိသည့် UID နံပါတ်အတုများအသုံးပြုခဲ့သဖြင့် ဥပဒေနှင့်အညီအရေးယူဆောင်ရွက်ခဲ့ရပါသည်။

၃။ UID နံပါတ်ဆိုသည်မှာ လူတစ်ဦးချင်းစီကိုင်ဆောင်သည့် နိုင်ငံသားဆိုင်ရာအသိအမှတ်ပြုကိုင်ဆောင် ကတ်ပြားတစ်မျိုးမျိုးနှင့် နိုင်ငံခြားသားများအတွက် နိုင်ငံကူးလက်မှတ်(Passport)၏ ကိုယ်ရေးအချက်အလက်များအပေါ် မူတည်၍ ၎င်းတို့၏ကိုယ်ရေးအချက်အလက်များနှင့် ဇီဝဆိုင်ရာအချက်အလက်များဖြစ်သည့် မျက်နှာသွင်ပြင်၊ လက် ၁၀ ချောင်းလက်ဗွေ၊ မျက်စိသူငယ်အိမ်တို့ကိုပေါင်းစပ်ကောက်ယူ၍ ဂဏန်း ၁၀ လုံး ပါသည့် Unique ID နံပါတ်အား Randomဖြင့် ကျရာနံပါတ်ထုတ်ပေးခြင်းဖြစ်သည့်အတွက် ကာယကံရှင် ကိုယ်တိုင်ဆောင်ရွက်မှသာ ရရှိနိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးကြောင့် UID နံပါတ်ရယူလိုသူပြည်သူများအနေဖြင့် သက်ဆိုင်ရာ လဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်ဆောင်ရွက်ကြပါရန်နှင့် ကြားပွဲစားများဖြင့် ဆက်သွယ်၍ UID နံပါတ်အတုများ ကိုင်ဆောင်အသုံးပြုပါက ဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ပါကြောင်းနှင့် UID နံပါတ်ရရှိရေးအတွက်ဆောင်ရွက်ရာတွင် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နိုင်ငံတော်ဘဏ္ဍာငွေအသုံးပြု၍ ဆောင်ရွက်ရသည့် စာအုပ်စာစောင်များ ပုံနှိပ်ခြင်းကို အစိုးရပိုင်ပုံနှိပ်စက်များတွင် စနစ်တကျအပ်နှံလုပ်ဆောင်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)ကျင်းပ




**နေပြည်တော် ဇွန် ၅**

နိုင်ငံတော်ဘဏ္ဍာငွေ အသုံးပြု၍ ဆောင်ရွက်ရသည့် စာအုပ်စာစောင်များ ပုံနှိပ်ခြင်းကို အစိုးရပိုင်ပုံနှိပ်စက်များတွင် စနစ်တကျ အပ်နှံလုပ်ဆောင်နိုင်ရေး အတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ကော်မတီဝင်များတက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ရှေးဦးစွာ အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က အစိုးရဌာနများက ရိုက်နှိပ်ရမည့် စာအုပ်စာစောင်များကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့တွင် အပ်နှံဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ညွှန်ကြားခဲ့ပါကြောင်း။

ထို့ပြင် စာအုပ်စာစောင်များ ရိုက်နှိပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီစာပေတိုက်တွင်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့ရှိ ပုံနှိပ်တိုက်များတွင်လည်းကောင်း၊ သာသနာရေးဦးစီးဌာနရှိ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်လည်းကောင်း လုပ်ငန်းအပ်နှံနိုင်ရေး ဆက်သွယ်ဆောင်ရွက်ရန်နှင့် မဖြစ်မနေအခြေအနေမှသာ ပြင်ပ၌ရိုက်နှိပ်နိုင်ရေးဆောင်ရွက်ရန် ထပ်ဆင့်ညွှန်ကြားခဲ့ပါကြောင်း၊ ညွှန်ကြားချက်အပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အစိုးရဆိုင်ရာပုံနှိပ်လုပ်ငန်းများ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းပေးခဲ့ကြောင်း။

မေ ၃၀ ရက်တွင် ပထမအကြိမ်ကော်မတီအစည်းအဝေး ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်အရ ပုံနှိပ်ပေးရမည့်ဌာနများက ပုံနှိပ်ပေးနိုင်မည့် အခြေအနေကို တောင်းခံခဲ့ပြီး အကြောင်းပြန်ကြားချက်များလည်း ရရှိခဲ့ပါကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေ အသုံးပြု၍ ရိုက်နှိပ်ရမည့်စာအုပ်စာစောင်များကို အစိုးရပိုင်ပုံနှိပ်စက်များတွင် ရိုက်နှိပ်နိုင်ရန်၊ စက်များကို စွမ်းအားပြည့် လည်ပတ်နိုင်အောင် ဆောင်ရွက်ပြီး ဝင်ငွေတိုးတက်ရရှိစေရန်နှင့် ကုန်ထုတ်လုပ်မှုတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာများက အပ်နှံနိုင်မည့်လုပ်ငန်းပမာဏများကို တင်ပြကြစေလိုကြောင်း၊ လက်ရှိတွင်လည်း ဌာနဆိုင်ရာများက ပုံနှိပ်အပ်နှံမှုများ ယခင်ကထက်ပိုမိုများပြားမှုရှိလာပါကြောင်း၊ အလားတူ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးနှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပုံနှိပ်တိုက်တို့သို့လည်း ဆက်သွယ်အပ်နှံမှုများ ရှိလာပြီဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် ပုံနှိပ်လုပ်ငန်းဆောင်ရွက်ပေးရမည့် ဌာနများမှ တာဝန်ရှိသူများက ပုံနှိပ်ဆောင်ရွက်ပေးနိုင်မှုအခြေအနေ၊ ပညာရေးဝန်ကြီးဌာနက ကျောင်းသုံးစာအုပ်အပ်နှံမှု၊ နိုင်ငံတော်အဆင့် ဆောင်ရွက်ခဲ့သည့် ပုံနှိပ်လုပ်ငန်းများ၊ တပ်ဆင်ထားသည့် ပုံနှိပ်စက်များ၏ စက်စွမ်းအားနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှုပမာဏ၊ လုပ်ဆောင်ပေးနိုင်မည့် ပုံနှိပ်လုပ်ငန်းအမျိုးအစားများ၊ စက်ပစ္စည်းနှင့် ကုန်ကြမ်းအခြေအနေ ကန့်သတ်ချက်အရ ဆောင်ရွက်ခြင်းမပြုနိုင်သေးသည့်အချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများက ပုံနှိပ်လုပ်ငန်းအပ်နှံနိုင်မည့် လုပ်ငန်းပမာဏနှင့် ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် ပုံနှိပ်လုပ်ငန်းများကိုဆောင်ရွက်ပေးမည့် အစိုးရပိုင်ပုံနှိပ်စက်များ၌ အပ်နှံကြရန်၊ အပ်နှံမည့်အမျိုးအစား အရေအတွက်စာရင်းကို ကြိုတင်ပေးပို့ကြရန်နှင့် ညွှန်ကြားချက်နှင့်အညီ ညှိနှိုင်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

**ဒေါက်တာထွန်းတင့်**

### အနက်သိမှ အရေးမှန်မည်၊ အရေးမှန်မှ အနက်သိမည်။

(ယမန်နေ့မှအဆက်)

သို့ရာတွင် ထိုအဘိဓာန်ကိုပင် Robert C.Stevenson နှင့် Rev.F.H. Eveleth တို့ ဖြည့်စွက်မွမ်းမံပြီး ၁၉၅၃ ခုနှစ်တွင် ပုံနှိပ်သောရာပြည့်အထိမ်းအမှတ်ထုတ် ယုဒသန် မြန်မာ-အင်္ဂလိပ် အဘိဓာန်တွင်မူ သေးသေးတင်အောက်မြစ် **ခံ့**၏ အဓိပ္ပာယ်ကို မူလက ဖွင့်ထားသော "to be firm, strong, durable, ကြံ့သည်၊ ခိုင်သည်" မျှသာမဟုတ်ဘဲ "to be dignified in deportment, Stately; to be muscular and well built; ဆဒ္ဒန်ဆင်မင်းသည် ဖြူစွာသောကိုယ်ကြန်အင်လက္ခဏာနှင့် ပြည့်စုံသောကြောင့် ဆင်မည်းတို့အလယ်၌ အလွန်**ခံ့**သည်။ ... စသည်ဖြင့် **ခံ့ညား**၏ အနက်မျိုးဖွင့်ထားပါသည်။ **ခံ့ညား**ဟူသော ဝေါဟာရကိုမူ ဖော်ပြမထားပါ။

ခချွန်းနသတ်အောက်မြစ်ခန့်၏ အဓိပ္ပာယ်ကိုမူ ၁၈၅၂ ခုနှစ်ထုတ် ထိုအဘိဓာန်တွင် to fear, ကြောက်သည် ; to respect, reverence ထီသည်၊ ရိုသေလေးမြတ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ **ခန့်ညား**ကိုလည်းအနက်တူဟုပင်ပြပါသည်။ ၁၉၅၃ ခုနှစ်ထုတ် ရာပြည့်နှစ်အထိမ်းအမှတ် အဘိဓာန်တွင်လည်း ထိုအတိုင်းပင် အဓိပ္ပာယ်ဖွင့်ပါသည်။ သို့ရာတွင် **ခန့်ညား**၏ အဓိပ္ပာယ်အဖွင့်တွင် "ရှင်ရာဟုလာသည် ရှင်သာရိပုတ္တရာ၏ အဆုံးအမ၌တည်၍ အလွန်ရိုသေ**ခန့်ညား**သည်" ဟူသော အသုံးအနှုန်းကို ဖြည့်စွက်၍ သာဓကပြထားပါသည်။ **ခန့်ညား**၏ အဓိပ္ပာယ်ပို၍ပေါ်လွင်သွားသည်။

အချုပ်အားဖြင့် ဤသို့မှတ်ရန်ဖြစ်ပါသည်။ သေးသေးတင်အောက်မြစ် **ခံ့ညား**နှင့် နသတ်အောက်မြစ် **ခန့်ညား**ဟူသော ဝေါဟာရနှစ်ရပ်တွင် နသတ်အောက်မြစ် **ခန့်ညား**ကိုသာ ရှေးအခါက သုံးနှုန်းကြသည်။ အဓိပ္ပာယ်မှာ ကြောက်သည်၊ ရို့သည်၊ လေးစားသည်ဟူ၍ဖြစ်သည်။ သေးသေးတင်အောက်မြစ် **ခံ့ညား**မှာမူ ရှေးကမသုံး နောက်မှ သုံးသော အသုံးအနှုန်းဖြစ်သည်။ အဓိပ္ပာယ်မှာ ခမ်းနား၊ ထည်ဝါဟူ၍ ဖြစ်သည်။

ဤတွင် နသတ်အောက်မြစ် **ခန့်ညား**သည် အဘယ်ကြောင့် ကြောက်သည်၊ ရို့သည်၊ လေးစားသည်" ဟူသော အဓိပ္ပာယ်ကို ဆောင်သနည်း။ သေးသေးတင်အောက်မြစ် **ခံ့ညား**သည် အဘယ်ကြောင့် "ခမ်းနား၊ ထည်ဝါ" ဟူသော အဓိပ္ပာယ်ကိုဆောင်သနည်း။ ကြောက်သည်၊ ရို့သည်၊ လေးစားသည်" ဟူသော အဓိပ္ပာယ်ဆောင်သည့် နသတ်အောက်မြစ် **ခန့်ညား**၏အနက်ကိုသိရန်နှင့် ခမ်းနား၊ ထည်ဝါဟူသော အဓိပ္ပာယ်ကိုဆောင်သည့် သေးသေးတင်အောက်မြစ် **ခံ့ညား**၏အနက်ကို သိရန်လိုအပ်သည်မဟုတ်ပါလော။

နသတ်အောက်မြစ် **ခန့်ညား**နှင့် သေးသေးတင်အောက်မြစ် **ခံ့ညား**တို့တွင် နသတ်အောက်မြစ် **ခန့်** တစ်လုံးတည်း၏ အနက်နှင့် သေးသေးတင်အောက်မြစ် **ခံ့** တစ်လုံးတည်း၏ အနက်သည် အဓိကကျပေသည်။ **ညား** မှာ **ခန့်**နှင့် **ခံ့** တို့၏ အနက်ကို လေးနက်အောင် ထောက်ပံ့သော ပစ္စည်းစကားလုံးမျှသာဖြစ်သည်ကို သတိပြုသင့်ပေသည်။

**ခန့်** ၏အနက် ခိုင်း၊ နှိုင်း၊ မှန်းစသည် ဖြစ်သည်။ **ညား** ၏ အနက် **ပေါင်းစည်း၊ ဆက်စပ် > စွဲမြဲ၊ များပြား**ဖြစ်သည်။ တစ်စုံတစ်ဦးကို **ခန့်ညား**သည်ဆိုသည်မှာ ထိုသူတစ်ဦးတစ်ယောက်ကို ထွတ်မြတ်သူအဖြစ်၊ အကြီးအမြတ်အဖြစ် ခိုင်းနှိုင်းမှန်းထားခြင်း၊ ပမာထားခြင်း၊ အရာထားခြင်းပင်ဖြစ်ရာ ဆင့်ပွားအနက်အားဖြင့် ကြောက်သည်၊ ရို့သည်၊ လေးစားသည်၊ ရိုသေသည်ဟူသော အဓိပ္ပာယ်ကို ဆောင်ပေသည်။

**ခန့်**၏အနက်သည် ကြောက်သည်၊ ရို့သည်၊ ရိုသေသည်၊ လေးစားသည်ဟုဆိုခြင်းကြောင့် **မခန့်**၏အနက်မှာ မကြောက်၊ မရို့၊ မလေးစား၊ မရိုသေဟူ၍ ဖြစ်ပေသည်။ ထို့ကြောင့် **မခန့်လေးစား မလေးမခန့်၊ မခန့်တရန့်၊ မခိုးမခန့်၊ ပမာမခန့်** စသည့်ကြိယာဝိသေသနဝေါဟာရများ ဖြစ်ပေါ်လာခြင်းဖြစ်ပေသည်။

**ခံ့**၏အနက် **ခိုင်၊ ခံ၊ ထည်** စသည်ဖြစ်သည်။ ခိုင်သော သဘော၊ ခံနိုင်သောသဘော၊ ထည်သောသဘော စသည်ဖြစ်သည်။ **ညား**၏ အနက်ကို စွဲမြဲစွာ၊ များစွာဟု အနက်ဖွင့်ပါက **ခံ့ညား** ဟူသည် များစွာခံ့သည်။ များစွာထည်သည် စသည့်အဓိပ္ပာယ်ကိုဆောင်ပေသည်။ ထို့ကြောင့် **ခံ့ညားထည်ဝါ၊ ခံ့ထည်**ဟူသော ဝေါဟာရများ ဖြစ်လာရပေသည်။

ဆရာကြီးသည် အလွန်ခန့်ညားသည်ဟူသောဝါကျနှင့် ဆရာကြီးသည် အလွန်ခံ့ညားသည်ဟူသော ဝါကျတို့တွင် ပထမဝါကျသည် ဆရာကြီး အလွန်ကြောက်သည်ဟူသော အဓိပ္ပာယ်ရှိ၍ ဒုတိယဝါကျသည် ဆရာကြီး အလွန်ထည်ဝါသည် အလွန်လေးစားဖွယ်ဖြစ်သည်ဟူသော အဓိပ္ပာယ်ရှိပေသည်။ နသတ်အောက်မြစ် **ခန့်ညား**နှင့် သေးသေးတင်အောက်မြစ် **ခံ့ညား**တို့ အသတ်မတူကြသဖြင့် အဓိပ္ပာယ် အလွန်ကွဲပြားကြောင်း သတိပြုကြရာသတည်း။

**မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ။**



















၂၀၂၄ ခုနှစ် မေလအတွင်း ဖမ်းဆီးရမိမှု။

**❍ သတင်းပေးတိုင်ကြားမှုမှ**

ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများနှင့်လေဆိပ်များ၊ ကမ်းရိုးတန်း ဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိကြောင်း သိရှိရသည်။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် မေလအတွင်း သတင်းရရှိမှု ၇၉ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ခုနစ်ကြိမ်၊ နောက်ကျသတင်းတစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု ၇၁ ကြိမ်ဖြစ်သည်။ဖမ်းဆီးရမိမှုအမှုတွဲ ၁၀၇ မှုဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၆၆ မျိုး အပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၈၀ ဒသမ ၅၄၄ သန်းနှင့် တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

၂၀၂၄ ခုနှစ် မေလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှုတန်ဖိုးငွေကျပ် ၄၂၈၀ ဒသမ ၅၄၄ သန်း၏ ၂၀ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၈၅၆ ဒသမ ၁၀၉ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သည်။ ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ်တွင် သတင်းပေးဆုကြေးအဖြစ် ငွေကျပ် ၁၁၆၈ ဒသမ ၄၈၈ သန်းကို ဆုကြေးငွေအဖြစ်ချီးမြှင့်ပေးခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မေလထိ သတင်းပေးဆုကြေးအဖြစ် ငွေကျပ် ၃၈၀ ဒသမ ၉၆၈ သန်းကိုလည်း ဌာနဆိုင်ရာ တာဝန်ရှိသူများက မြန်မြန်ဆန်ဆန် ချီးမြှင့်နိုင်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍လည်း လစဉ် သတင်းထုတ်ပြန်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း- ၀၉-၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# မတ္တရာမြို့နယ်တွင် လူငယ်သုံးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များ သတ်ဖြတ်ခဲ့သည်ဟု မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ရှမ်းမြောင်းကျေးရွာအနီးတွင် လူငယ်သုံးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၄ ရက်တွင် သတ်ဖြတ်ခဲ့သည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်စွပ်စွဲ ရေးသားပြီး ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းရက်တွင် ရှမ်းမြောင်းကျေးရွာနှင့် အနီးဝန်းကျင်များသို့ နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်းနှင့် သွားရောက်ခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နယ်မြေ




လုံခြုံရေးဆောင်ရွက်ရာတွင် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အတွက် အကြမ်းဖက်သမားများက မနာလိုမရှုဆိတ်ဖြင့် အပြစ်မဲ့ဒေသခံပြည်သူများကို ဖမ်းဆီးသတ်ဖြတ်နေပြီး တရားမဝင်ပြည်ဖျက်မီဒီယာများကတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ထင်ယောင်ထင်မှားဖြစ်စေရန် ဝါဒဖြန့် လှုံ့ဆော်ရေးသားနေခြင်းသာဖြစ်သည်။ ထို့ကြောင့် ပြည်သူများအနေဖြင့် အကြမ်းဖက်သမားများ၏ သတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နီးစပ်ရာလုံခြုံရေးတပ်စခန်းများသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

**❖ ဖမ်းဆီးရမိမှုမှ**

ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာကိုးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ဖန်စီလက်ဝတ်ရတနာ ကီလိုဂရမ် ၁၁၀၊ ခေါင်းဖြီးဘီးမျိုးစုံ ၂၀၈၆ ကီလိုဂရမ်နှင့် တရုတ်နိုင်ငံထုတ် GI Hollow Pipe ကီလိုဂရမ် ၁၈၉၆၀ အပါအဝင် ကုန်ပစ္စည်းငါးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၀၂၄၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် ရန်ကုန်- မန္တလေးအမြန်လမ်း ၂ မိုင် ၄ ဖာလုံအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၀၈၀တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၇၅၂ နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Toyota Noahမော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကိုလည်းကောင်း၊ လှည်းကူးမြို့နယ် အဝိုင်းကျေးရွာနှင့်မလစ်(အနောက်)ကျေးရွာကြား၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် အခြားသစ် ၃ ဒသမ ၁၈၂ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၂၈၀၀ နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀ ကိုလည်းကောင်း၊ တိုက်ကြီးမြို့နယ် တာဂွကျေးရွာ ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ်(၄၅)အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် သုည ဒသမ ၈၉၅ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၇၆၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၉၂၁၁၅၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇွန် ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲငါးမှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၆၂၃၆၃၂ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဂရိနိုင်ငံက တောမီးကာကွယ်ရေးအစီအမံများ တိုးမြှင့်လုပ်ဆောင်လျက်ရှိ



**အေသင် ဇွန် ၅**

ဂရိနိုင်ငံအနေဖြင့် ရာသီဥတုဖောက်ပြန်မှု ပူပြင်းသောအပူချိန်မြင့်တက်မှုတို့ကြောင့် တောမီးလောင်ကျွမ်းမှုအန္တရာယ်မြင့်တက်လာသဖြင့် တောမီးကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးယန္တရား အားကောင်းစေရန် ကြိုတင်ပြင်ဆင်မှုများကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း ဂရိနိုင်ငံဝန်ကြီးချုပ် Kyriakos Mitsotakis က ဇွန် ၄ ရက်တွင် ပြောကြားခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

ဂရိနိုင်ငံသည် ပြီးခဲ့သောနှစ်က တောမီးလောင်ကျွမ်းမှုကြောင့် လူဦးရေ ၂၀ အသက်ဆုံးရှုံးခဲ့ပြီး သစ်တောနှင့်လယ်မြေဟက်တာ ၁၂၀၀၀ ကျော်၊ လူနေအိမ်ရာနှင့်ချီ၍ပျက်စီးခဲ့ရာ ယခုနှစ်တွင် တောမီးကာကွယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ အထူးလေ့ကျင့်ထားသည့် မီးသတ်သမားဦးရေ ၁၈၀၀၀ ပါဝင်သော မီးသတ်တပ်ဖွဲ့တစ်ခုကိုဖွဲ့စည်းထားပြီး မီးသတ်လေယာဉ် ခုနစ်စီးနှင့် မီးသတ်ကားအစီးရေ ၁၁၀၀ တို့အပါအဝင် ယူရိုနှစ် ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထားကြောင်း မြို့ပြကာကွယ်ရေးဝန်ကြီး Vassilis Kikilias က ပြောကြားသွားခဲ့သည်။

တောမီးကာကွယ်ရေးအတွက် တောမီးလောင်ကျွမ်းမှုဖြစ်နိုင်ခြေရှိသည့် ခြောက်သွေ့နေသောသစ်တောဟက်တာ ထောင်ပေါင်းများစွာကို ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများကို မေ ၁ ရက်က စတင်လုပ်ဆောင်လျက်ရှိပြီး နောက်ထပ်တစ်လခန့် ဆက်လက်ရှင်းလင်းသွားမည်ဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်နှင့် စွမ်းအင်ဝန်ကြီး Theodoro Skylakakis က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

တောမီးကာကွယ်ရေးလုပ်ငန်းများကို ပိုမိုကောင်းမွန်အောင် ပြင်ဆင်ထားကြောင်း၊ သစ်တောဧရိယာများအနီးတွင် အခြေချနေထိုင်သူများအတွက် မီးတားဇုန်များဖန်တီးရေးအတွက် ယူရိုသန်း ၂၀၀ ဆက်လက်ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇွန် ၄ ရက်တွင် ဂရိနိုင်ငံဝန်ကြီးချုပ် Kyriakos Mitsotakis က ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# ကနေဒါနိုင်ငံတွင် ရေဆိုးစွန့်ပစ်မှုစည်းမျဉ်း ချိုးဖောက်မှုကြောင့် စက္ကူစက်ရုံတစ်ရုံ အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ဒဏ်ကြေးပေးဆောင်ခဲ့ရ

**အော့တဝါ ဇွန် ၅**

ကနေဒါနိုင်ငံ New Brunswick ပြည်နယ်တွင် မြစ်ထဲသို့ စက္ကူပျော့ဖတ်နှင့် စက္ကူလုပ်ငန်းသုံး ရေဆိုးများစွန့်ပစ်ခဲ့မိသည့်အတွက် Twin Rivers Paper စက္ကူကုမ္ပဏီကို အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ဒဏ်ရိုက်ခဲ့ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင် အာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့ကြောင်း ဇွန် ၄ ရက် သတင်းများအရ သိရသည်။

ကနေဒါနိုင်ငံ New Brunswick ပြည်နယ်ရှိ Twin Rivers Paper စက္ကူကုမ္ပဏီသည် စက္ကူပျော့ဖတ်နှင့် စက္ကူထုတ်လုပ်သည့်လုပ်ငန်းသုံး ရေပိုက်လိုင်းကျိုးကျပျက်စီးနေမှုကို ပြင်ဆင်မှုမပြုလုပ်ခြင်းကြောင့် ရေဆိုးများမြစ်ထဲသို့ ရောက်ရှိခဲ့သဖြင့် ပြည်နယ်သဘာဝပတ်ဝန်းကျင်ဌာနက ဒဏ်ကြေးငွေ အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ကို ပေးဆောင်စေခဲ့သည်။

စက်ရုံမှရေဆိုး စွန့်ပစ်သည့် ပိုက်လိုင်းသံချေးတက်ရာမှ ကျိုးကျမှုဖြစ်ပွားခဲ့သည်ကို အဆိုပါဌာနမှ အာဏာပိုင်များစစ်ဆေးစဉ်တွေ့ရှိခဲ့ရပြီး အဆိုပါရေပိုက်မှ ရေဆိုးလီတာ ၁၀၂၀၀၀ ခန့် မြစ်ထဲသို့ ရောက်ရှိခဲ့ကြောင်း ကနေဒါသဘာဝပတ်ဝန်းကျင်ဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားပြီး ရေဆိုးများမြစ်အတွင်း ဝင်ရောက်ခဲ့မှုကို ကုမ္ပဏီဘက်မှ ပြည်နယ်တရားရုံးတွင် ဝန်ခံခဲ့ပြီး တာဝန်ရှိသူများက ရေနမူနာကို ဓာတ်ခွဲစမ်းသပ်ကြည့်ခဲ့ရာ ငါးများကိုအန္တရာယ်ဖြစ်စေနိုင်သည့် ဓာတ်များပါဝင်ခဲ့သည့်အတွက် ပြည်ထောင်စု ငါးလုပ်ငန်းဥပဒေဖြင့် အရေးယူ၍ ဒဏ်ငွေချမှတ်ခဲ့ကြောင်း၊ အဆိုပါဒဏ်ကြေးငွေကို သဘာဝပတ်ဝန်းကျင်ပျက်စီးမှုရန်ပုံငွေသို့ လွှဲပြောင်းပေးသွားမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် အကျိုးပြုစီမံကိန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း အာဏာပိုင်များက ထုတ်ပြန်ခဲ့သည်။

Twin Rivers Paper စက္ကူကုမ္ပဏီသည် နေ့စဉ်စက္ကူပျော့ဖတ်တန်ချိန် ၁၀၀ ခန့်ထုတ်လုပ်သည့် စက္ကူစက်ရုံတစ်ရုံဖြစ်ပြီး ပြည်တွင်းနှင့် အမေရိကန်နိုင်ငံ မိန်းပြည်နယ်ရှိ စက္ကူစက်များအတွက် ကုန်ကြမ်းထုတ်လုပ်ပေးနေကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# ဘရာဇီးနိုင်ငံတွင် ရုပ်ကြွင်းလောင်စာများနှင့် သစ်ပင်များကို မီးရှို့ခြင်းကြောင့် ရေကြီးမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များ ပြောကြားခဲ့

**ဘရာစီးလီးယား ဇွန် ၅**

ဘရာဇီးနိုင်ငံတွင် ရုပ်ကြွင်းလောင်စာများနှင့် သစ်ပင်များကို မီးရှို့ခြင်းကြောင့် ရေကြီးမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သိပ္ပံပညာရှင်များ ပြောကြားခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

ကာဗွန်ထုတ်လွှတ်မှုကို မဖြတ်တောက်နိုင်ပါက အနာဂတ်တွင် သဘာဝဘေးအန္တရာယ်များပိုမိုအဖြစ်များလာမည်ဟု သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြောင်း၊ ဘရာဇီးနိုင်ငံ၏ စည်ပင်သာယာရေးအစိုးရသည် လူသားများ၏ လုပ်ရပ်များကြောင့် ဖြစ်ပေါ်လာသော ရာသီဥတုဖောက်ပြန်မှုကြောင့် သစ်တောပြုန်းတီးသောမြေနိမ့်ပိုင်းနှင့် သစ်တောပြုန်းတီးသည့်အရပ်ဒေသများတွင် ရေလွှမ်းမိုးမှုဒဏ်ကို ပိုမိုခံနိုင်ရဖွယ်ရှိသည်ကို သတိပေးထားကြောင်း၊ ရေကြီးမှုကြောင့် အမေရိကန်ဒေါ်လာ ၁ ဘီလီယံ (ပေါင် ၇၈၀ သန်း) ကျော် ဆုံးရှုံးခဲ့သည့်အပြင် စိုက်ပျိုးရေးအပေါ် ဆိုးရွားသော အကျိုးသက်ရောက်မှုကြောင့် ဆန်ဈေးနှုန်းများ မြင့်တက်နိုင်ကြောင်း၊ World Weather Attribution အဖွဲ့မှ သိပ္ပံပညာရှင်များသည် ရေကြီးရေလျှံမှုသဘာဝဘေးနှင့်ပတ်သက်ပြီး ရာသီဥတုဆိုင်ရာအချက်အလက်များကိုတွက်ချက်စစ်ဆေးရာ ရေကြီးမှုဖြစ်ပွားစဉ်ကာလအတွင်း လူသားတို့ လုပ်ရပ်ကြောင့် အလွန်အမင်း မိုးရွာသွန်းမှုဖြစ်နိုင်ခြေသည် နှစ်ဆမှ သုံးဆခန့်ထိ တိုးလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



**Ref : Russia Today**
**Trs : KZ**

# အာသံပြည်နယ် ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ပြည်သူဦးရေ ၆၀၀၀၀၀ ကျော်ထိရှိနေ

**နယူးဒေလီ ဇွန် ၅**

အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ရေဘေးဒဏ်သင့်ပြည်သူ ဦးရေ ၆၀၀၀၀၀ ကျော်ထိရှိနေကြောင်း အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများအရ သိရသည်။

အာသံပြည်နယ်တွင် ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူ ၁၈ ဦးထက်မနည်းရှိနေပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသူ အမြောက်အမြားလည်းရှိနေကြောင်း၊ အာသံပြည်နယ်တွင် ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်နေရသည့် ခရိုင် ၁၀ ခရိုင်တို့မှာ ဟိုဂျိုင်ခရိုင်၊ ကာရမ်ဂန်ခရိုင်၊ မိုရီဂေါင်ခရိုင်၊ နာဂေါင်ခရိုင်၊ ဒီမာဟာဆောင်ခရိုင်၊ ကာချာခရိုင်၊ ဒီဘရူဂတ်ခရိုင်၊ ဟိုင်လာကန်ဒီခရိုင်၊ ဂိုလက်ဟက်ခရိုင်နှင့် အန်လောင်းခရိုင်တို့ဖြစ်ကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးနေသူ လေးဦးရှိနေပြီး ၎င်းလေးဦးမှာ ကာချာခရိုင်မှဖြစ်ကြောင်း၊ ရေဘေးဒဏ်သင့် ကျေးလက်ဒေသပေါင်း ၅၇၇ ထိရှိနေပြီး ရေဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် စိုက်ခင်းဧရိယာစုစုပေါင်း ဟက်တာကေ ၆၀၂၃ ကေထိရှိကြောင်း အိန္ဒိယအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"အာသံပြည်နယ်အတွင်း ရေဘေးအန္တရာယ်ကြောင့် ရေဘေးဒဏ်သင့်ပြည်သူ အယောက် ၆၀၀၀၀၀ ကျော်ထိရှိနေပါတယ်။ ခရိုင် ၁၀ ခရိုင်မှာ ရေဘေးအန္တရာယ်တွေ တော်တော်လေး ဆိုးရွားနေတယ်။ ပြီးခဲ့တဲ့ ၂၄ နာရီအတွင်းမှာ ရေဘေးအန္တရာယ်ကြောင့် သေဆုံးသူ ၁၈ ယောက်ရှိနေပြီး ပျောက်ဆုံးနေသူ လေးယောက်ရှိနေပါတယ်။ ကယ်ဆယ်ရေးစခန်းတွေ ဖွင့်လှစ်ပြီးတော့ ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်းပြီး နေရာချပေးထားပါတယ်"ဟု အာသံပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

အာသံပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့အစည်းက ရေဘေးဒဏ်ကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသော ပြည်သူများကို ယာယီကယ်ဆယ်ရေးစခန်း ၁၉၁ ခုထိ ဖွင့်လှစ်ကာ နေရာချပေးထားကြောင်း၊ ရေဘေးသင့် ဒေသခံများအတွက် အစားအသောက်များ ပေးဝေသည့် စင်တာ ၁၀၈ ခုဖွင့်လှစ်ကာ ရေဘေးဒဏ်သင့်ပြည်သူများအတွက် လိုအပ်သော အစားအသောက်များနှင့် အသုံးအဆောင်များ ပေးဝေလျက်ရှိကြောင်း၊ အာသံပြည်နယ်အတွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍအားလုံးကိုလည်း ရပ်ဆိုင်းထားပြီး ဘေးလွတ်ရာရွှေ့ပြောင်းနေရသည့် ဒေသခံများကို အာဏာပိုင်အဖွဲ့အစည်း၏အစီအစဉ်ဖြင့် သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# အစ္စရေးနိုင်ငံမြောက်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိ

**ဂျေရုဆလင် ဇွန် ၅**

အစ္စရေးနိုင်ငံမြောက်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေကြောင်း အစ္စရေးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အစ္စရေးနှင့် လက်ဘနွန်ပဋိပက္ခအတွင်း လက်ဘနွန်နိုင်ငံဘက်မှ ပစ်ခတ်ခဲ့သည့် ရော့ကတ်နှင့် ဗုံးများကြောင့် တောမီးလောင်ကျွမ်းခဲ့ပြီး တောမီးကြောင့် Kriyat မြို့မှ ဒေသခံအမြောက်အမြားကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ရကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေသော်လည်း လေတိုက်နှုန်းလည်း မြင့်တက်နေသည့်အတွက် တောမီးကိုငြိမ်းသတ်ရန် ခက်ခဲလျက်ရှိကြောင်း သိရသည်။

တောမီးကို ငြိမ်းသတ်ရန် ခက်ခဲနေသည့်အတွက် အစ္စရေးတပ်မတော်သားများကလည်း တောမီးကို ထိန်းချုပ်နိုင်ရန်အတွက် မီးသတ်တပ်ဖွဲ့ဝင်များကို ကူညီပေးလျက်ရှိကြောင်း၊ အစ္စရေးမြောက်ပိုင်းတိုင်း တပ်မတော်အကြီးအကဲကိုယ်တိုင် Kriyat မြို့သို့ ရောက်ရှိလာပြီး တောမီးကို အမြန်ဆုံးငြိမ်းသတ်နိုင်ရေးနှင့် ဒေသခံများအန္တရာယ်မရှိစေရေးအတွက် ကြီးကြပ်ကွပ်ကဲလျက်ရှိသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုကလည်း တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးနှင့် ဒေသခံများ၏ အိုးအိမ်စည်းစိမ်များကို အတတ်နိုင်ဆုံး ကာကွယ်ပေးရန်လည်း တာဝန်ရှိသူများကို ညွှန်ကြားထားသည်။

"လက်ဘနွန်နိုင်ငံဘက်ခြမ်းက ပစ်လိုက်တဲ့ Kriyat မြို့နဲ့ ဗုံးတွေကြောင့် တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပွားနေပါတယ်။ တောမီးအရှိန်ပြင်းထန်ပြီး ဒေသခံတွေကို အရေးပေါ်အခြေအနေနဲ့ ဘေးလွတ်ရာ ရွှေ့ပြောင်းပေးထားပါတယ်။ ယမ်းကြောင့် လောင်ကျွမ်းတဲ့တောမီးဖြစ်သလို လေတိုက်နှုန်းလဲမြင့်တက်နေတဲ့အတွက် Kriyat မြို့ခံ တော်တော်များများ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပါတယ်"ဟု အစ္စရေးမြောက်ပိုင်း တပ်မတော်အကြီးအကဲဖြစ်သူက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

# တိုးတက်ပြောင်းလဲလာသောကုန်းမြေအခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်များ အပိုင်း(၂)






**ဗြိတိန်၏အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေးစနစ်**

ဗြိတိန်တပ်မတော်တွင် နှစ်ပေါင်း ၅၀ ကျော်တာဝန်ထမ်းဆောင်ပြီးနောက် ဗြိတိန်ကြည်းတပ်သည် Rapier လေကြောင်းရန်ကာကွယ်ရေးစနစ်ကို တရားဝင်အနားပေးခဲ့သည်။ လေကြောင်းရန်ကာကွယ်ရေးစနစ်အသစ်ဖြစ်သော Sky Sabre ကို ၂၀၂၀ ခုနှစ် ဒီဇင်ဘာလနှောင်းပိုင်းတွင် စတင်အသုံးပြုခဲ့သည်။

၎င်းစနစ်သည် ဗြိတိန်ကြည်းတပ်က မြေပြင်အခြေစိုက် လေကြောင်းရန်ကာကွယ်ရေးနည်းပညာကို ရှေ့တန်းမျက်နှာစာသို့ တွန်းပို့ပေးခဲ့သည်။ MBDA က သုတေသနပြုတည်ဆောက်ထားသော Sky Sabre သို့တည်းမဟုတ် Land Ceptor သည် ဗြိတိန်တပ်မတော်၏ကုန်းမြေအခြေစိုက် ဒုံးကျည်အမျိုးအစားပင်ဖြစ်သည်။

တစ်မူထူးခြားသောအရှိန်အဟုန်၊ တိကျမှု၊ စွမ်းဆောင်မှုနှင့် ပစ်မှတ်တိကျမှုတို့ပိုင်ဆိုင်ထားသည့် Sky Sabre သည် အသံ၏အမြန်နှုန်းနှင့် ရွေ့လျားနေသော တင်းနစ်ဘောလုံးအရွယ်အစားဝတ္ထုကို ထိမှန်အောင်ပစ်ခတ်နိုင်စွမ်းရှိစေသည်။ Sky Sabre သည် ကီလိုမီတာ ၁၂၀ မှ ခြိမ်းခြောက်မှုများကို ခြေရာခံနိုင်ပြီး ၃၆၀ ဒီဂရီပတ်ပတ်လည်ကို စုံစမ်းထောက်လှမ်းနိုင်သည့် Giraffe Agile Multi Beam 3D အမျိုးအစား တာလတ် ကင်းထောက်ရေဒါတစ်ခုပါဝင်သည်။ ရေဒါနှင့် ဒုံးကျည်များချိတ်ဆက်ထားသောကွန်ပျူတာသည် ပစ်မှတ်များနှင့် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များ (CAMM) ပစ်ခတ်မှုကိရိယာတို့ကို ချိတ်ဆက်ပေးထားသည်။

**SAMP/T လေကြောင်းရန်ကာကွယ်ရေးစနစ်**

Eurosam သည် SAMP/T NG ၏ ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှုကို စတင်လုပ်ဆောင်လျက်ရှိပြီး ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ပြင်သစ်နှင့်အီတလီတပ်ဖွဲ့သို့ လွှဲပြောင်းပေးရန် စီစဉ်ထားရှိရာ ၂၀၂၆ ခုနှစ်တွင် ဝယ်လက်များသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။ ၁၉၈၉ ခုနှစ်တွင် ပြင်သစ်နှင့်အီတလီတို့ကြား ပူးတွဲစတင်ထူထောင်ခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် UK ပူးတွဲပါဝင်လာခဲ့သည့်အပြင် MBDA နှင့် Thales တို့ဖြင့် ဖွဲ့စည်းထားသည့် Eurosam JV သည် အဓိကကန်ထရိုက်တာဖြစ်လာခဲ့ပြီး စနစ်စွမ်းဆောင်မှုနှင့် ဒီဇိုင်း၊ အင်ဂျင်နီယာ၊ ထုတ်လုပ်မှု၊ ရောင်းချမှုနှင့် မြေပြင်အခြေစိုက် နယ်ပယ်များရှိ SAMP/T နှင့်အတူ SAAM-IT၊ SAAM-FR နှင့် ရေတပ်ဆိုင်ရာ PAAMS-E အပါအဝင်မြေပြင်မှ ဝေဟင်ပစ်အုပ်စု(FSAF)ကို အထောက်အကူပြုရန် တာဝန်ရှိပေသည်။

SAMP/T သည် လက်ရှိအချိန်တွင် ပြင်သစ်လေကြောင်းတပ်ဖွဲ့၊ အာကာသတပ်ဖွဲ့နှင့် အီတလီကြည်းတပ်တို့တွင် တာဝန်ထမ်းဆောင်လျက်ရှိပြီး ရေတပ်နှင့်မြေပြင် Aster ဒုံးကျည်အခြေစိုက် စနစ်များသည် ကမ္ဘာတစ်ဝန်းရှိ တပ်မတော် ၁၂ ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ မကြာသေးမီအချိန်အတွင်းကပင် အီတလီတပ်မတော်သည် SAMP/T NG ကို ရွေးချယ်ခဲ့သည်။

၎င်းစနစ်သည် အကွာအဝေး ကီလိုမီတာ ၁၅၀ ထိ ကြားဖြတ်တိုက်ခိုက်နိုင်ပြီး အကွာအဝေးကီလိုမီတာ ၃၅၀ ထိ ခြေရာခံထောက်လှမ်းနိုင်သည်။ ထို့ပြင် ၃၆၀ ဒီဂရီပတ်ပတ်လည်ကို ထောက်လှမ်းနိုင်သည့် အီလက်ထရွန်နစ်အထောက်အကူပြု ရေဒါနည်းပညာလည်း ပါဝင်ပြီး Leonardo ၏ Kronos Grand Mobile ရေဒါ သို့မဟုတ် Thales ၏ Ground Fire 300 ရေဒါတို့ဖြင့် အသုံးပြုနိုင်သည်။

**SHORAD လေကြောင်းရန်ကာကွယ်ရေးစနစ်**

ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာန(MoD) သည် ဗြိတိန်ကြည်းတပ်နှင့် တော်ဝင်မရိန်းတပ်ဖွဲ့များ၏ တာတိုပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်(SHORAD) စွမ်းဆောင်ရည်များကို ၂၀၂၆ ခုနှစ်ထိ ဆက်လက်ထိန်းသိမ်းထားရှိရန် Thales ကုမ္ပဏီကို အနာဂတ်လေကြောင်းရန်စွမ်းဆောင်ရည်စီမံကိန်းအဖွဲ့ (F-ADAPT)ကို တိုးချဲ့ရန် ကန်ထရိုက်တစ်ရပ်ပေးအပ်ခဲ့သည်။ Thales UK သည် အမေရိကန်ဒေါ်လာ ၁၃၇ သန်းခန့် တန်ဖိုးရှိသောကန်ထရိုက်စာချုပ်တစ်ရပ်ကို တိုးချဲ့နိုင်ခဲ့သည်။ နောက်ဆုံးကန်ထရိုက်စာချုပ်သည် မူလကန်ထရိုက်စာချုပ်ကို ငါးနှစ် သက်တမ်းတိုးသွားမည်ဖြစ်သည်။ Thales UK သည် F-ADAPT အစီအစဉ်အောက်တွင် ဒုံးကျည်စနစ်များ ခေတ်မီအဆင့်မြင့်တင်တည်ဆောက်ရန် ကန်ထရိုက်တစ်ရပ်ရရှိခဲ့သည်။ F-ADAPT အစီအစဉ်သည် လေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် တော်ဝင်အမြောက်တပ်ရင်းကြီးနှင့် မရိန်းတပ်ဖွဲ့များ အထောက်အကူပြုသွားရန် ရည်မှန်းထားရှိသည်။

**Pantsir လေကြောင်းရန်ကာကွယ်ရေးစနစ်**

KBP Instrument Design Bureau က သုတေသနပြုထုတ်လုပ်ထားသည့် Pantsir ၏ အဓိကပြောင်းလဲတိုးတက်လာမှုများသည် ဘက်စုံတိုက်ပွဲတွင် အသုံးပြုနိုင်ခြင်း၊ ရွေ့လျားပစ်ခတ်နိုင်ခြင်း၊ မော်ဂျူလားဒီဇိုင်း၊ ရေဒါအထောက်အကူပြုထိန်းချုပ်မှုစနစ်နှင့် ပစ်မှတ်ပေါင်းစုံကို တစ်ပြိုင်တည်းပစ်ခတ်နိုင်ခြင်းတို့ပင်ဖြစ်သည်။ ရုရှားတပ်မတော်သည် Pantsir မူကွဲသုံးမျိုးဖြစ်သည့် Pantsir-S1၊ နောက်ဆုံးအဆင့်မြှင့်တင်ထားသော Pantsir-S1M နှင့် အထူး Arctic မူကွဲ Pantsir-SA တို့ကို တစ်ချိန်တည်းတစ်ပြိုင်တည်း ထုတ်ဖော်ပြသခဲ့သည်။

Pantsir-S1 ၏ ပြည်ပတင်ပို့မှုအတွက် အဆင့်မြှင့်တင်တည်ဆောက်ထားသော Pantsir-S1M သည် ၂၀၁၉ ခုနှစ် ARMY ပြပွဲ၌ နိုင်ငံတကာသို့ ပထမဆုံးအကြိမ်ပြသခဲ့သည်။ Rostec သည် ခရုဇ်ဒုံးကျည်များကို ချေမှုန်းနိုင်ရေးအတွက် Pantsir-S လေကြောင်းရန်ကာကွယ်ရေးစနစ်၏ စွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ထားရှိပြီး Pantsir-S စနစ်အတွက် လိုအပ်ချက်မှန်သမျှကို ပြောင်းလဲတည်ဆောက်ထားရှိသည့်အတွက် အဆင့်မြင့်ကျည်ထိပ်ဖူးများနှင့် တာဝေးပစ်ဒုံးကျည်များကို ထိရောက်စွာတုံ့ပြန်တိုက်ခိုက်နိုင်စွမ်းရှိသည်။

Pantsir-S စနစ်သည် ခရုဇ်ဒုံးကျည်၊ ဒရုန်းစစ်ဆင်မှုတို့ကို ချေမှုန်းတိုက်ခိုက်ခြင်းအပါအဝင် လေကြောင်းကာကွယ်ရေးအတွက် ဘက်စုံအသုံးပြုနိုင်သောစနစ်တစ်ခုဖြစ်သည်။ Pantsir စနစ်သည် ခရုဇ်ဒုံးကျည်နှင့် ပဲ့ထိန်းဒုံးကျည်များ၊ ရဟတ်ယာဉ်များ၊ လေယာဉ်များနှင့် MLRS ခဲယမ်းများအပြင် ဒရုန်းများကိုလည်း ခြေရာခံထောက်လှမ်းနိုင်စွမ်းရှိစေသည်။

**အိန္ဒိယပြည်တွင်းလုပ် လေကြောင်းရန်ကာကွယ်ရေးစနစ်များ**

အိန္ဒိယနိုင်ငံသည် ၎င်း၏ဝေဟင်ပိုင်နက်ကို ကာကွယ်နိုင်ရေးအတွက် လေကြောင်းရန်ကာကွယ်ရေးစနစ်အမျိုးမျိုးကို သုတေသနပြုတည်ဆောက်ထုတ်လုပ်လျက်ရှိသည့်အပြင် ဝယ်ယူလျက်ရှိသည်။ အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့(DRDO)သည် တိုင်းပြည်ကာကွယ်ရေးစွမ်းဆောင်ရည်မြှင့်တင်ရန် ပြည်တွင်းလုပ် လေကြောင်းရန်ကာကွယ်ရေးကျည်ထိပ်ဖူးများကို ထုတ်လုပ်လျက်ရှိသည်။ အိန္ဒိယ၏ ပြည်တွင်းလုပ် လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည့် Akash ဒုံးကျည်စနစ်ကို DRDO မှ သုတေသနပြုတည်ဆောက်ထားသည့် တာလတ်ပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်ဖြစ်သည်။ လေယာဉ်၊ ရဟတ်ယာဉ်၊ ဒရုန်းနှင့် ခရုဇ်ဒုံးကျည်များအပါအဝင် ဝေဟင်ခြိမ်းခြောက်မှုများကို ကြားဖြတ်တိုက်ခိုက်နိုင်ရေးအတွက် ၎င်းဒုံးကျည်ကို ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ Akash NG သည် Akash ဒုံးကျည်စနစ်၏ အဆင့်မြှင့်တင်ထားသော မူကွဲဖြစ်ပြီး ပိုမိုကွာဝေးသည့်နေရာများထိ စွမ်းဆောင်ရည်ရှိရန် ပုံစံရေးဆွဲတည်ဆောက်ထားခြင်းဖြစ်သည်။

Maitri ဒုံးကျည်စနစ်သည် တာတိုပစ်မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်ဖြစ်ပြီး အိန္ဒိယနှင့် ပြင်သစ်တို့မှ ပူးတွဲတည်ဆောက်ထားခြင်းဖြစ်သည်။ လေယာဉ်၊ ရဟတ်ယာဉ်နှင့် ဒရုန်းများ၏အန္တရာယ်ကို ကာကွယ်နိုင်သည့် လေကြောင်းရန်ကာကွယ်ရေးစနစ်အဖြစ် ဒီဇိုင်းရေးဆွဲတည်ဆောက်ထားခြင်းဖြစ်သည်။ အလျင်အမြန်တုံ့ပြန်နိုင်သောမြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် QRSAM သည် အမျိုးမျိုးသောလေကြောင်းခြိမ်းခြောက်မှုများကို တိုက်ခိုက်နိုင်သည့် တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေး စွမ်းဆောင်ရည်များအဖြစ် ဒီဇိုင်းရေးဆွဲတည်ဆောက်ထားခြင်းဖြစ်သည်။

အိန္ဒိယ၏ ပြည်တွင်းလုပ် တာလတ်ပစ်မြေပြင်မှ ဝေဟင်ပစ် လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ပန်ဂျပ်ပြည်နယ်တွင် တပ်ဖြန့်ချထားပြီးဖြစ်သည်။ ၎င်းစနစ်ကို DRDO နှင့် အစ္စရေးအာကာသစက်မှုလုပ်ငန်းတို့မှ ပူးတွဲတည်ဆောက်ထားခြင်းဖြစ်သည်။ ထို့ပြင် အိန္ဒိယကာကွယ်ရေးတပ်ဖွဲ့များသည် အကွာအဝေး ကီလိုမီတာ ၄၀၀ ရှိ ပစ်မှတ်များကို ထိမှန်နိုင်သည့် S-400 လေကြောင်းရန်ကာကွယ်ရေးစနစ်ကိုလည်း ပိုင်ဆိုင်ထားရှိပြီးဖြစ်သည်။

**တောင်ကိုရီးယား လေကြောင်းရန်ကာကွယ်ရေးစနစ်များ**

တောင်ကိုရီးယားနိုင်ငံသည် ဝေဟင်ပိုင်နက်ကို ကာကွယ်ရန်နှင့် ဒေသတွင်းရှိ အမျိုးမျိုးသော ခြိမ်းခြောက်မှုများနှင့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ထုတ်လုပ်ပြီး ဝယ်ယူလျက်ရှိသည်။ တောင်ကိုရီးယား လေကြောင်းရန်ကာကွယ်ရေးစနစ်များတွင်ပါဝင်သည့် ကိုရီးယားမြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် (K-SAM) အမျိုးအစား တာလတ်လေကြောင်းရန်ကာကွယ်ရေးစနစ်သည် လေယာဉ်နှင့် ရဟတ်ယာဉ်များအပါအဝင် အနိမ့်ပိုင်းမှလာသော ဝေဟင်ခြိမ်းခြောက်မှုများကို ချေမှုန်းနိုင်ရန်ဒီဇိုင်းရေးဆွဲထားရှိသည်။

Chiron သည် တောင်ကိုရီးယားနိုင်ငံတွင် LIG Nex1 မှ သုတေသနပြုတည်ဆောက်ထားသော အဆင့်မြင့်လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။ ရန်သူ၏ လေယာဉ်နှင့် ဒရုန်းများအပါအဝင် ဝေဟင်ခြိမ်းခြောက်မှုအမျိုးမျိုးကို ကြားဖြတ်ဟန့်တားတိုက်ခိုက်နိုင်ရန် ၎င်းစနစ်ကို ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။

Cheongung ဟုလည်း လူသိများသည့် ကိုရီးယားတာလတ်ပစ်ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည် (KM-SAM) သည် အလယ်အလတ်အမြင့်မှ ပျံသန်းလာသော လေယာဉ်၊ ရဟတ်ယာဉ်နှင့် ဒုံးကျည်များကို ကြားဖြတ်တိုက်ခိုက်နိုင်ရန် ဒီဇိုင်းရေးဆွဲထားသည့် တာလတ်ပစ်လေကြောင်းရန်ကာကွယ်ရေးစနစ်ဖြစ်သည်။ ၎င်းစနစ်ကို ပြည်ပကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီများနှင့် ပူးပေါင်းကာ သုတေသနပြုတည်ဆောက်ထားခြင်းဖြစ်သည်။ K30 Biho သည် လေကြောင်းရန်ကာကွယ်ရေးစက်သေနတ်များနှင့် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များ တပ်ဆင်ထားသောပဲ့ထိန်းလေကြောင်းရန်ကာကွယ်ရေးစနစ်တစ်မျိုးပင်ဖြစ်သည်။

**ကိုးကား**

**– Land-Based Air Defense Systems Recent Developments. By ADJ January February 2024.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**



# ခါးပိုက်နှိုက်

မောင်သိန်းနိုင်(လက်ဖက်ရည်)

(၁)

ချမ်းသာကြီး အရက်ဖြူဆိုင်ထဲကိုဝင်လိုက်သည်နှင့် ၅၆ရပ်ကွက်ထဲရှိ ယမကာလုလင်များ သောက်သောက်စားစားလူမင်းသားဟု သူတို့ကိုယ်သူတို့ခံယူထားကြသည်။ ဘီအီးတစ်ပိုင်းကို ပဲလှော်ဖြင့်မြည်းသူကမြည်း၊ မန်ကျည်းတစ်ပုလင်းကို သံပုရာတစ်ခြမ်းဖြင့်ထိုင်သောက်သူက ထိုင်သောက်နှင့် ပုံကျရပ်ကွက်ကလေးတွင် ယခုလိုညနေစောင်းတွင် ထိုသူများနှင့်ပင်ခြေချင်းရှုပ်နေတော့သည်။

"တင်မောင်ဝင်း လာလေကွ။ မဆုံတာကြာပြီနော်။ အတော်ပဲကွာ။ ဒီနေ့ ငါ မင်းကို ဒကာခံမယ်ဟေ့"

အာစီရှစ်ပက်ပြားတစ်ပြားကို ကြွက်ကြော်ဖြင့်မြည်းနေသော ကိုမိုးကောင်းက လှမ်း၍လောကွတ်ပြုလိုက်ချင်းပင်ဖြစ်သည်။

တင်အောင်ဝင်းသည် ကိုမိုးကောင်း ထိုင်နေသောစားပွဲခုံသို့ ထိုင်ခုံတစ်လုံးကိုဆွဲ၍ဝင်ထိုင်လိုက်သည်။

"ဆိုစမ်းပါအုံး ငါ့ကောင်ရ။ ပျောက်ချက်သားကောင်းလှချည်လားကွာ။ ဂွင်လေးဘာလေး မိရင်လဲစားကျက်လေးပေးပါအုံးကွ"

ကိုမိုးကောင်းသည် အာစီတစ်ပြားသောက်ထားသောအရှိန်ကြောင့် အာများ လျှာများပင် လေးကန်နေတော့သည်။

"အဆင်ကတော့ပြောတယ်လို့တော့မဟုတ်ပါဘူးဗျာ။ အိမ်ကမိန်းမကလဲ တစ်မှောက်ဗျာ။ တင်အောင်ဝင်းက လေးကန်တဲ့အသံနဲ့ စတင်ညည်းညူပြလိုက်သည်။

"ဒီလိုပါပဲငါ့ကောင်ရာ မိန်းမဆိုတဲ့အမျိုးက မရှိ မကောင်း၊ ရှိမကောင်း၊ မပေါင်းလဲခက်ပေါင်းလဲခက်ကွ"

ရီဝေစပြုနေပြီဖြစ်သော ကိုမိုးကောင်းသည်ဆိုင်ထဲရှိ အရက်သောက်ဖော်သောက်ဖက်များကိုပင် သတိမထားမိတော့ဘဲ အသံပြဲကြီးဖြင့် အော်၍ပြောနေတော့သည်။

"ကဲ ဘာမှမပူနဲ့ငါ့ကောင်။ ဒီညအဖို့ ငါအကုန်တာဝန်ယူတယ်ကွာ။ KTV၊ မာဆက် ကြိုက်တာပြောအကုန်ဒကာခံတယ်ကွာ"

ကိုမိုးကောင်းသည် အသံပြဲကြီးဖြင့် အော်ဟစ်ပြောဆိုကာ ဖန်ခွက်ထဲရှိ အာစီကို တစ်ကြိုက်မော့သောက်လိုက်လေတော့သည်။

(၂)

ညသာနာရီထိုးပြီမို့အချိန်မှာ ညဉ့်နက်ပိုင်းမရောက်တစ်ရောက်ဖြစ်နေတော့သည်။ ဒီနေ့အဖို့တော့ ကိုမိုးကောင်းဝယ်ပေးလိုက်သော ခေါက်ဆွဲကြော်နှစ်ထုပ်ဖြင့်သာ မိန်းမကို မျက်နှာလုပ်ရတော့မည်။

ငွေနောက်လိုက်ရင်း ငွေတွင်းပျောက်နေသောသူ့အဖို့ ပင်လယ်ထဲဖောင်စီးရင်း ရေငတ်နေသောသူလိုပင်ဖြစ်နေတော့သည်။

"စိမ်းမြရေ တံခါးဖွင့်ပါအုံးကွ"

အိမ်တံခါးပိတ်ထားသောကြောင့် ဇနီးသည်ဖြစ်သူကို တင်အောင်ဝင်း အသံခပ်သဲ့သဲ့ကလေးဖြင့်နှိုးလိုက်သည်။

"လာပြီ ကိုတင်အောင်ဝင်းရေ ခဏရှင်၊ ရှင့် သမီးက အခုမှ အိပ်သွားလို့တော်"

တံခါးလာဖွင့်ပေးသော ဇနီးသည်၏မျက်နှာသည် စိုးရိမ်စိတ်အပြည့်ဖြစ်နေသော အသွင်ဆောင်နေသည်။ ပင့်သက်များ အဆက်မပြတ်ချရင်း အသက်ရှူသောအသံများပင် တင်အောင်ဝင်း၏နားအတွင်းသို့ ခပ်ပြင်းပြင်း ဝင်ဆောင့်နေလေတော့သည်။

"ရော့ကွာ။ ဒီမှာခေါက်ဆွဲကြော် နှစ်ထုပ်ပါလာတယ်။ အခုမှ ကြော်ထားတာကွ။ ပူပူလေးစားလိုက်အုံး။ ကိုယ့်သမီးလေးလဲ နှိုးကျွေးလိုက်ပါအုံး"

တင်အောင်ဝင်းသည် ချမ်းသာကြီး အရက်ဖြူဆိုင်တွင် ကိုမိုးကောင်းနှင့်ဆုံခဲ့သောကြောင့် သူလည်း အာများလေးကွေးနေတော့သည်။

"ရှင်သောက်လာပြန်ပြီလား။ ရှင်လဲ နေ့တိုင်းကို သောက်နေတာပဲနော်။ ကျွန်မ ရန်မဖြစ်ချင်ဘူးရှင်။ တော် ဆင်ဆင်ခြင်ခြင်နေပါ"

စိမ်းမြသည် အရက်ကလေးတမြမြဖြင့် အိမ်ပြန်လာတတ်သော တင်အောင်ဝင်း၏ လုပ်ရပ်များကို မည်သို့မျှသဘောမတွေ့။ မချစ်သော်လည်း အောင့်ကာနမ်းဟုသော သဘောဖြင့်သာ ကိုယ်ချစ်လို့ ယူထားသောယောက်ျားဖြစ်နေသောကြောင့်သာ သည်းခံခွင့်လွှတ်ထားရခြင်းဖြစ်သည်။

"အေးပါကွာ. . .။ နောက်ရက် မသောက်တော့ပါဘူး။ အခုဟာက ကိုမိုးကောင်းက ဒကာခံလို့ ပါးပါးလေးပုတ်လာတာပါကွ။ ဟဲ. . . ဟဲ. . ."

တင်အောင်ဝင်းသည် ယခင်စံချိန်ထက်ပို၍ သောက်လာသောကြောင့် ခေါင်းပင်မထူနိုင်တော့ဘဲ ခြင်ထောင်ဘေးနားတွင်ပင် အိပ်၍ပျော်သွားပေတော့သည်။

(၃)

နံနက် ၈ နာရီပင်ခွဲလေသောကြောင့် နေလုံးပင်အတော်ပူစပြုနေတော့သည်။ အိပ်ရာနိုးသည်နှင့် ၅၆ ရပ်ကွက်အတွင်းရှိ လက်လုပ်လက်စားများ စားဝတ်နေရေးအတွက် ဘဝပေါင်းစုံ၊ ထောင့်ပေါင်းစုံဖြင့် လှုပ်ရှားရုန်းကန်နေကြသောအသံများက တင်အောင်ဝင်းနားထဲသို့ ဆူညံပွက်လောရိုက်၍ ဝင်လာတော့သည်။

"ကိုတင်အောင်ဝင်း နိုးပြီလားရှင့်"

ဇနီးဖြစ်သူက တင်အောင်ဝင်းအား ခနဲ့တဲ့တဲ့စကားစစ်ထိုးလိုက်သည်။

"ဘယ်အချိန်ရှိပြီလဲ။ ဒီနေ့အဖို့ အလုပ်လဲ လုပ်အုံးမှာလား။ အိမ်နောက်ဖေးက ဆန်အိုးနားလဲ ကြွက်တွေတောင် ရစ်သီရစ်သီမလုပ်တော့ဘူးရှင့်။ အဲဒါ ရှင်သိရဲ့လား"

ဇနီးသည်၏ ဘုဆတ်ဆတ်စကားများက တင်အောင်ဝင်း၏နားထဲတွင် ပျားသကာမလောင်းဘဲ၊ ခါးတမာလောင်းထည့်ခံနေရသည်။

"ကလေးက မနေ့က အပြင်းဖျားနေတာ။ ကျွန်မလဲ စိတ်ပူတာနဲ့ ဆေးခန်းသွားပြတာ ဆရာမက နှလုံးသွေးကြောကျဉ်းတာတဲ့"

စိမ်းမြသည် အလိုမကျသောဟန်ဖြင့် တင်အောင်ဝင်းကို သမီးဖြစ်သူ၏ ရောဂါအခြေအနေ ပြောပြနေသည်။

"ဒီကိစ္စ ငါ့ကို အခုမှပြောရလားကွ"

တင်အောင်ဝင်းသည် သမီးဖြစ်သူ၏ ရောဂါအခြေအနေကို ထိုက်သင့်သလျောက်သိထားသဖြင့် စိုးရိမ်တစ်ကြီးဖြစ်ကာ စိမ်းမြကို အပြစ်တင်နေတော့သည်။

"ဩော်. . . ရှင်ပဲအပြောကောင်း၊ မူးပြီပြန်လာ။ အိမ်ရောက်တာနဲ့တန်းမှောက်။ ခြင်ထောင်ထဲတောင် ကျွန်မသွင်းပေးလို့ ခြင်ကိုက်သက်သာနေတဲ့သူကများ မနေ့က လစ်မစ်ကျော်အောင်သောက်လာသော သူ့အဖြစ်ကိုသူ အခုမှပြန်ပြီးမြင်ယောင်မိတော့သည်။ အရက်သမား ဘာမှမသိဘူးဆိုတာ အလကားပါ"ဟူသောစကားက မှန်နေမှန်းလည်း တင်အောင်ဝင်းသိသည်။ မနေ့ကအဖြစ်အပျက်မှန်သမျှ သူအကုန်ပြန်မှတ်မိနေသောကြောင့်ဖြစ်သည်။

"အေးပါကွာ တောင်းပန်ပါတယ်။ နောက်အဲဒီလို အလွန်အကျွံသောက်မလာတော့ပါဘူးကွာ"

"ရှေ့တွေ၊ နောက်တွေလုပ်မနေနဲ့။ ဆရာဝန်ကပြောတယ်။ ကလေးကို အချိန်မီကုမှရမယ်တဲ့။ ဘယ်လိုလုပ်ကြမလဲ"

ဇနီးသည်၏ ပြောစကားကြောင့် တင်အောင်ဝင်းခေတ္တခဏ တိတ်ဆိတ်သွားသည်။ အတန်ကြာကြာစဉ်းစားပြီးမှ ဇနီးသည်ဘက်သို့လှည့်ကာ စကားဆိုလိုက်သည်။

"ဘာမှမပူပါနဲ့ကွာ။ ကိုယ်ပိုက်ဆံရအောင်ရှာပါ့မယ်"

ဇနီးသည် စိတ်ချမ်းသာအောင်သာပြောလိုက်ရသည်။ တင်အောင်ဝင်းခမျာနေ့စားအလုပ်ပင် မယ်မယ်ရရမရှိသေးပေ။

(၄)

အလုပ်ရှာရန်အိမ်မှထွက်လာသော တင်အောင်ဝင်းသည် စဉ့်အိုးမှတ်တိုင်နားရှိ ကွမ်းယာဆိုင်ကလေးတွင် ဖက်ကြမ်းဆေးလိပ်နှစ်ရာဖိုးကိုဝယ်ယူ၍ တစ်လိပ်ကိုမီးညှိရှိုက်ဖွာကာ အတွေးနယ်ချဲ့နေတော့သည်။ ဆေးလိပ်ဖင်ဆီခံနားမရောက် တရောက်ထိပင် ရှိုက်ဖွာ၍ တွေးကြံနေပါသော်လည်း မည်သည့်အကြံကောင်းမှ သူ၏ဦးနှောက်ထဲက ထွက်ပေါ်၍မလာ၊ ဆေးလိပ်နှစ်ရာဖိုးသာ မကုန်တစ်ကုန်ဖြစ်လာတော့သည်။ မြို့ထဲသို့သွားသော ဘတ်စကားပေါ်က စပယ်ယာ၏ အသံကြားလိုက်မှသာ သူ့အတွေးတစ်ခုအစပြုလိုက်တော့သည်။ ကားပေါ်သို့ အပြေးခုန်တက်ပြီး ကားနှင့်အတူတင်အောင်ဝင်း လိုက်ပါသွားလိုက်တော့သည်။ ခရီးသည်များမှ အကြောင်းရေကိုက်သော ကားဆရာသည်ရှိသမျှမှတ်တိုင်မှ ခရီးသည်များကို အတင်းထိုးကြိတ်ကာ စုပြုံ၍တင်နေတော့သည်။

"ကားဆရာရေ. . . ကြည့်လဲလုပ်ပါအုံး။ ကားပေါ်ကလဲဆင်းရော ကျုပ်တို့လဲ ငါးပိ၊ ငါးချဉ်ရုပ်ပေါက်နေပါအုံးမယ်ဗျာ"

အသံခပ်စွာစွာဖြင့် ခရီးသည်တစ်ဦးက ကားဆရာကို ခပ်ငေါ့ငေါ့စကားဆိုလိုက်သည်။

"စိတ်မရှိပါနဲ့အစ်ကိုကြီးရာ။ ကားဆွဲတဲ့အကြောင်းရေလေးပါးတော့ လူများများပါအောင် တင်မိတဲ့သဘောပါဗျာ။ ကိုယ်ဝမ်းနာ ကိုယ်သာသိတဲ့ အနေအထားမို့ အစ်ကိုကြီးပြောသမျှ ခါးစည်းခံပါ့မယ်ဗျာ"

ကားဆရာသည် ခရီးသည်အမျိုးသားကြီးကို တောင်းပန်သောလေသံဖြင့် အသနားခံလိုက်သည်။ ကားတစ်စီးလုံးကျပ်ညှပ်နေသောကြောင့် တစ်ဦးနှင့်တစ်ဦးရင်ချင်းအပ်၊ တင်ချင်းထပ်နေကြတော့သည်။

စံရိပ်ငြိမ် မှတ်တိုင်နားရောက်လာသောကြောင့် ကားပေါ်ကဆင်းသူဆင်း၊ တက်သူတက်နှင့် အလုပ်ရှုပ်နေကြသည်။ တံတောင်ဆစ်ဖြင့် တိုက်မိသော ပိုက်ဆံအိတ်ကလေးသည် ဇစ်အနည်းငယ်ဟနေသည်။ ငါးထောင်တန်နှင့်တစ်သောင်းတန်များပင် အနည်းငယ် မြင်နေရသည်။

"လွယ်ရင်သူကြွယ်တောင် လက်ဆော့သည်" ဆိုသည့်အတိုင်း သမီးကလေး၏မျက်နှာက တင်အောင်ဝင်း၏ အာရုံထဲတွင် ခဏခဏပေါ်လာတော့သည်။ မျက်စိကိုစုံမှိတ်၍ တင်အောင်ဝင်းဆုံးဖြတ်ချက်တစ်ခုကို အပီအပြင်ချလိုက်တော့သည်။ ထိုနေ့အတွက် တင်အောင်ဝင်း ငွေတွင်းထဲပြုတ်ကျသွားလေတော့သည်။

(၅)

"မိန်းမရေ မိန်းမ အထုတ်တွေပြင်ကွာ။ သမီးကိုဆေးရုံပြရအောင်"

အမောသကောဖြင့် သုတ်ခြေတင်လာသော တင်အောင်ဝင်းသည် သောက်ရေအိုးစင်မှရေကို မတ်ခွက်အပြည့်ခပ်ကာ အားရပါးရသောက်လိုက်လေတော့သည်။ ခန္ဓာကိုယ်မှ ပွင့်ကန်ထွက်လာသော ချွေးစက်များကို ကိုယ်ဝတ်အင်္ကျီဖြင့်သုတ်ရင်း ဇနီးဖြစ်သူကိုထပ်၍ အော်ခေါ်လိုက်သည်။

"ဘယ်လိုဖြစ်လာတာလဲ။ ရေးကြီးသုတ်ပြာရှင်၊ ရှင် သေချာလို့လား"

"မိန်းမရယ် သေချာတာမှ ဟုတ်ဟုတ်တောင်မြည်သေးကွာ။ အချိန်မရှိဘူး။ ကလေးကိုခေါ်သွားရအောင်"

စာမျက်နှာ ၂၅သို့ ➤

# ဒေးဒရဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ဧက ၇၆၅၃၀ ရိတ်သိမ်းပြီးစီး




**ဒေးဒရဲ ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ဧက ၇၆၅၃၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

ဒေးဒရဲမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စပါးဧက ၇၆၅၃၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် နွေစပါး စိုက်ခင်းများကို ယခုနှစ် မတ်လ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် နွေစပါးဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး စပါးတစ်ဧကလျှင် ၁၀၂ ဒသမ ၇၆ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"စိုက်ပျိုးရေးဦးစီးဌာနက နွေစပါးအခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ဖို့ နည်းပညာနဲ့ စိုက်ပျိုးရေး ညွှန်ကြားချက်တွေကို မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်။ ဒ့ါပြင် ဓာတ်မြေဩဇာတွေ စနစ်တကျ အသုံးပြုတတ်စေဖို့နဲ့ အစားထိုး ဓာတ်မြေဩဇာတွေ လုပ်ဆောင် အသုံးပြုတတ်စေဖို့ နည်းပညာတွေကိုလဲ ပို့ချပေးခဲ့ပါတယ်။ အခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီမှာ စပါးဧက ၇၆၅၃၀ ထိ စိုက်ခဲ့ပါတယ်။ လက်ရှိ ဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ အခုနှစ်စပါးကို စပါးတစ်ဧကလျှင် တင်း ၁၀၀ အထက်ထွက်ရှိစေဖို့ ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိ အထွက်နှုန်းလဲ ကောင်းပါတယ်"ဟု ဒေးဒရဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းထွန်း က ပြောပြသည်။

**ကျော်ကျော်လင်း**

# မင်းဘူးမြို့နယ် ပုဂံစစ်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဇွန် ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပုဂံစစ်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်တို့နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်း ဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၉၁ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပုဂံစစ်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၇၃ ဦးကို ငွေကျပ် ၃၆၅ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၈ ဦးကို ငွေကျပ် ၂၂၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၅၉၁ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းထံမှ သိရသည်။

**ခင်မာ**

➤ စာမျက်နှာ ၂၄ မှအဆက်

နေ့လယ် ၂ နာရီခွဲပြီဖြစ်သောကြောင့် ဆေးရုံတွင်လူပါးစပြုနေသည်။ ဆရာဝန်ပေးလိုက်သောဆေးမှတ်တမ်းများကိုပြ၍ သမီးဖြစ်သူကို ဆေးရုံသို့အချိန်မီတင်နိုင်ခဲ့သည့်အတွက် တင်အောင်ဝင်းစိတ်ထဲတွင် လေးကန်သောအတွေးများ လွင့်ပြယ်သွားလေတော့သည်။

"ကိုတင်အောင်ဝင်း ရှိပါသလားရှင်"

"ဟုတ်ကဲ့ ရှိပါတယ်ဆရာမ"

"ရှင်က လူနာရဲ့အဖေနော်"

"ဟုတ်ကဲ့ပါ ဆရာမ"

"ကလေးကအရေးပေါ်အခြေအနေဆိုတော့ ခွဲခန်းဝင်ရမယ်။ လက်မှတ်ထိုးပေးရမယ်ရှင်"

"ဟုတ်ကဲ့ပါ ဆရာမ"

လက်မှတ်ထိုးလိုက်သည်နှင့် တင်အောင်ဝင်းတို့ဇနီးမောင်နှံ တတ်သမျှ ဘုရားစာများ ရွတ်ဆိုနေကြတော့သည်။ ရင်တထိတ်ထိတ်ဖြစ် တစ်စို့နေသောရင်ဝက သောကအလုံးကြီးမှာ ပို၍ပင်ကြီးထွားလာတော့သည်။ နာရီအနည်းငယ်ခန့်ကြာမှာ ခွဲစိတ်မှုအောင်မြင်ကြောင်းလာ၍ ပြောလိုက်မှပင် တင်အောင်ဝင်းရင်ဘတ်ထဲကသောကအလုံးကြီးမှာ ပျောက်ကွယ်၍သွားလေတော့သည်။

"ကိုတင်အောင်ဝင်း ကလေးအတွက်လိုအပ်တဲ့ဆေးတွေဝယ်ဖို့ ဆေးစာရွက်လာယူပါရှင်"

ဆေးစာရွက်ယူရန် တင်အောင်ဝင်း ဆရာမရုံးခန်းသို့ နောက်ကနေ လိုက်သွားသည်။ ဆရာမပေးလိုက်သော ဆေးစာရွက်ကိုယူ၍ ဆေးရောင်းရာနေရာသို့ သုတ်ခြေတင်ကာ လျှောက်လာလိုက်တော့သည်။

"ဖြစ်မှဖြစ်ရလေ သမီးလေးရယ်။ ဆေးရုံရောက်တာအချိန်မမီလို့ အခုလိုဖြစ်ရတာပါ"

အသက် ၅၀ ကျော်အမျိုးသမီးတစ်ဦးသည် သူ၏ရင်ဘတ်ကိုထုထုပြီး အော်၍ငိုနေတော့သည်။ သူ့အသံကအလွန်ကျယ်လောင်သောကြောင့် ဆေးရုံအတွင်းရှိ လူများသူ့ကိုဝိုင်း၍ ကြည့်နေတော့သည်။ နှစ်သိမ့်စကားဆိုသူများလည်း ထိုအမျိုးသမီးကြီးဘေးတွင် စုပြုံ၍နေတော့သည်။ အထူးအစမ်းဆိုကြည့်ချင်ရှာသော လူ့စိတ်၏ မလွန်ဆန်နိုင်သော တင်အောင်ဝင်းသည် ထိုအမျိုးသမီးကြီးအော်ဟစ်၍ ငိုနေသောအသံကို ကရုဏာသက်သောကြောင့် အနားသို့သွားကာကြည့်မိလိုက်သည်။ အမျိုးသမီးကြီးမျက်နှာမြင်လိုက်သည်နှင့် တင်အောင်ဝင်း အသားများဆက်ဆက်တုန်သွားသည်။ သမီးကလေးခွဲစိတ်မှုအောင်မြင်သဖြင့် ပျော်ရွှင်နေသောအရာများလည်း ဖြုချခံလိုက်ရသလို ပျက်စီးသွားတော့သည်။ ရှိုက်ကြီးတငင်ငင်ငိုနေသော ထိုအမျိုးသမီးကြီးသည် ပါးပြင်မှာစီးကျလာသောမျက်ရည်စများကို လက်မောင်းအင်္ကျီလက်ဖြင့်သုတ်ရင်း မေတ္တာပို့ဆုတောင်းလိုက်တော့သည်။

"ကျွန်မကားပေါ်မှာ ခါးပိုက်နှိုက်မခံရရင် ကျွန်မသမီးလေး အခုလိုဖြစ်မှာမဟုတ်ဘူး။ ခါးပိုက်နှိုက်သွားတဲ့ မောင်မင်းကြီးသားရဲ့ကလေးတွေလဲ ကျွန်မသမီးလိုအဖြစ်ဆိုးနဲ့မကြုံရပါစေနဲ့လို့ ဆုတောင်းပေးပါတယ်ရှင်"

ထိုအမျိုးသမီး၏ ဝမ်းနည်းရှိုက်ဖိုဖြင့် ဆုတောင်းသံများသည် တင်အောင်ဝင်း၏နားထဲသို့ သံရည်ပူများလောင်းထည့်ခံနေရသလို အလွန်ပူလောင်လာပြီး တင်အောင်ဝင်း၏ ပါးပြင်ပေါ်မှလည်း မျက်ရည်များ စီးကျနေလေတော့သည်။

## ကျောက်စိမ်းပုလဲ လွန်ထူးကဲသို့

\- ကျောက်စိမ်းပုလဲ လွန်ထူးကဲ၍
စွဲမက်နှလုံး ပျော်မဆုံးသို့
ရွှင်ပြုံးကြည်သာ စိမ်းဖြူမှာလည်း
ပညာမြတ်နိုး လူ့တန်ဖိုးတည်း။

\- ရန့်သင်းမွှေး ပန်းကလေးတို့
ကြည်အေးရွှင်ပျ လှုလည်းလှုသည်
အလှများစုံ ပန်းရုံသို့
လှပုံထူးစွာ မြင်ရပါသည်
ခုခါကျောင်းများ ဖွင့်လေပြီ။

\- ပြည့်ရတနာ ချစ်ဖွယ်သာမို့
ပညာဖွေရှာ ဖြည့်ကြရာဝယ်
ပညာရဲရင့် ပွဲလယ်တင့်သို့
လေ့ကျင့်ကျွမ်းကျင် တတ်အောင်သင်မှ
ဖြူစင်ကြည်မြ အနေလှလိမ့်။

\- နိုင်ငံတိုင်းတွင် ပညာရှင်များ
များပြားလွန်စွာ ရှိနေပါမှ
ထူးစွာတိုးတက် အစွမ်းထက်မည်
အခက်တွေကင်း ဖွံ့ဖြိုးခြင်းတို့
လင်းလက်ကြယ်သွင် ရှိပေလိမ့်။

\- ပညာပေါကြွယ် ကမ္ဘာ့လယ်မှာ
မြန်မာတို့ခေတ် မြသားနှစ်သို့
ရွှန်းသစ်မသွေ့ ရောက်ရှိလေအောင်
စာပေမွန်မြတ် တွေးခေါ်တတ်၍
စေ့စပ်သေချာ ဖြည့်ဆည်းပါမှ
ပမာတူငြား ပတ္တမြားသို့
ကျော်ကြားဂုဏ်ရည် ရှိလိမ့်မည်။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# မိတ္ထီလာမြို့နယ် ခင်သာကျေးရွာ၌ စက်ရေတွင်းတူးဖော်နေမှုစစ်ဆေး

**မိတ္ထီလာ ဇွန် ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခင်သာကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်း၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာနှင့် ကျေးရွာရေရရှိရေးကော်မတီဝင်များသည် ခင်သာကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ခင်သာကျေးရွာ၌ အကျယ် လေးလက်မ အနက်ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ လျှပ်စစ်မီးလိုင်းပေ ၁၃၅၀ သွယ်တန်းခြင်း၊ အိမ်သုံးမီတာတပ်ဆင်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့အုတ်ရေကန်နှင့် ရေစက်ရုံတည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၂၉ ဒသမ ၈၃ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာစုဖွဲ့မှုဖြင့် မေလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# လူ့ကျန်းမာရေးကို အကျိုးပြုသော အဝါရောင်သစ်သီးများ

ခိုင်ဇင်

အဝါရောင်သစ်သီးတွေရဲ့ အကျိုးကျေးဇူးတွေက အများကြီးရှိပါတယ်။ ၎င်းတို့မှာ ကျန်းမာရေးအတွက် အထောက်အပံ့ဖြစ်စေတဲ့အပြင် အာဟာရအကျိုးကျေးဇူးများစွာရှိပါတယ်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ကြွယ်ဝစွာပါဝင်ပြီး လူ့ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်တဲ့ ဗီတာမင်အေ၊ ကြေးနီ၊ သံဓာတ်၊ ပိုတက်စီယမ်၊ ဗီတာမင်စီ၊ အမျှင်ဓာတ်နဲ့ အခြားဓာတ်တွေ ကြွယ်ဝစွာပါဝင်တဲ့ အဝါရောင်သစ်သီးတွေအကြောင်းကို ဖော်ပြပေးသွားမှာဖြစ်ပါတယ်။

**သစ်တော်သီး**



သစ်တော်သီးမှာ အမျှင်ဓာတ်ပါဝင်နေတာကြောင့် အူရဲ့အာဟာရစုပ်ယူမှုနဲ့ လှုပ်ရှားမှုကို ကောင်းမွန်စေပါတယ်။ အူရဲ့လှုပ်ရှားမှုကောင်းမွန်ခြင်းက ဝမ်းမှန်စေပြီး လေပွတာနဲ့ အစာမကြေတာတွေလို အစာခြေစနစ်ပြဿနာတွေကို ကင်းဝေးစေဖို့ အကောင်းဆုံးထောက်ကူပေးနိုင်တဲ့အပြင် သစ်တော်သီးမှာပါတဲ့ ပျော်ဝင်လွယ်တဲ့အမျှင်ဓာတ်က သွေးတွင်းကအကျိုးမပြုတဲ့ ကိုလက်စထရောတွေကို ကျဆင်းစေပါတယ်။ သွေးပေါင်ချိန်ကို ထိန်းညှိပေးနိုင်သလို သွေးတွင်းအဆီတွေကို လျှော့ချပေးနိုင်ပါတယ်။ နှလုံးရောဂါနဲ့သွေးတိုးရောဂါကို ကာကွယ်ပေးနိုင်ပါတယ် အမျှင်ဓာတ်ကြွယ်ဝမှုကအဆာခံနိုင်စေပြီး အဝမလွန်အောင်ကာကွယ်ပေးနိုင်သလိုဝိတ်ချရာမှာလဲအထောက်အကူပေးတယ်။ အမျှင်ဓာတ်က အစာခြေလုပ်ငန်းစဉ်ကို အချိန်ကြာကြာလုပ်ဆောင်စေခြင်းဖြင့် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်တယ်။ အင်ဆူလင် တုံ့ပြန်မှုကို ကောင်းမွန်စေပြီး ရုတ်တရက်သွေးတွင်းသကြားဓာတ်မြင့်တက်တာမျိုး မဖြစ်စေတာကြောင့် ဆီးချိုဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ပါတယ်။

**ငရုတ်ပွဝါ**



ငရုတ်ပွဝါမှာ ဗီတာမင်အေဓာတ်ပါတဲ့အတွက် အမြင်အာရုံကိုကျန်းမာစေပါတယ်။ ဒါ့ပြင် ငရုတ်ပွဝါကို စားပေးတဲ့အခါသူ့မှာပါတဲ့ ဓာတ်တိုးပစ္စည်းတွေက အသက်အရွယ်ရလာတဲ့အခါဖြစ်တတ်တဲ့ အမြင်အာရုံပျက်စီးတာ၊ အတွင်းတိမ်စတာတွေမဖြစ်စေဖို့ ကာကွယ်ပေးနိုင်ပါတယ်။ အမြင်အာရုံထိခိုက်တာ၊ သွေးအားနည်းရောဂါ၊ သံဓာတ်အားနည်းမှုကြောင့် ဖြစ်တဲ့ရောဂါတွေမဖြစ်အောင်ကာကွယ်ပေးနိုင်ပါတယ်။ ငရုတ်ပွမှာ ဗီတာမင်စီကြွယ်ဝစွာပါဝင်တာကြောင့် ကိုယ်ခံအားကို အကောင်းဆုံး အားဖြည့်ပေးနိုင်ပါတယ်။ ဒါ့ပြင် ငရုတ်ပွ စားသုံးပေးတာက နာတာရှည်ကျန်းမာရေးပြဿနာတွေဖြစ်တဲ့ လေဖြတ်တာ၊ ဆီးချိုနဲ့ သွေးတိုးတာတွေ မဖြစ်စေဖို့ ကာကွယ်ပေးနိုင်တဲ့အပြင် ကင်ဆာမဖြစ်စေဖို့လည်း ကာကွယ်ပေးနိုင်ပါတယ်။ ဗီတာမင်စီဟာ ကော်လာဂျင်ထွက်ရှိစေဖို့ လှုံ့ဆော်ပေးနိုင်ပြီး ကော်လာဂျင်က အသားအရေကို ကျန်းမာစေသလို အရေပြားပြဿနာအတော်များများကိုလဲ ကောင်းမွန်စေပါတယ်။

**စောင်းလျားသီး**



စောင်းလျားသီးဟာ ကိုယ်ခံအားကို မြှင့်တင်ပေးနိုင်တဲ့ ဗီတာမင်စီကြွယ်ဝစွာပါတဲ့အသီးဖြစ်ပါတယ်။ ဒါ့ပြင် စောင်းလျားသီးမှာ နေ့စဉ်လူတစ်ယောက် လိုအပ်တဲ့ ဗီတာမင်စီ ၅၇ ရာခိုင်နှုန်းထိ ဖြည့်စွမ်းနိုင်ပြီး အအေးမိတာနဲ့တုပ်ကွေးဖြစ်တာတွေကနေ အမြန်သက်သာစေဖို့အတွက် စားပေးသင့်ပါတယ်။ ဗီတာမင်စီကအရေပြား၊ ဆံသားနဲ့ လက်သည်း၊ ခြေသည်းတွေအတွက် ကောင်းတယ်။ စောင်းလျားသီးမှာပါတဲ့ဓာတ်တိုးပစ္စည်းတွေက ခန္ဓာကိုယ်ကို ရောဂါတွေအန္တရာယ်ကနေ မထိခိုက်အောင် ကာကွယ်ပေးသလို လူတစ်ယောက်နေ့စဉ်လိုအပ်တဲ့အမျှင်ဓာတ်ပမာဏ ၂၅ ကနေ ၃၀ ဂရမ်ကို ကောင်းကောင်းဖြည့်ပေးနိုင်ပါတယ်။ စောင်းလျားသီးမှာပါတဲ့ ပျော်ဝင်လွယ်တဲ့အမျှင်ဓာတ်က အစာခြေစနစ်အတွက် ကောင်းပြီး လူကိုအကျိုးမပြုတဲ့ ကိုလက်စထရောကို အူနံရံကမစုပ်ယူနိုင်အောင် ကာကွယ်ပေးတာကြောင့် အဝမလွန်စေဖို့ကာကွယ်ပေးပါတယ်။

**ငှက်ပျောသီး**



ငှက်ပျောသီးမှာပါဝင်တဲ့ ပက်တင်လို့ခေါ်တဲ့အမျှင်ဓာတ်ဟာ အစာကို လျင်မြန်စွာ ချေဖျက်နိုင်စေပြီး သွေးတွင်းသကြားဓာတ်ကိုပါ ထိန်းညှိပေးနိုင်ပါတယ်။ ဒါ့ပြင် စားလိုက်ရင် ဗိုက်ကိုပြည့်သွားစေတဲ့အတွက် အစာမကြာခဏ စားချင်စိတ်ကိုထိန်းပေးနိုင်တာကြောင့် အဝမလွန်စေဖို့ ကာကွယ်နိုင်တဲ့အပြင် ငှက်ပျောသီးမှာပါတဲ့ အမျှင်ဓာတ်နဲ့ ကစီဓာတ်ဟာ အူမကြီးထဲရောက်သွားတဲ့အခါမှာ ခန္ဓာကိုယ်အတွက် အကျိုးပြုတဲ့ ဗက်တီးရီးယားတွေရဲ့ကြီးထွားမှုကို အထောက်အပံ့ဖြစ်စေတယ်။ ဗက်တီးရီးယားတွေ များလာတဲ့အခါ ကိုယ်ခံအားစနစ်ကိုသာမက အစာကောင်းကောင်းချေဖျက်နိုင်ပြီး အူမကြီးကင်ဆာကိုလဲ ကာကွယ်ပေးနိုင်ပါတယ်။

**သရက်သီး**



သရက်သီးထဲမှာ ဗီတာမင် အေ၊ ဗီတာမင် စီ၊ ဗီတာမင် ကေ၊ ဗီတာမင်အီးနဲ့ ဗီတာမင် ဘီတို့ပါဝင်ပါတယ်။ ဗီတာမင် အေက ကူးစက်ရောဂါမျိုးစုံကိုတိုက်ထုတ်တဲ့နေရာမှာ မရှိမဖြစ်လိုအပ်ပြီး ဗီတာမင်အေဓာတ်လိုလိုလောက်လောက်ရှိရင် ရောဂါကူးစက်ခံခဲ့ရရင်တောင် နောက်ဆက်တွဲပြဿနာတွေခံစားရတာ နည်းပါတယ်။ ဗီတာမင်စီက ပြင်ပရောဂါတွေကို တိုက်ထုတ်ဖို့အတွက် အထောက်အပံ့ဖြစ်စေတယ်။ ကျန်းမာတဲ့ဆဲလ်တွေ တည်ဆောက်ဖို့လိုအပ်တဲ့ ဖောလစ်အက်စစ်ဓာတ်လဲပါဝင်ပါတယ်။ ဒါ့ပြင်သရက်သီးထဲမှာ မဂ္ဂနီဆီယမ်နဲ့ ပိုတက်စီယမ်ဓာတ်ပါဝင်ပြီး ဒီဓာတ်တွေကသွေးကြောတွေကို အလုပ်ပုံမှန်လုပ်နိုင်အောင် ပံ့ပိုးပေးတဲ့အတွက် သွေးပေါင်ချိန်ကို ထိန်းညှိပေးပြီး သွေးခုန်နှုန်းလဲ မှန်စေပါတယ်။

**သင်္ဘောသီး**



သင်္ဘောသီးဟာ ဆီးချိုဖြစ်နိုင်ခြေများသူတွေ၊ သိုင်းရွိုက်အားနည်းသူတွေရဲ့ ရောဂါဖြစ်နိုင်ခြေကို သက်သာစေပါတယ်။ ဒါ့ပြင် သင်္ဘောသီးမှာပါတဲ့ လိုင်ကိုပင်းဓာတ်က ကင်ဆာဖြစ်စေနိုင်တဲ့ ဖရီးရယ်ဒီကယ်တွေကို လျှော့ကျစေပြီး ရင်သားကင်ဆာနဲ့ အစာအိမ်ကင်ဆာတွေကို ကာကွယ်နိုင်တဲ့အတွက် ကင်ဆာရောဂါဖြစ်နိုင်ခြေကို လျှော့နည်းစေပါတယ်။ ဒါ့ပြင် လိုင်ကိုပင်းနဲ့ ဗီတာမင်စီဟာ နှလုံးရောဂါကို ကာကွယ်နိုင်တယ်လို့သိရတဲ့အပြင် ပါပိန်းအင်ဇိုင်းဟာ ပရိုတိန်းကို ချေဖျက်ရာမှာ အထောက်အကူပြုပါတယ်။ သင်္ဘောသီးစားသုံးခြင်းက လေပွလေထတာကိုလဲ သက်သာစေတဲ့အပြင်ဝမ်းမှန်စေပြီး ဝမ်းချုပ်တာကနေလဲ ကာကွယ်ပေးနိုင်ပါတယ်။ အခုလိုပူပြင်းတဲ့အချိန်မှာ နေရောင်ခြည်ကြောင့် အရေပြားပျက်စီးတာကနေ ကာကွယ်ဖို့အတွက် သင်္ဘောသီးကို စားပေးသင့်ပါတယ်။ အဲဒီလိုစားပေးတာကအသားအရေကို တင်းရင်းစေပြီး အရွယ်တင်နုပျိုစေမှာဖြစ်ပါတယ်။

**နာနတ်သီး**



နာနတ်သီးဟာ ကိုလက်စထရောပါဝင်မှုနည်းပြီး လူ့ကျန်းမာရေးအတွက် လိုအပ်တဲ့ဘရိုမီလိန်းအင်ဇိုင်း ပါဝင်တဲ့အသီးဖြစ်ပါတယ်။ ဘရိုမီလိန်းဓာတ်ဟာ နာနတ်သီးရဲ့ အလယ်အူတိုင်ထဲမှာ အဓိကပါပြီး ကျန်းမာရေးအတွက် အလွန်ကောင်းပါတယ်။ ဒါ့ပြင်ကြွက်သားနာကျင်တာ၊ အရိုးအဆစ်လွဲတဲ့အခါဖြစ်တတ်တဲ့ ရောင်ရမ်းမှုတို့ကို သက်သာစေတဲ့အပြင် သွေးခဲတာကြောင့် ဖြစ်တတ်တဲ့သွေးကြောပိတ်ဆို့တာ၊ နှလုံးရောဂါနဲ့ ဆက်စပ်တဲ့ရောဂါတွေကနေ ကာကွယ်ပေးနိုင်ပြီး သွေးလည်ပတ်စီးဆင်းမှုကို တိုးတက်ကောင်းမွန်စေပါတယ်။ အအေးမိ၊ နှာစေးရောဂါ၊ လေပြွန်ရောင်၊ ထိပ်ကပ်နာစတဲ့ရောဂါတွေကို သက်သာစေပါတယ်။

**ကိုးကား**

- **Benefits of Yellow Vegetables and Fruits**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဖူးစားပြောင်း အဖူးရေ ၇၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ



**ကျိုက်လတ် ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဖူးစားပြောင်း အဖူးရေ ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးခိုင်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်းက ဖူးစားပြောင်း အဖူးရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဖူးစားပြောင်း အဖူးရေ ၇၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ကျိုက်လတ်မြို့နယ်မှာ မေလအတွင်း ဖူးစားပြောင်း အဖူးရေ ၇၄၀၀၀ ထိ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖူးစားပြောင်းတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားလို့ ရောင်းအားကောင်းမွန်ခဲ့တာဖြစ်ပါတယ်။ ကုန်ပစ္စည်းတွေ များများတင်ပို့ရောင်းချနေရတော့ကုန်သည်တွေက အစ အလုပ်အကိုင်အခွင့်အလမ်းတွေ ကောင်းမွန်ခဲ့ပါတယ်” ဟု ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးခိုင်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဖူးစားပြောင်းများကို ဝယ်ယူပြီး ကုန်တင်ကားများဖြင့် ရန်ကုန်ဈေးကွက်သို့ ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ဖူးစားပြောင်းများသည် ပိုးမွှားကင်းရှင်းကြောင်း၊ အဆိုပါ ဖူးစားပြောင်း အဖူးရေ ၁၀၀၀ လျှင် ငွေကျပ် ၂၈၀၀၀ မှ ၃၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ထောပတ်ပဲ ၈၆၈၆ ဧက ရိတ်သိမ်းပြီးစီး

**ရေဦး ဇွန် ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ထောပတ်ပဲ ၈၆၈၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ထောပတ်ပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရေဦးမြို့နယ်တွင် ၃၃၅၆ ဧက၊ တန့်ဆည်မြို့နယ်တွင် ဧက ၅၃၃၀ စုစုပေါင်း ၈၆၈၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧက လျှင် ၁၉ ဒသမ ၀၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

“ဆောင်းသီးနှံစိုက်ပျိုးရာသီက ရေဦးခရိုင်မှာ ထောပတ်ပဲ ၈၆၈၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ ထောပတ်ပဲ စိုက်ခင်းတွေ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ အောင်မြင်ဖြစ်ထွန်းပါတယ်။ ထောပတ်ပဲက ဈေးကောင်းရရှိတဲ့အတွက် အားထားစိုက်ပျိုးကြပါတယ်”ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။



ရေဦးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက ထောပတ်ပဲ ၉၁၀၀ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ ထောပတ်ပဲစိုက်ပျိုးခဲ့ရာ ၈၆၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် ရေဦးခရိုင်တွင် ပဲမျိုးစုံစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီးနှံအထွက်နှုန်းကောင်းမွန်စေရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးနှင့် လိုအပ်သည့် နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး သီးနှံပိုးမွှားရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲပုံနှင့် အချိန်မီရိတ်သိမ်းနိုင်ရေး စသည့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ဇီးကုန်းမြို့နယ် သစ်ဖြူကွင်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဇီးကုန်း ဇွန် ၅**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သစ်ဖြူကွင်းကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာကော်မတီများ ရွေးချယ်ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီးနောက် စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာကော်မတီဝင်များထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ ခံစားခွင့်များ၊ ကျေးရွာကော်မတီများ ရွေးချယ်ရာတွင် သတ်မှတ်ထားသည့် အရည်အချင်းများ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကျေးရွာသူ ကျေးရွာသားများ၏ အများဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ပံ့ပိုးရန်ငွေကျပ် သိန်း ၁၅၀ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုညီ**

# သံဖြူဇရပ်မြို့နယ် ပဒဲင်ကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သံဖြူဇရပ် ဇွန် ၅**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဒဲင်ကြီးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းနှင့် ဝန်ထမ်းများက ပဒဲင်ကြီးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ သံဖြူဇရပ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ပဒဲင်ကြီးကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၄၈ ဒသမ ၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပဒဲင်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ ရေလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ၊ အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်ဝေနှင်းက ပြောပြ၍ သိရသည်။

**ချိုလေး**

# နောင်ချိုမြို့နယ် နောင်တခေါ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ရန် ကွင်းဆင်းစစ်ဆေး

**နောင်ချို ဇွန် ၅**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နောင်တခေါ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ရန် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နောင်ချိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ထွေးဝင်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ နောင်တခေါ်ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် လျာထားသည့် အခြေအနေများကို ကွင်းဆင်းစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ချပြရှင်းလင်းပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နောင်ချိုမြို့နယ် နောင်တခေါ်ကျေးရွာတွင် အရှည် ၁မိုင် လေးဖာလုံရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စုခွဲဝေပြုရန်ပုံငွေကျပ် သိန်း ၉၀၀ အကုန်အကျခံကာ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း ရာနှုန်းပြည့်ပြီးစီးပါက နောင်တခေါ်ကျေးရွာရှိ အိမ်ခြေ ၁၂၈ အိမ်၊ လူဦးရေ ၄၀၃ ဦးတို့၏ လယ်ယာမြေ ဧက ၁၀၀ ကျော်မှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# ရေသဖန်းဘုရားနှင့် ထိုင်းပျိုဖြူ

ကိုကို(မန္တလေး)




၂၀၁၆ ခုနှစ်လောက်က စာရေးသူ အင်းဝမြို့ ရောက်ခဲ့တယ်။ နှံ့နှံ့စပ်စပ်ရှိသူ အင်းဝသား ဦးအုန်းကြည်ကို အဖော်ပြုပြီး တံတားဦး မြို့မဈေးကြီးအနီးက ရေသဖန်းကျောင်းတိုက်ကိုရောက်ခဲ့ပါတယ်။ ကျောင်းထိုင်ဆရာတော် အရှင်အရိယဝံသသီရိလင်္ကာရမှာ အိန္ဒိယနိုင်ငံက ချီးမြှင့်တဲ့ MA နဲ့ Ph.D ဘွဲ့ရရှိပြီး ပရိယတ္တိစာချ၊ စာသင်လုပ်ငန်းတွေကို စိတ်ရောကိုယ်ပါ အားကြိုးမာန်တက်ဆောင်ရွက်နေတယ်။ သက်တော်မှာ မကြီးသေးပါ။ ခန္ဓာကိုယ်က ပိန်ပိန်သွယ်သွယ်နဲ့ အမြဲတမ်းသွက်လက်နေတယ်။

ရေသဖန်းကျောင်းတိုက်ကြီးက ကျယ်ဝန်းလှတယ်။ အရှေ့ဘက် ခပ်မြင့်မြင့်ကုန်းပေါ်မှာ လုံးတော်ပျက်ပြီး အုတ်ပုံကြီးဘဝရောက်နေတယ်။ တစ်ချိန်က ဘုရင့်နောင်ကျော်ထင်နော်ရထာ တည်ထားခဲ့တယ်လို့ သိရတယ်။ အဲဒီအုတ်ကုန်းစေတီပျက်အနီးမှာ သူခိုးကြီးငတက်ပြား ဂူဘုရားကို တွေ့ရတယ်။ စစ်ကိုင်းဘက်ကနေ လာခိုးတတ်တဲ့ သူခိုးကြီး ဦးတက်ပြားကို အင်းဝနန်းတည် သတိုးမင်းဖျားက ဖမ်းမိတဲ့အခါ သူရသတ္တိနဲ့ပြည့်စုံပြီး ထက်မြက်မှုတို့ကြောင့် မင်းမှုထမ်းခန့်လိုက်တယ်။ တောင်တွင်းမြို့စားပုန်ကန်မှုမှာ ဦးတက်ပြား ဦးစီးပြီးဝင်တိုက်ရာ အောင်မြင်ခဲ့တယ်။

ရေသဖန်းကျောင်းအဝင်ဝမှာ ဆရာတော်သီတင်းသုံးရာကျောင်းတိုက်ကို တွေ့ရတယ်။ ကျောင်းတိုက်နောက်ဘက်မှာ အရှည် ပေ ၃၀၀၊ အမြင့် ခြောက်ပေရှိတဲ့ မြေကုန်းလေးရှိတယ်။ ကုန်းလေးပေါ်မှာ ဘုရားစေတီသုံးဆူ တန်းစီတည်ထားတယ်။ မြောက်ဘက်အကျဆုံးစေတီအတွင်းမှာ ရေသဖန်းမြတ်စွာဘုရားရုပ်တုရှိတဲ့ဂူဘုရားလေးဖြစ်တယ်။ ဉာဏ်တော် ပေ ၃၀ လောက်မြင့်တယ်။

ဆရာတော်အရှင်အရိယဝံသမတိုင်ခင်က သူ့ဆရာရင်းဖြစ်တဲ့ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်ရ ဆရာတော်ဦးစိန္တိက (၁၉၆၈ ကျောင်းထိုင်-၂၀၁၅ ဘဝနတ်ထံပျံလွန်) စာသင်တိုက်ထူထောင်ပြီး စာလိုက်သံဃာတွေကို စာပေပို့ချခဲ့တယ်။ ဆရာတော်ကျောင်းထိုင်ဖြစ်ခါစမှာ ရှေးဟောင်း ရေသဖန်းဘုရားမှာ အုတ်ကျိုးတွေ၊ ချုံနွယ်တွေနဲ့ ပိတ်ဖုံးပျက်စီးနေခဲ့တယ်။

ဆရာတော်က ရေသဖန်းဘုရားအပျက်ကို ပြင်ဆင်ဖို့ ပန်းရန်ဆရာခေါ်လိုက်တယ်။ အဲဒီပန်းရန်ဆရာက လွန်ခဲ့တဲ့လအနည်းငယ်က သူ့အိပ်မက်အရ လက်တစ်ဖက်မပါတဲ့ရုပ်ပွားတော်မှာ ဒီရေသဖန်းရုပ်ပွားတော်ဖြစ်ပြီး မူလလိုကောင်းတဲ့ လက်တော်အတိုင်း ပြန်ပြင်ပေးဖို့ အိပ်မက်မက်ခဲ့ပုံကို ပြောပြတယ်။

ဆရာတော် ဦးစိန္တိက ရွှေမီးနောက်မီ ကျောင်းအနီးက ဦးညွန့်မောင်နဲ့တိုင်ပင်ပြီး ရေသဖန်းမြတ်စွာဘုရားရုပ်တုတော်ကို ပြန်လည်ပြုပြင်နိုင်ခဲ့တယ်။ ရှေးက ရေသဖန်းသားနဲ့ထုလုပ်ခဲ့ပြီး အခုထိတိုင် အနံ့မှာ ချဉ်စုတ်စုတ်ဖြစ်ပြီး ရေသဖန်းသားညိုညစ်ညစ်ရောင်ထွက်နေတယ်။ အခု ရေသဖန်းမြတ်စွာဘုရားလို့ အမည်ရေးထိုးထားပြီး အရင်ကတည်းက ရှိတဲ့ ပလ္လင်တံကဲပေါ်မှာ ကိန္နရာဖိုက ပုလွေမှုတ်ပြီး ကိန္နရီမက ကနေပုံကို ထုဆစ်ထားတယ်။ မြန်မာနိုင်ငံမှာ အဲဒီလိုထုဆစ်ထားတဲ့ အရုပ်မရှိပါ။ အခု ရေသဖန်းဘုရားနဲ့ကပ်လျက်မှာ အနည်းငယ်စီသေးသွားတဲ့ စေတီနှစ်ဆူ၊ စုစုပေါင်း သုံးဆူနဲ့တကွ ပလ္လင်တံကဲ၊ ရုပ်ပွားတော်တို့မှာ ယိုးဒယားလက်ရာဖြစ်တယ်ဆိုတာကို ထောက်ခံထားကြတယ်။ ရေသဖန်းဘုရားရှေ့မှာ ဝပ်နေတဲ့ ဆင်ဖြူတော်တစ်ကောင်ရှိတယ်။

စာရေးသူရောက်ရှိချိန် ဘုရားဖူးနေတုန်း ကားအဖြူနှစ်စီး ကျောင်းတိုက်အတွင်း ဝင်လာတယ်။ ကျောင်းထိုင်ဆရာတော်ကျောင်းရှေ့မှာ ကားပေါ်ကနေ ဂုဏ်ရည်မြင့်ဟန်ပုံပေါ်တဲ့ ထဘီဝတ်အမျိုးသမီးတွေနဲ့ ယောက်ျားတချို့ ဆင်းလာတယ်။ ထိုင်းစကား၊ ထိုင်းအသံထွက်တွေအရ ထိုင်းလူမျိုးတွေပဲလို့ သုံးသပ်မိတယ်။ Tourist Guide နှစ်ယောက်နဲ့ ဟိုညွှန်၊ ဒီညွှန် စကားပြောနေကြတယ်။ သူတို့ပြောစကားတွေကို စာရေးသူ နားမလည်ပါ။ ဒါပေမဲ့ Guide အမျိုးသမီးတစ်ယောက်က စာရေးသူတို့ရှိနေကြတဲ့ ရေသဖန်းဘုရားဘက် လက်ညှိုးညွှန်ပြရင်း လျှောက်လှမ်းလာကြတယ်။

သူတို့ထဲက အသက်သုံးဆယ်ကျော် ခပ်ချောချော ဇင်းမယ်ထဘီနီညိုရောင်ဝတ် ထိုင်းမိန်းမပျိုက Guide ကို အဆက်မပြတ် မေးမြန်းနေတယ်။ ယောက်ျားတစ်ယောက်က ကိုင်လာတဲ့စာအုပ်တွေ ဖွင့်ပြီး စာအုပ်ကိုထောက်ပြရင်း ရေသဖန်းဘုရားသုံးဆူကို ညွှန်ပြပြီး ပြောဆိုနေကြတယ်။ စာရေးသူက မသိမသာအကဲခတ်နေတယ်။ လေး၊ ငါး မိနစ်လောက် ပြောဆိုကြပြီး မြောက်ဘက်ဆုံးက အဓိကရေသဖန်းဘုရားထဲကို ဝင်ရောက်မဖူးဘဲ အပြင်မှမြေပြင်ပေါ် ဒူးထောက်ပြီး အားလုံးဖူးမြော်ကြတယ်။ နောက်ဆုံး ရေသဖန်းဘုရားတန်း သုံးဆူမှ တောင်ဘက်အစွန်ဆုံး ဉာဏ်တော်အတန်ငယ်သေးတဲ့ အုတ်လှေကားမပါ မြေစိုက်စေတီထဲဝင်ပြီး ပါလာတဲ့ထိုင်းပန်းခွေနဲ့ ရှိရှိသေသေကပ်လှူပြီး ရိုရိုသေသေကန်တော့ကြရင်း ဆုတောင်းကြတယ်။

တောင်ဘက်အစွန်ဆုံး ဉာဏ်တော်အငယ်ဆုံး စေတီလေးက ထိုင်းရိုးရာယုံကြည်မှုအရ ပြည်သူတွေ ဖူးခွင့်ရှိတဲ့စေတီဖြစ်ပြီး အလယ်က စေတီခုံအမြင့်ပေါ်ရှိစေတီလတ်က အုတ်လှေကားလေးနဲ့တက်ရပြီး ယိုးဒယားခေလေ့အရ ထိုင်းဘုရင်ရဲ့ မိဖုရားတွေ၊ မှူးမတ်တွေ ကန်တော့ကြတဲ့စေတီဖြစ်တယ်။ အဓိက မြောက်အစွန်ဆုံးက ရေသဖန်းမြတ်စွာဘုရားရှိရာ စေတီကတော့ ယိုးဒယားဘုရင်တွေသာ ဖူးမြော်ကန်တော့ရတယ်။ သူတို့အယူအဆက အကြီးအကဲဘုရင်သာ ဖူးခွင့်ရှိတဲ့ ရေသဖန်းမြတ်စွာဘုရားပေါ် လုံးဝမတက်ဘဲ အရပ်သားတွေ ဖူးကန်တော့ရတဲ့ တောင်ဘက်အစွန်ဆုံး ဉာဏ်တော်အနိမ့်စေတီထဲသာ ဝင်ကန်တော့ပူဇော်ကြတယ်။

အဲဒီနောက်ထိုင်း Guide တစ်ယောက်က စာရေးသူကို အင်္ဂလိပ်စကားမတတ်တတတ်နဲ့ ဘုရင့်နောင်တည်ထားခဲ့တဲ့ စေတီပျက်ကုန်းနဲ့ နန်းတွင်းက အစိုးရအရာရှိတွေသာ ခိုးလေ့ရှိတဲ့ သူခိုးကြီးငတက်ပြား ဂူဘုရားကိုမေးတယ်။ စကားကမပီ Thief Thet Payer တဲ့ အသံထွက်မှားနေတယ်။ စာရေးသူက စေတီဘက်တက်တဲ့လှေကားကို အင်္ဂလိပ်လိုပဲ ညွှန်ပြပြီး ခွဲခြားပြသလိုက်တယ်။ အင်္ဂလိပ်စကားကို ကျွမ်းကျင်စွာမပြောတတ်တဲ့ ထိုင်းအမျိုးသားက နားမလည်ဘဲ ပြန်ပြန်မေးတော့ သူတို့ထဲက ခေါင်းဆောင်ဖြစ်ဟန်တူသူ ထိုင်းပျိုဖြူ အကြီးက စာရေးသူဆီကပ်လာပြီး သေသပ်ကျွမ်းကျင်တဲ့ အင်္ဂလိပ်စကားနဲ့ မေးမြန်းပါတယ်။

သူမေးသမျှ ရေသဖန်းမြတ်စွာဘုရားကအစ စေတီကိုပြုပြင်ထားတာ၊ သူခိုးငတက်ပြားဘုရားက အင်းဝပထမခေတ် သတိုးမင်းဖျားလက်ထက် အေဒီ-၁၃၆၄ ကျော်က တည်ထားတာ၊ ကြီးမားတဲ့စေတီပျက်ကုန်းကြီးက အေဒီ-၁၅၅၀ ကျော်မှာ ဘုရင့်နောင်တည်ခဲ့တာ၊ အေဒီ-၁၇၆၇ မှာ ဆင်ဖြူရှင်မင်း ယိုးဒယားကို စစ်သွားတိုက်တော့ ဖမ်းခေါ်လာတဲ့ ယိုးဒယားသံ့ပန်းဘုရင် ရဟန်းဝတ်သွားတဲ့ ကျောက်ဘွားမဒူးဝါးခေါ် ရေသဖန်းမင်းသားခေါ် ဥတမ်ပုံ ရဟန်းသီတင်းသုံးတဲ့ကျောင်းဝိုင်းကို ဆင်ဖြူရှင်မင်းက လှူဒါန်းခဲ့တယ်။ ဘွဲ့အမည်ကတော့ အရှင်ဉဒုမ္ဗရ မထေရ်ပါ။ ရေသဖန်းဘုရားသုံးဆူနဲ့ ဒူးတုပ်ဝပ်နေတဲ့ ဆင်ဖြူရုပ်ကို ရဟန်းဝတ် ကျောက်ဘွားမဒူးဝါးတည်ခဲ့တာလို့ ပြောပြလိုက်ပါတယ်။

နောက် အဲဒီထိုင်းအမျိုးသမီးက ယိုးဒယားသံ့ပန်းတွေ ဘယ်နေရာမှာထားလဲမေးတော့ အင်းဝမှာရှိတဲ့ ယိုးဒယားရပ်၊ ယိုးဒယားစု၊ ယိုးဒယားလမ်း၊ ယိုးဒယားဈေးတွေရှိမဲ့နေရာတွေ ပြောပြပြီးနောက် ဗဒုံမင်းလက်ထက် အမရပူရမင်းနေပြည်တော်ကို ပြောင်းတော့ ယိုးဒယားဘုရင်ကျောက်ဘွားမဒူးဝါးကို အမရပူရမြို့ အနောက်တောင်ထောင့် ကျုံးအနီးက ပက်ပါကျောင်းတိုက်မှာ ထားခဲ့ပါတယ်။ အေဒီ-၁၇၉၆ မှာ ယိုးဒယားဘုရင်ဟာ ရဟန်းဝတ်နဲ့ ပျံလွန်သွားပါတယ်။ တောင်သမန်တံတား အနောက်ထိပ် တောင်သမန်ဘုရား တောင်ဘက်လမ်းကနေ သွားရတဲ့ အမရပူရမြို့ စည်ပင်အမှိုက်ပုံဝင်းဘေးက လင်းဇင်းကုန်း သုသာန်မှာမြှုပ်ခဲ့ပါတယ်။ အင်းဝသား ဦးအုန်းကြည်က သူ့အဖေရဲ့အမရပူရကမိတ်ဆွေကြီး ပြောကြားချက်တွေနဲ့ အားလုံးတိုက်ဆိုင်နေတော့ မှန်ကန်ကြောင်းလဲ အထောက်အထားသိသမျှ အဲဒီအမျိုးသမီးကို ပြောပြလိုက်ပါတယ်။

အဲဒီအရိုးအိုးစေတီပုံစံက မြန်မာစေတီပုံစံတွေနဲ့ မတူပါဘူး။ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားတွေမှာ တွေ့ရတတ်တဲ့ ကြာဖူးပုံဏှာန်စေတီတွေနဲ့တူပါတယ်။ အဲဒီအရိုးအိုးစေတီထဲက ၂၀၁၃ ခုနှစ်မှာ တူးဖော်ရေးအဖွဲ့က အစိမ်းရောင်စဥ့်သုတ်ပြီး မှန်စီရွှေချထားတဲ့ ပြာအိုးထဲမှာ ဦးခေါင်းခွံ၊ လက်ဖျံရိုးနဲ့ ဆွေးမြည့်နေပြီဖြစ်တဲ့ သင်္ကန်းအပိုင်းအစတွေ၊ ခါးပန်းကြိုးတွေပါ တွေ့ရတယ်လို့ ပြောပြလိုက်ပါတယ်။ ထိုင်းပျိုဖြူက စစ်ကိုင်းနဲ့မန္တလေးမှာ ယိုးဒယားသံ့ပန်းတွေထားတဲ့ နေရာကိုလဲ မေးပါတယ်။ မန္တလေးမြို့ရှိ ရွှေတချောင်းမြောင်းဘေး မင်းသားစုရပ်ကွက်က ယိုးဒယားသံ့ပန်းတွေ အများကြီးနေခဲ့တဲ့နေရာပါ။ အဲဒီနေရာတွေမှာ သဲပုံစေတီပြုလုပ်ပြီး ကိုးကွယ်လေ့ရှိပါတယ်။ ဒါ့ပြင် အခုရောက်နေတဲ့ အင်းဝမှာရှိတဲ့ ရှမ်းဈေးရပ်ကွက်က ရာမနတ်စင်ရှိတဲ့အကြောင်း၊ စစ်ကိုင်းမြို့လယ်က ယိုးဒယားသံ့ပန်းတွေထားတဲ့ လင်းဇင်းရပ်ကွက်နေရာတွေကိုပါ ပြောပြလိုက်ပါတယ်။ သူက စာရေးသူပြောတာတွေ အားလုံးမှတ်ထားပြီး သွားမယ်တဲ့။

ထိုင်းပျိုဖြူဟာ အင်္ဂလိပ်စကားကို အထက်တန်းကျကျ ကျွမ်းကျွမ်းကျင်ကျင်ပြောနိုင်လို့ စကားပြောရတာ အဆင်ပြေပါတယ်။ အင်းဝမှာတော့ ယိုးဒယားသံ့ပန်း တော်ဝင်မျိုးနွယ် အမျိုးသမီးတွေကို စည်တိုပုံ အင်းဝနန်းတော်ထဲနေစေခဲ့ပြီး အရာရှိကြီးတွေကို နန်းမြို့ရိုးအတွင်း နေစေခဲ့ပါတယ်။ လက်မှုပညာသည်တွေကို မြို့ပြင်ပမှာနေစေခဲ့ပါတယ်။ အင်းဝမြောက်ဘက် မန္တလေးမြို့ရှိ ရွှေတချောင်းမြောင်းနားမှာ ယိုးဒယားသံ့ပန်းတွေ အဓိကထားခဲ့တာ ပြောပြပါတယ်။ သူဟာ တအားစိတ်ဝင်စားနေတယ်။

နောက်ပြီး စာရေးသူ ဟားခါးမြို့မှာ အစိုးရဆေးရုံတာဝန်ကျတော့ အလုပ်တာဝန်နဲ့ ကလေးဝကနေ မော်တော်စီးပြီး မောက်ကတော်ရွာကြီးမှာ ညအိပ်ခဲ့ပါတယ်။ အဲဒါနဲ့ ချင်းတွင်းအရှေ့က ယိုးဒယားအနွယ်တွေရှိခဲ့တဲ့ ပန်းဆက်ရွာနဲ့ ပူတက်ရွာအကြောင်းကို အဲဒီရွာက ဒေသခံမော်တော်ဆလင်ကပြောပြပါတယ်။ သူတို့က ပြနရစ်နတ်ကိုးကွယ်ပါတယ်။ အမှန်တော့ ပြနရစ်ဟာ ယိုးဒယားဘုရင်ပါ။ နောက်ပြီး စာရေးသူ ကလေးဘဝက အမေနဲ့အတူ ရွှေတချောင်းဘေးက ယိုးဒယားအနွယ်တော်လို့ ပြောတဲ့ အမေ့မိတ်ဆွေမိန်းမကြီးက သူ့ကလေးဝက်သက်ပေါက်တာကို ဆန်ကောထဲ သဲပုံထည့်၊ သဲပုံစေတီပြု၊ ကြက်လျှာလေးတွေထိုးစိုက်ပြီး ပူဇော်တာ စာရေးသူ တွေ့ခဲ့ဖူးပါတယ်။ ဒါတွေပါပြောပြတော့ ထိုင်းပျိုဖြူဟာ အလွန်စိတ်ဝင်စားပြီး အခြားယိုးဒယားတွေနဲ့ဆိုင်တဲ့သမိုင်းတွေပါ မေးပါတယ်။ ရှင်းပြတော့ အတော်စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ ဝါးရင်းတုတ်ကိုင်ပြီး ယိုးဒယားကိုတိုက်ခဲ့တဲ့ အလောင်းမင်းတရားအပေါ် မကြည်မလင်ဖြစ်နေမှုကို အထင်းသား မြင်တွေ့လိုက်ရပါတယ်။

❖ တောင်ဘက်အစွန်ဆုံး ဉာဏ်တော်အငယ်ဆုံးစေတီလေးက ထိုင်းရိုးရာယုံကြည်မှုအရ ပြည်သူတွေဖူးခွင့်ရှိတဲ့စေတီဖြစ်ပြီး အလယ်က စေတီခုံအမြင့်ပေါ်ရှိ စေတီလတ်က အုတ်လှေကားလေးနဲ့တက်ရပြီး ယိုးဒယားခေလေ့အရ ထိုင်းဘုရင်ရဲ့မိဖုရားတွေ၊ မှူးမတ်တွေ ကန်တော့ကြတဲ့စေတီဖြစ်တယ်။ အဓိက မြောက်အစွန်ဆုံးက ရေသဖန်းမြတ်စွာဘုရားရှိရာစေတီကတော့ ယိုးဒယားဘုရင်တွေသာ ဖူးမြော်ကန်တော့ရတယ်။ သူတို့အယူအဆက အကြီးအကဲဘုရင်သာ ဖူးခွင့်ရှိတဲ့ ရေသဖန်းမြတ်စွာဘုရားပေါ် လုံးဝမတက်ဘဲ အရပ်သားတွေ ဖူးကန်တော့ရတဲ့ တောင်ဘက်အစွန်ဆုံး ဉာဏ်တော်အနိမ့်စေတီထဲသာ ဝင်ကန်တော့ပူဇော်ကြတယ်။ ❖

**ကိုးကား**
- **တံတားဦးရေသဖန်းစာသင်တိုက်မှ အရှင်အရိယဝံသ၏ ပြောကြားချက်။**
- **ကိုယ်တိုင်ကွင်းဆင်းလေ့လာမှုအကြိမ်ကြိမ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၅-၆-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၀၀၇။ | ကွယ်လွန်သူမိဘများဖြစ်သော ဖခင်ဗိုလ်မှူးကြီးမြင့်အောင်နှင့် မိခင်ဒေါ်တင်တင်ရွှေတို့အားရည်စူး၍ ဦးမျိုးမြင့်အောင်နှင့်ဇနီး ဒေါ်မော်မော်အောင်၊ (သား)မောင်ရှိန်းဘိုမိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၉၀၀၈။ | အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏိက နှင့်တပည့်ဒကာများကောင်းမှု | ၃၀၀၀၀၀၀ |
| ၉၀၀၉။ | ဦးမြင့်နိုင်နှင့်ဇနီး ဒေါ်စန်းရီမြင့် (သမီး)ကောင်းမွန်မြင့်၊ မြတ်နိုးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၀၁၀။ | ဗိုလ်ချုပ်စောသန်းလှိုင်နှင့်ဇနီး ဒေါ်နှင်းချမ်းမြေ့သူ၊ (သား)မောင်ကောင်းခန့်ကျော်၊ မောင်မင်းပြည့် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၀၁၁။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်သောင်းစိန်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၀၁၂။ | ဒေါ်နန်းရွှေအောင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၀၁၃။ | ဦးကြည်စောနှင့်ဇနီး ဒေါ်ဖီဖီမောင်ထွေး၊ (သား)မောင်အောင်ကောင်းခန့်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၉၀၁၄။ | ဦးဝင်းမြတ်နှင့်ဇနီး ဒေါ်ငွေးငွေးမော်၊ (သား) မောင်မြတ်သီဟကောင်း၊ မောင်မြတ်သူရကောင်း၊ မောင်မြတ်တေဇကောင်းမိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၉၀၁၅။ | ဦးတင်လှိုင်နှင့်ဇနီး ဒေါ်ကြည်ရွှေမိသားစုကောင်းမှု | ၁၁၁၁၁၁ |
| ၉၀၁၆။ | ပျွေးဆန်းဆရာတော်နှင့် တပည့်သာဝကများကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၁၇။ | သဒ္ဓမ္မပါလဆရာတော်ကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၁၈။ | ပညာဘူမိကျောင်းတိုက်ဆရာတော်ဦးဝရသာမိကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၁၉။ | ဦးကျော်စိုးမင်းနှင့်ဇနီး ဒေါ်မီမီမာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၀။ | ကိုသူရိန်ထက်နှင့်ဇနီး မဝင်းစန္ဒာခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၁။ | ဦးသိန်းလင်းနှင့်ဇနီး ဒေါ်ဥမ္မာလွင်၊ (သမီး)မစန္ဒာလပြည့်ဝန်း၊ မသီတာအေးချမ်းမြေ့၊ (သား)မောင်သူရိန်နေမင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၂။ | ကွယ်လွန်သူဖခင်ဦးမြင့်ကြည်နှင့် အစ်ကိုမောင်ကျော်စွာတို့အားရည်စူး၍ ဒေါ်သောင်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၃။ | ဦးအောင်မိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၄။ | ကွယ်လွန်သူဦးဘမြင့်နှင့် ဗိုလ်မှူးဇော်နိုင်မြင့်တို့အား ရည်စူး၍ ဒေါ်ချစ်ပိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၅။ | ကွယ်လွန်သူဖခင်ကြီးဦးမောင်ငွေးအားရည်စူး၍ ဦးထွန်းထွန်းနှင့်ဇနီး ဒေါ်တင်တင်မြတ်၊ (သမီး)မသန္တာလင်းလဲ့ထွန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၆။ | ကိုအောင်ကျော်မြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၇။ | ဦးသိန်းဆောင်နှင့်ဇနီး ဒေါ်သိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၈။ | ဦးစန်းငွေးနှင့်ဇနီး ဒေါ်မာမာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၂၉။ | ဦးရဲခေါင်နှင့်ဇနီး ဒေါ်ခိုင်မေဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၀။ | ကိုအောင်ကျော်နှင့်ဇနီး မစန်းစန်းကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၁။ | ဦးဖုန်းအောင်လင်းနှင့်ဇနီး ဒေါ်သဲသဲမွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၂။ | ဦးကျော်သူနှင့်ဇနီး ဒေါ်ပြည့်ဖြိုးဝင်း၊ (သမီး)မယွန်းတွယ်တာကျော်၊ (သား)မောင်ဉာဏ်သုတကျော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၃။ | ဒေါက်တာခင်စန်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၄။ | ဦးလှမျိုးနှင့်ဇနီး ဒေါ်ခင်စိုးတင်၊ (သား)မောင်သီဟမျိုး၊ (သမီး)မအိအိမျိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၅။ | ဒေါ်မြသန်းနှင့် လေးမြင့်ကျော်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၆။ | ကွယ်လွန်သူဦးသာရင်နှင့်ဇနီး ဒေါ်ဝဲစိန်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၇။ | ဦးကျော်လွင်နှင့်ဇနီး ဒေါ်စမ်းစမ်းအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၈။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးမြတ်သိန်း နှင့်ဇနီး ဒေါ်နှင်းပုံပုံ၊ (သားကြီး)မောင်ရှိန်းမြတ်၊ (သားငယ်)မောင်သော်ထက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၃၉။ | ဦးအောင်မျိုးဟိန်းနှင့်ဇနီး ဒေါ်ဆုမြတ်စန္ဒီ၊ (သမီး)မဟိန်းထက်ရွှေဘုံစံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၄၀။ | ဒေါ်ပိုပိုကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၀၄၁။ | ကိုဇော်မင်းနိုင်နှင့်ဇနီး မအေးအေးသွယ်၊ (သမီး)မနွေးထက်သဇင်မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၉၀၄၂။ | မြိတ်သင်တန်းစခန်းမှသင်တန်းသားများကောင်းမှု | ၇၀၀၀၀ |
| ၉၀၄၃။ | ချောင်းဒေါင်စာသင်တိုက်ဆရာတော်ဦးသူရိယကောင်းမှု | ၅၀၀၀၀ |
| ၉၀၄၄။ | ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်ဦးနှင့်ဇနီး ဒေါ်မြင့်ဖြူဖြူစန်း၊ (သား)မောင်ဇေလင်းထွဋ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၄၅။ | ဦးနိုင်ဝင်းနှင့်ဇနီး ဒေါ်အိသက်ဖြိုး၊ (သမီး)မအိသဒ္ဒါနိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၄၆။ | ကွယ်လွန်သူဦးတင်မြင့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၄၇။ | ဦးမိုးနိုင်နှင့်ဇနီး ဒေါ်ခင်မော်မော်ထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၄၈။ | ဦးညွန့်ဝင်းနှင့်ဇနီး ဒေါ်မိုးစီ၊ (သမီး)မမြတ်မွန်ချို၊ (သား)မောင်ဝေလျှံပြည့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၄၉။ | ကွယ်လွန်သူဦးသန်းအောင်အားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၀။ | ဦးကျော်မျိုးထွေးနှင့်ဇနီး ဒေါ်နီလာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၁။ | ဦးမျိုးသက်မောင်နှင့်ဇနီး ဒေါ်ဇင်မာမျိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၂။ | မအိမ့်မှူးခင် ၁၁ နှစ်ပြည့်မွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၃။ | နှစ်ဖက်မိဘများအားအမှူးထား၍ ကိုဆန်းလင်းထွန်းနှင့်ဇနီး မစန္ဒာလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၄။ | ဦးရဲလင်းဟန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၅။ | ဒေါ်နှင်းနှင်းဝေ၊ (သား)မောင်ဖြိုးသူထွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၆။ | ဦးစိုးလင်းနှင့်ဇနီး ဒေါ်ခိုင်မေလတ်၊ (သမီး)မအိမ့်မြတ်နိုးဦး၊ (သား)မောင်အာကာလင်းမြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၇။ | ဦးချစ်သဲအောင်နှင့်ဇနီး ဒေါ်ခင်သီတာစိုး၊ (သမီး)မခင်အေးချမ်းစံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၈။ | ဦးမိုးကျော်နှင့်ဇနီး ဒေါ်ဆွေဆွေဟန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၅၉။ | ဦးဆည်အောင်နှင့် ဇနီးဒေါ်ခင်စိုး၊ (သမီး)မဇင်မာဦး၊ (သား)မောင်နေလင်းဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၆၀။ | ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၆၁။ | ဦးနိုင်နိုင်ထွန်းနှင့်ဇနီး ဒေါ်လဲ့လဲ့သင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၆၂။ | ဦးတင့်အောင်နှင့်ဇနီး ဒေါ်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၆၃။ | ဦးသန်းချစ်နှင့်ဇနီး ဒေါ်နှင်းငွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၀၆၄။ | ဦးစည်သူရန်နှင့်ဇနီး ဒေါ်ထားထားထိုက်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** **၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၀၆**

**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျှော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ

## သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အထောက်အကူပြုပုံမှန်သင်တန်းများကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁)ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ အောက်ပါသင်တန်းများသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | သင်တန်းအမည် | လက်ခံမည့်ဦးရေ |
|---|---|---|
| (က) | ရိုးရာလွန်းရာကျအချိတ် (၆)လသင်တန်း | ၅ ဦး |
| (ခ) | လက်ရက်ကန်း (၆)လသင်တန်း | ၁၀ ဦး |

၂။ သင်တန်းဝင် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

(၁) သင်တန်းများအတွက် အခြေခံပညာမူလတန်းအောင်မြင်ပြီး (၁၆)နှစ်မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။

(၂) အမှတ်စဉ်(က)သင်တန်းအတွက် အမျိုးသမီးများကို ဦးစားပေးမည်။

၃။ အောက်ပါလိပ်စာတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်-

ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ (အမရပူရမြို့)

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၂-၄၀၅၉၉၆၄၊ ၀၉-၄၀၇၀၄၂၈၊ ၀၉-၄၂၈၃၂၀၃၅၊ ၀၉-၄၀၂၅၇၃၉၁၈၊ ၀၉-၄၂၀၇၁၂၈၃၁(သင်တန်းရေးရာ)

E-mail - mmsaunder@gmail.com

၄။ သင်တန်းတိုင်းအတွက် ရေ၊ မီး အပြည့်အစုံ အဆောင် (အခမဲ့) နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး ပညာသင်ထောက်ပံ့ကြေး တစ်ဦးလျှင် တစ်လ ၃၀၀၀၀/- ချီးမြှင့်ပါမည်။

၅။ ရက်ကန်းပညာရပ်ကို အမှန်တကယ်စိတ်ဝင်စားပြီး သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများအား အသက်ကန့်သတ်ချက် လျှော့ပေါ့၍ လက်ခံသွားမည်ဖြစ်ပါသည်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ချမ်းမြသာစည်တောင်၊ အကွက်(၈၅၂)နေ ဦးကျော်မင်း (ခ) ဦးကိုလေး - ဒေါ်ခိုင်ခိုင် တို့၏သား **မောင်သူရအောင် (၉/ခမစ(နိုင်)၁၀၄၀၉၉)** သည် မိဘတို့၏ဆိုဆုံးမမှုကို နားမထောင်ဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးကျော်မင်း(ခ)ဦးကိုလေး(၉/မရတ(နိုင်)၀၈၀၈၄၆)**

**ဒေါ်ခိုင်ခိုင်(၉/မရတ(နိုင်)၀၈၀၈၄၅)**

## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်နေ မောင်ကျော်ဦး (ဘ) ဦးကျော်ငွေး (၉/အမဇ(နိုင်) ၀၅၉၉၇၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-121387) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၉၇၇၆၅၉၃၉၁**

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်နေ မောင်နေမျိုးလွင် (ဘ) ဦးသိန်းလွင် (၉/ခအဇ(နိုင်) ၀၄၄၈၂၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-929185) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၀၂၆၀၁၂၉၂**

## အမည်ပြောင်း

ကျောက်ဆည်မြို့နယ်၊ အမက(၆)ကျောင်း Grade-5 တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးသိန်းနိုင် ၏ သားဖြစ်သူ မောင်ကျော်ဇင်လင်း ၏ အမည်အား မောင်ရွှေဘုန်းမြင့်ထက် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ရွှေဘုန်းမြင့်ထက်**

## အိတ်ဖွင့်လေလံကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ဈေးများရှိ အောက်ဖော်ပြပါနေရာလွတ်များအား ငှားရမ်းခြင်း၊ လူနေဆိုင်ခန်းနှင့် အတည်ဆိုင်ခန်းများအား ရောင်းချခြင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ဈေးချိုတောင်ဘက်တိုက်တန်း ဒုတိယထပ်၊ တတိယထပ်နှင့် ခေါင်မိုးထပ်ဧရိယာ ၅၉၃၉၀. ၆၇ စတုရန်းပေ (ဈေးချိုဟိုတယ်နေရာ)

(ခ) ဈေးချိုမြောက်ဘက်တိုက်တန်း ခေါင်မိုးထပ်(မြောက်ဘက်ခြမ်း) ဧရိယာ ၁၄၉၆၁. ၇၈ စတုရန်းပေ

(ဂ) မန်းမြန်မာပလာဇာ ဒုတိယထပ် ဧရိယာ ၁၄၃၉၂. ၇၅ စတုရန်းပေ

(ဃ) ရတနာပုံဈေး ပဉ္စမထပ် ဧရိယာ ၄၇၈၀၃. ၈ စတုရန်းပေ

(င) နန်းရှေ့ဈေး ဒုတိယထပ် အနောက်ဘက်ခြမ်း ဧရိယာ ၈၈၉၂ စတုရန်းပေ

(စ) မန်းမြို့ဈေး ပထမထပ်ခန်းမနေရာ ဧရိယာ ၆၃၀၀ စတုရန်းပေ

(ဆ) စက်မှု-၂ဈေး ပတ္တမြားဆောင် အကျယ်အဝန်း (၁၅×၄၀)ပေရှိ RC(၂)ထပ် လူနေဆိုင်ခန်း အမှတ်(၄၊၁၄)

(ဇ) စက်မှု-၂ဈေး (၈×၁၀)ပေအကျယ် အတည်ဆိုင်ခန်းများ

(A)ရုံ၊ ဆိုင်အမှတ် (၂၊ ၃၊ ၄၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၃၊ ၁၄၊ ၁၅)

(C)ရုံ၊ ဆိုင်အမှတ် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂)

(D)ရုံ၊ ဆိုင်အမှတ် (၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄)

(ဈ) မြရည်နန္ဒာဈေး (၈×၁၀)ပေအကျယ်အတည်ဆိုင်ခန်းများ

(E)ရုံ၊ ဆိုင်အမှတ် (၄၂၊ ၅၄၊ ၈၆၊ ၉၂၊ ၉၄)

၂။ အမှတ်စဉ်(က)မှ (စ)အထိ နေရာလွတ်များအား တစ်နှစ်လျှင်တစ်ကြိမ် စာချုပ်ချုပ်ဆိုငှားရမ်းမည်ဖြစ်ပါသည်။ အမှတ်စဉ်(ဆ)ပါ လူနေဆိုင်ခန်း(၂)ခန်းနှင့် အမှတ်စဉ်(ဇ)နှင့်(ဈ)ပါ အတည်ဆိုင်ခန်း (၆၉)ခန်းတို့ကို ရောင်းချသွားမည်ဖြစ်ပါသည်။

၃။ အဆိုပါနေရာလွတ်များအား ငှားရမ်းခြင်းနှင့် လူနေဆိုင်ခန်း/အတည်ဆိုင်ခန်းများအား ရောင်းချခြင်းတို့အတွက် အိတ်ဖွင့်လေလံစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နေရာလွတ်များအား ငှားရမ်းလိုပါကလည်းကောင်း၊ လူနေဆိုင်ခန်းနှင့် အတည်ဆိုင်ခန်းများကို ဝယ်ယူလိုပါကလည်းကောင်း လေလံလျှောက်လွှာများအား တစ်စောင်လျှင် ငွေကျပ် ၁၀,၀၀၀/-နှုန်းဖြင့် (၁၀-၆-၂၀၂၄)ရက်နေ့မှ (၂၁-၆-၂၀၂၄)ရက်နေ့အထိ နံနက် (၁၀း၀၀)နာရီမှ ညနေ (၃း၀၀)နာရီအတွင်း ဈေးနှင့်သားသတ်ဌာနတွင် ရောင်းချမည်ဖြစ်ပါသည်။

၄။ လေလံလျှောက်လွှာများကို (၅-၇-၂၀၂၄)ရက်နေ့ ညနေ(၃း၀၀)နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ သိရှိလိုသည်များရှိပါက ၃၁လမ်း၊ (၇၂×၇၃)လမ်းကြားရှိ ဈေးနှင့်သားသတ်ဌာန၊ ဌာနမှူးရုံးခန်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ၀၉-၄၃၁၀၁၈၇၅၊ ၀၉-၄၄၄၀၃၅၆၂၇ နှင့် ၀၉-၆၈၈၈၉၅၂၁၇ သို့ ဖုန်းဖြင့်သော်လည်းကောင်း စုံစမ်းမေးမြန်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးနှင့်သားသတ်ဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၅၃၆၈၃ ဧက ရိတ်သိမ်းပြီးစီး



**မြောင်းမြ ဇွန် ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲ ၅၃၆၈၃ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ရာသီ၌ မတ်ပဲ ၅၃၆၈၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သောမတ်ပဲစိုက်ခင်းများကို ပြီးခဲ့သောမတ်လ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် မတ်ပဲ ၅၃၆၈၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းပြီးဖြစ်သော မတ်ပဲတစ်ဧကလျှင် ၂၁ ဒသမ ၄၂ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"မြောင်းမြခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက မတ်ပဲ ဧက ၅၃၀၀၀ ကျော်စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ရိတ်သိမ်းခဲ့တဲ့မတ်ပဲတွေကို အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူတွေကို လိုအပ်တဲ့သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးနည်းပညာတွေကို ပံ့ပိုးခဲ့ပါတယ်။ လက်ရှိမှာ မတ်ပဲတွေ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးရာသီက မတ်ပဲစိုက်ပျိုးတောင်သူတွေကိုဓာတ်မြေဩဇာတွေ စနစ်တကျအသုံးပြုစေဖို့၊ အကုန်အကျသက်သာစေဖို့အတွက် ဓာတ်မြေဩဇာအစားထိုး မြေဩဇာတွေ ပြုလုပ်အသုံးပြုစေဖို့ နည်းပညာပေးလုပ်ငန်းတွေကိုလဲ စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းတွေက ပို့ချပေးခဲ့ပါတယ်" မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက မတ်ပဲကို မြောင်းမြမြို့နယ်တွင် ၅၇၅၄ ဧက၊ အိမ်မဲမြို့နယ်တွင် ၂၈၉၅၃ ဧက၊ ဝါးခယ်မမြို့နယ်တွင် ၁၈၉၇၆ ဧက စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးနိုင်ခဲ့သော မတ်ပဲသီးနှံများကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဆက်စပ်သောဌာနများ ပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းလားမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းလား ဇွန် ၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန်ရည်ရွယ်၍ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇွန် ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးသက်ညီညီနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဝမ်ကန်ကျေးရွာနှင့် ကော်နဝါးကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခေတ္တခရိုင်ဦးစီးမှူးက စီမံကိန်း ရေရှည် တည်တံ့ခိုင်မြဲစေရေး အတွက် အားလုံးဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၂၂ ဦးကို ရန်ပုံငွေကျပ် ၂၄၄ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ချိုသန်းညွန့်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။









## အသိပေးနှိုးဆော်ခြင်း

ဘဝနတ်လမ်း ကြွလှမ်းတော်မူသော ဇန်းမော်ကျောင်းတိုက် နဝမ ဇန်းမော်ဆရာတော်ဘုရားကြီး၏ လွန်တော်မူသည့် (၁)နှစ်ပြည့်အချိန်တွင် တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများပါဝင်လျက် ကုသိုလ်ပြုအမှုဝေပွဲကို ၁၃၈၆-ခု၊ နယုန်လဆန်း(၇)ရက်၊ (၁၃-၆-၂၀၂၄)၊ ကြာသပတေးနေ့ နံနက် ၉နာရီခွဲတွင် မဟာအောင်မြေမြို့နယ် ဇန်းမော်ကျောင်းတိုက် အေးကမ္ဘာဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်းကို အသိပေးကြေညာအပ်ပါသည်။

**တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ**

## မိဘအမည်မှန်

မတ္တရာမြို့၊ အထက Grade-4 တွင် ပညာသင်ကြားနေသော မောင်ခန့်တည်ငြိမ်မောင်၏ မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမောင်-ဒေါ်ရီရီချိုဌေး ဖြစ်ပါကြောင်း။

**ဦးမောင်**
**(၉/မတရ(နိုင်)၀၉၈၈၅၃)**
**ဒေါ်ရီရီချိုဌေး**
**(၉/မတရ(နိုင်)၀၉၉၆၃၆)**

## ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နေ မောင်နိုင်ထက်အောင် (ခ)အောင်ဖြိုး (၁၄/ပသန(ဧည့်)၀၀၁၂၂၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၂၄၇၉၇၉၉

## အသိပေးကြေညာခြင်း

၂၈-၅-၂၀၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ ၁/၂၀၂၄ ကြိမ်မြောက် လုပ်ငန်းအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ချေးငွေပေးဆပ်ရန် ကျန်ရှိနေသော လုပ်ငန်းရှင်များအနေဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁ရက်နေ့ မတိုင်မီ အရင်း အပြေအကြေပေးဆပ်ရန်နှင့် ပြန်လည်ပေးဆပ်ရန်ပျက်ကွက်သော လုပ်ငန်းရှင်များအား နိုင်ငံပိုင်သတင်းစာများတွင်ထည့်သွင်းကြေညာခြင်း၊ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများမှ ခွင့်ပြုထုတ်ပေးထားသည့် လုပ်ငန်းလိုင်စင်များအား ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်း၊ အမည်ပျက်စာရင်း ထည့်သွင်းခြင်း စသည့် စီမံခန့်ခွဲမှုနည်းလမ်းအဆင့်ဆင့်ဖြင့် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရန်ပုံငွေမှ**
**ထုတ်ပေးထားသည့်ချေးငွေများ အကျိုးရှိစွာအသုံးချမှုအပေါ်**
**စိစစ်ကြပ်မတ်ရေးအဖွဲ့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းမြို့၊ ကျောက်ပန်းရွာနေ ဦးကံမြင့်-ဒေါ်ခင်ဌေး တို့၏သား **မောင်ရဲမြင့်ထွန်း (၅/စကန(နိုင်)၁၈၂၃၀၂)** သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိသားစုအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ကာ မိမိသဘောဆန္ဒအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးကံမြင့်(၅/စကန(နိုင်)၀၇၁၇၉၈)**

ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

## ဖခင်အမည်မှန်

မတ္တရာမြို့၊ အထက Grade-5 တွင် ပညာသင်ကြားနေသော မောင်သော်ဇင်ဖုန်းခန့်ကျော် ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်နိုင်ထွန်း ဖြစ်ပါကြောင်း။

**ဦးကျော်နိုင်ထွန်း(၉/မတရ(နိုင်)၀၉၉၆၅၈)**

ပလင်ငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၈)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ထုတ်လုပ်မှုများ တိုးတက်လာမည်ဆိုပါက ပြည်ပမှတင်သွင်းနေရမှုများကို များစွာလျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျလာမည်ဖြစ်...

❖ ထိုသို့ နိုင်ငံခြားငွေသုံးစွဲမှုများ လျော့ကျသွားမည်ဆိုပါက ပြည်တွင်းငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်ကာ နိုင်ငံ့စီးပွားမြင့်မားလာမည်ဖြစ်...

❖ ထိုသို့ နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာမည်ဆိုပါက ပြည်သူတစ်ဦးချင်း၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး(၂/၂၀၂၄) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## ပြည်သူများအနေဖြင့် အဖျက်သမားများ၏ လှုံ့ဆော်ရေးသားမှု၊ ပြောကြားမှုများကို စိုးရိမ်စရာမလိုဘဲ ဘဏ်များအပေါ် ယုံကြည်စိတ်ချစွာဖြင့် ဘဏ်ဝန်ဆောင်မှုများ ပုံမှန်ရယူသုံးစွဲနိုင်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ပြည်သူများ၏ အပ်နှံငွေများကို အပြည့်အဝအကာအကွယ်ပေးထား

### အသိပေးကြေညာချက်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်များအား ဘဏ်လုပ်ငန်းလိုင်စင်ထုတ်ပေးထားပြီး ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိ စောင့်ကြည့်ကြပ်မတ်ကွပ်ကဲလျက်ရှိပါသည်။ ဘဏ်များကလည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ လမ်းညွှန်ချက်နှင့်အညီ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများဖြစ်သော စုဆောင်းအပ်နှံငွေအမျိုးမျိုးလက်ခံပြီး နိုင်ငံတော်၏ စီးပွားရေးအတွက် အရေးကြီးကဏ္ဍများကို ချေးငွေအမျိုးမျိုးထုတ်ချေးခြင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းများဖြင့် ငွေကြေးဝန်ဆောင်မှုများဆောင်ရွက်ခြင်း၊ **စာမျက်နှာ ၁၈ ကော်လံ ၄☆**

## သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့်စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှု လမ်းကြောင်းတစ်လျှောက်နှင့် **စာမျက်နှာ ၂၁ ကော်လံ ၁**



၂၀၂၄ ခုနှစ် မေလအတွင်း ဖမ်းဆီးရမိမှု။

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို **စာမျက်နှာ ၂၁ ကော်လံ ၄❖**

မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။



